# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**လွတ်မြောက်အောင်အားထုတ်**

စိတ်ဟူသည် အဝေးသို့သွား၍ ကြံစည်တတ်သောကြောင့် ထိုစိတ်ကို အဝေးသို့မသွားအောင်ချုပ်တည်းထားအပ်၏။ ချုပ်တည်းနိုင်သူအား မာရ်၏အနှောင်အဖွဲ့မှ လွတ်မြောက်စေ၏။ ထို့ကြောင့် အဝေးသို့တိုင်ပြေးလွှားတတ်သော စိတ်ကိုထိန်း၍ ရာဂ၊ ဒေါသ စသည်တို့မှ လွတ်မြောက်အောင် အားထုတ်ရာ၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၇)


၁၃၇၈ ခုနှစ် ဝါဆိုလဆန်း ၈ ရက်၊ အင်္ဂါနေ့။ 12, Tuesday July 2016 (၈၆၂၀)


## အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်

# အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဖွဲ့စည်း

နေပြည်တော် ဇူလိုင် ၁၁

**နိုင်ငံတော်သမ္မတရုံး၏ ဇူလိုင် ၁၁ ရက်စွဲပါ အမိန့်အမှတ်၊ ၅၀/၂၀၁၆ ဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနကို ဖွဲ့စည်းလိုက်ကြောင်း သိရှိရသည်။ အဆိုပါအမိန့်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ်၊ ၅၀/၂၀၁၆**

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်

(၂၀၁၆ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်)

**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်စေရေးအတွက် လိုအပ်သောမူဝါဒများ ချမှတ်ပေးခြင်းနှင့် ဦးဆောင်လမ်းညွှန်မှုပေးခြင်းတို့ဆောင်ရွက်နိုင်ရန် **"အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (National Reconciliation and Peace Center-NRPC)"**ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| (ခ) | ဦးကျော်တင့်ဆွေ ပြည်ထောင်စုဝန်ကြီး နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ(၁) |
| (ဂ) | ဒေါက်တာတင်မျိုးဝင်း ဥက္ကဋ္ဌ၊ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံ အကြိုပြင်ဆင်ရေးကော်မတီ | ဒုတိယဥက္ကဋ္ဌ(၂) |
| (ဃ) | ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် ပြည်ထောင်စုဝန်ကြီး နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❒

# အမျိုးသမီးငယ်များ အရွယ်မတိုင်မီအိမ်ထောင်ပြုခြင်းမှ မလိုလားအပ်သည့်ဝေဒနာများခံစားရနိုင်ပြီး ငယ်စဉ်အခွင့်အရေးများ ဆုံးရှုံးစေနိုင်

# ကမ္ဘာပေါ်တွင် အမျိုးသမီးငယ်အရေအတွက်သည် သန်း ၆၈၀ ခန့်ရှိပြီး သန်း ၅၀၀ ကျော်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်

**နေပြည်တော် ဇူလိုင် ၁၁**

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၌ အသက်(၁၀)နှစ်မှ (၁၉)နှစ်အတွင်း အမျိုးသမီးငယ်စုစုပေါင်း ငါးသန်းခန့်ရှိနေကြောင်း၊ အဆိုပါအမျိုးသမီးငယ်များ၏အခက်အခဲနှင့် စိန်ခေါ်မှုများကို ကူညီဖြေရှင်းပေးခြင်းသည် မြန်မာနိုင်ငံအနာဂတ်အတွက် ကောင်းမွန်သည့် ရင်းနှီးမြှုပ်နှံမှုဟု ဆိုရမည်ဖြစ်ကြောင်း ဒုတိယသမ္မတ ဦးမြင့်ဆွေက ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည့် ၂၀၁၆ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားခဲ့သည်။

ထို့ပြင် ဒုတိယသမ္မတက ယနေ့ ဆယ်ကျော်သက်များကြုံတွေ့နေရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများသည် ကမ္ဘာကြီး၏အနာဂတ်ကို ခြိမ်းခြောက်နေကြောင်း၊ အထူးသဖြင့် ဆယ်ကျော်သက်အရွယ် အမျိုးသမီးငယ်များသည် သက်တူရွယ်တူ ယောကျ်ားလေးများထက်ပိုပြီး စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့နေကြရကြောင်း၊ နိုင်ငံအများစုတွင် အပျိုဖော်ဝင်စမိန်းကလေးများကို အိမ်ထောင်ပြုရန်၊ ကိုယ်ဝန်ဆောင်ရန်၊ ကလေးမွေးရန် အချိန်တန်ပြီဟု ၎င်းတို့၏ မိသားစုနှင့်ပတ်ဝန်းကျင်က ယူဆလေ့ရှိကြောင်း၊ ထို့ကြောင့် မိန်းကလေးငယ်များအတွက် မလိုလားအပ်သည့်ဝေဒနာကို ခံစားရနိုင်ပြီး ငယ်စဉ်ဘဝလွတ်လပ်သည့်အခွင့်အရေးများကို ဆုံးရှုံးစေနိုင်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆယ်ကျော်သက်အရွယ် အမျိုးသမီးငယ်များနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံရာတွင် ၎င်းတို့၏ပညာသင်ကြားခွင့်၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်မှု၊ ကျန်းမာရေးဝန်ဆောင်မှုနှင့် လူမှုဖူလုံရေးစောင့်ရှောက်မှုများ ပါဝင်ရန် လိုအပ်ကြောင်း၊ ယနေ့ ဆယ်ကျော်သက် အမျိုးသမီးငယ်များ ရင်းနှီးမြှုပ်နှံသင့်သည့်အကြောင်းနှစ်ရပ်ရှိကြောင်း၊ တစ်ချက်မှာ ဆယ်ကျော်သက်အရွယ် လူဦးရေအချိုးအစားဖြစ်ပြီး ဆယ်ကျော်သက်များကြုံတွေ့နေရသည့် အခက်အခဲများပင်ဖြစ်ကြောင်း၊ ယနေ့ ကမ္ဘာ့လူဦးရေ ၇ ဒသမ ၄ ဘီလီယံရှိသည့်အနက် ၁ ဒသမ ၂ ဘီလီယံမှာ **စာမျက်နှာ ၃ ကော်လံ ၃ သို့** ○



ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် စာအုပ်များကို ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ပြည်ထောင်စုဝန်ကြီးများ လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)




ကြေးမုံ

## မျိုးဆက်ပွားနှင့် လူဦးရေတိုးပွားခြင်းကိုအလေးထား

မိသားစုတွင်ဖြစ်စေ၊ နိုင်ငံတွင်ဖြစ်စေ လူဦးရေတိုးပွားလာသောအခါ အကျိုး၊ အပြစ်တို့ ရှိလာစမြဲဖြစ်သည်။ မိသားစုတစ်စုတွင် မွေးဖွားလာသော မိသားစုဝင်တို့၌ အချို့အကောင်းချည်းရှိ၍၊ အချို့အဆိုးချည်းလည်းရှိခဲ၏။ အချို့အကောင်း၊ အဆိုးဒွန်တွဲရှိတတ်၏။ မည်သို့ပင်ရှိစေ အိမ်ထောင်ဦးစီးက အကောင်းအဆိုး၊ အကြောင်းအကျိုး စနစ်တကျစီမံခန့်ခွဲခြင်းဖြင့် ကောင်းမွန်သောလူမှုဘဝကို တည်ဆောက်နိုင်ရန်ဖြစ်သည်။

ကမ္ဘာတွင် လူဦးရေတစ်နှစ်ထက်တစ်နှစ် တိုးပွားလာရာ မျက်မှောက်ကာလတွင် လူဦးရေ ၇ ဒသမ ၄ ဘီလီယံကျော်ရှိနေပြီဖြစ်သည်။ တိုးပွားလာသောလူဦးရေနှင့်အတူ စိန်ခေါ်မှုများစွာရှိလာသည်။ စားနပ်ရိက္ခာ၊ နေထိုင်မှု စသည့်လူမှုဘဝလိုအပ်ချက်များအပြင် ကိုယ်ကျင့်တရားဆိုင်ရာနှင့် မှုခင်းဆိုင်ရာများ တိုးပွားလာသဖြင့် လူဦးရေတိုးပွားခြင်းမှာ အကောင်းထက် အဆိုးပိုသည်ဟု ဆိုချင်သည်။

မြန်မာနိုင်ငံ၏ လူဦးရေကိုကြည့်လျှင် လွတ်လပ်ရေးမရမီ ရှေးဦးကာလက လူဦးရေ ၁၆ သန်းခန့်သာရှိခဲ့ပြီး လွတ်လပ်ရေးရပြီးနောက်တွင် လူဦးရေ သန်း ၃၀ ကျော်မှ သန်း ၄၀ ကျော်အထိရှိလာသည်။ ယခုအခါ သန်း ၅၀ ကျော်အထိရှိနေပြီဖြစ်သည်။ တိုးပွားလာသော မြန်မာနိုင်ငံ၏လူဦးရေနှင့် နိုင်ငံအကျယ်အဝန်း၊ စားနပ်ရိက္ခာ၊ နေထိုင်မှု၊ လူမှုဘဝလိုအပ်ချက်၊ အခက်အခဲပြဿနာတို့မှာ မများနိုင်လောက်ဟုထင်ရသော်လည်း လက်ရှိတွင်လိုအပ်ချက်များ များစွာရှိနေသေးသည်။

မြန်မာနိုင်ငံမှာ ဖွံ့ဖြိုးဆဲနိုင်ငံသာဖြစ်ပြီး ဆင်းရဲနွမ်းပါးမှုနှုန်းမြင့်မားနေဆဲဖြစ်သည်။ နိုင်ငံ၏လူဦးရေနှင့် နိုင်ငံရေး၊ စီးပွားရေးအခြေအနေများအရ နိုင်ငံတွင်းရှိ နိုင်ငံသားတိုင်း နိုင်ငံသားအခွင့်အရေး အပြည့်အဝရရှိရန် အလှမ်းဝေးနေသေးသည်။ လူဦးရေတိုးပွားခြင်းသည် ကမ္ဘာတွင် ဖြစ်စေ၊ မြန်မာတွင်ဖြစ်စေ စိန်ခေါ်မှုများနှင့် အခက်အခဲများကို ရှိစေသည်။ ထို့ကြောင့် အနာဂတ်ဖွံ့ဖြိုးရေးအစီအမံများ၊ မျိုးဆက်ပွားနှင့် လူဦးရေတိုးပွားနှုန်း ထိန်းညှိရေးအစီအမံများ၊ လူ့အခွင့်အရေးနှင့်ကာကွယ်မှု မြှင့်တင်ရေးလုပ်ငန်းများအား ပိုမိုအလေးထားလုပ်ကိုင်သွားကြရန် လိုအပ်လာသည်။

မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိသည့်အနက် လူငယ်လူရွယ်မှာ ၁၆ သန်းခန့်ရှိနေသည်။ ထိုလူငယ်များတွင် အမျိုးသမီးငယ်ရွယ်ဦးရေမှာ ပိုများသည်။ လက်ရှိတွင် သက်ကြီးရွယ်အိုနှင့် ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်မှုလိုအပ်နေသကဲ့သို့ ပို၍များလာသော အမျိုးသမီးငယ်ရွယ်များ စောင့်ရှောက်ရေးနှင့် အသိပညာပေးရေးတို့မှာ ပိုမိုလိုအပ်လာသည်။ မျိုးဆက်ပွားအသိပညာပေးမှု နည်းပါးနေသေးခြင်းကြောင့် အရွယ်မတိုင်မီ အိမ်ထောင်ပြုခြင်းသည် မျိုးဆက်ပွားကျန်းမာရေးကို ထိခိုက်ခြင်း၊ လူဦးရေတိုးပွားခြင်းကို ဖြစ်စေနိုင်သည်။ ထိုအခြေအနေများသည် ထိုလူငယ်လူရွယ်များအတွက်သာမက လူမှုအသိုင်းအဝိုင်းနှင့် နိုင်ငံအတွက်ပါ ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေသည်။

လက်ရှိတွင် လူဦးရေတိုးပွားနှုန်းမှာ တစ်နှစ်ထက်တစ်နှစ် မြင့်မားနေရာ ကမ္ဘာတွင်သာမက မြန်မာနိုင်ငံတွင်ပါ မျိုးဆက်ပွားကျန်းမာရေးနှင့် သားဆက်ခြားခြင်းကိစ္စများကို စနစ်တကျစီမံဆောင်ရွက်သွားရန် လိုအပ်လာသည်။ မြန်မာလူမျိုးတို့သည် အရှက်တရားနှင့်နေထိုင်ကြသည်ဖြစ်၍ မိမိတို့သားသမီးများအား မျိုးဆက်ပွားကျန်းမာရေး အသိပညာပေးခြင်းကို ထိထိရောက်ရောက် ဆောင်ရွက်ပေးခြင်းမရှိသည်မှာ အမှန်ဖြစ်သည်။ ထို့အပြင် ဆင်းရဲနွမ်းပါးမှုနှင့် အသိအမြင်နည်းပါးမှုတို့ကလည်း လူဦးရေတိုးပွားမှုထိန်းချုပ်ရေးနှင့် မျိုးဆက်ပွားပညာပေးရေးအတွက် အဟန့်အတားများ ဖြစ်စေသည်။

သို့ဖြစ်ရာ လူဦးရေတိုးပွားခြင်း၊ မျိုးဆက်ပွားခြင်းတို့သည် မျက်မှောက်ကာလတွင် လူမှုအသိုင်းအဝိုင်းအတွင်း စိန်ခေါ်မှုများ၊ အခက်အခဲပြဿနာများအဖြစ် ရှိနေဆဲဖြစ်သည်။ ယင်းတို့သည် အနာဂတ်အတွက် စိုးရိမ်ပူပန်ဖွယ် အလေးထားဆောင်ရွက်ရမည့်အချက်များဖြစ်နေသောကြောင့် လူ့အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်း၊ မျိုးဆက်ပွား၊ မျိုးဆက်ခြား အသိပညာပေးခြင်းလုပ်ငန်းများကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။ ။

## ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်သည့် ပြည်သူ့အသံများနားထောင်ဆွေးနွေးပွဲ သထုံ၌ပြုလုပ်

**သထုံ ဇူလိုင် ၁၁**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်း ကျန်းမာရေးကဏ္ဍဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ပြည်သူများ၏ လိုအပ်ချက်များနှင့်အညီ ပြုပြင်ပြောင်းလဲဆောင်ရွက်ပေးရန်လိုအပ်သည်တို့ကို သိရှိနိုင်ရန်အတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ပြည်သူ့အသံများ နားထောင်ဆွေးနွေးပွဲကို ယမန်နေ့နံနက်က သထုံမြို့ သုဝဏ္ဏခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ဌာနရဲ့ ဆောင်ရွက်ချက်တွေမှာ ဘယ်ဟာတွေ ပြုပြင်ဖို့လိုလဲ၊ ဘာတွေကတော့ ကောင်းတယ်ဆက်လုပ်ရမလဲ၊ ဒါတွေကို ထောက်ပြပြောဆိုပြီး အကြံဉာဏ်တွေပေးဖို့ ဒီဆွေးနွေးပွဲကို လုပ်တာပါ"ဟု မွန်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာဇော်မင်းထွန်းက ဆွေးနွေးပွဲပြုလုပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

"ဒီမှာဆွေးနွေးသွားကြတဲ့ လိုအပ်ချက်တွေထဲမှာ တော်တော်များများကတော့ ပြည်နယ်အဆင့်က လုပ်ပေးလို့ရတာရှိတယ်။ အချို့မေးခွန်းတွေကတော့ ပြည်ထောင်စုအဆင့်ကို တင်ပြပေးရမှာလည်း ပါတယ်။ အချို့ကိစ္စကျတော့ ကျွန်တော်တို့ တိုက်ရိုက်ဆောင်ရွက်ရမယ့်အနေအထား မဟုတ်ဘူး။ ဒါကိုလည်း ညှိနှိုင်းပေးသွားမှာပါ။ အများစုကတော့ သွေးလွန်တုပ်ကွေးနဲ့ပတ်သက်ပြီး ဆောင်ရွက်ပေးဖို့၊ ကျေးလက်ကျန်းမာရေးဌာနခွဲတွေ ချထားပေးဖို့၊ သထုံခရိုင်ဆေးရုံကို ပိုပြီးအဆင့်မြှင့်တင်ပေးဖို့၊ ဆေးရုံမှာရင်ခွဲရုံကောင်းကောင်းလိုချင်တာ၊ အရန်သားဖွားလိုအပ်ချက်ရှိနေတာတွေ စတာတွေကို ဆွေးနွေးခဲ့ကြပါတယ်။ ဒါတွေ ကို အတတ်နိုင်ဆုံးဖြေရှင်းပေးသွားမှာပါ"ဟု ၎င်းက ပြောသည်။

ယင်းနောက် သထုံမြို့နယ်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာအသီးသီးမှ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများတို့က ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်သည့် လိုအပ်ချက်များနှင့် ဆောင်ရွက်ပေးနိုင်မှုအခြေအနေတို့ကို မေးမြန်းကြရာ တာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ပြည်သူ့အသံ နားထောင်ဆွေးနွေးပွဲများကို မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်အနက် ပေါင်၊ မုဒုံ၊ ဘီးလင်း၊ ချောင်းဆုံနှင့် သထုံ စုစုပေါင်း မြို့နယ်ငါးခုတွင် ဆောင်ရွက်ပြီးစီးခဲ့ပြီး ကျန်မြို့နယ်များ၌လည်း ယခုလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မွန်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**သက်ဦး(သထုံ)**

## အာဇာနည်နေ့အကြို ဗိုလ်ချုပ်မြင်းစီးကြေးရုပ် မွမ်းမံသန့်ရှင်းရေးဆောင်ရွက်

**ကော့သောင်း ဇူလိုင် ၁၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး၏ လွတ်လပ်ရေးကိုအရယူပေးခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် အထိမ်းအမှတ်အဖြစ် အာဇာနည်နေ့ အခမ်းအနားအား တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ၂၀၁၆ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် (၆၉) နှစ်မြောက်အဖြစ် အမြို့မြို့အနယ်နယ်တွင် လွမ်းဆွတ်အောက်မေ့ဖွယ်အခမ်းအနားများ ကျင်းပကြမည်ဖြစ်ရာ ကော့သောင်းမြို့တွင်လည်း သတိရဖွယ်အခမ်းအနား ကျင်းပမည်ဖြစ်သည်။



ကော့သောင်းမြို့တွင် နိုင်ငံ့လွတ်လပ်ရေးဖခင် အာဇာနည်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်၍ အထိမ်းအမှတ်အဖြစ် ဗိုလ်ချုပ်လမ်းနှင့် စုပေါင်းရုံးလမ်းဆုံတွင် တည်ဆောက်ထားသည့် တစ်ခုတည်းသောဗိုလ်ချုပ်မြင်းစီးကြေးရုပ်အား ဇူလိုင် ၁၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြကြောင်း သိရသည်။

ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် အာဇာနည်နေ့အခမ်းအနားအား မြို့လုံးကျွတ် အလှူာစုံ၊ နယ်ပယ်စုံ မြို့နေပြည်သူများ ချီတက်ကာ လွမ်းသူ့ပန်းခွေချ အလေးပြုပါဝင်ဆင်နွှဲကြမည်ဖြစ်ရာ အဆိုပါ ဗိုလ်ချုပ်ရုပ်တုအား သန့်ရှင်းသပ်ရပ်ရေး ရေညှိများတိုက်ချွတ်ဆေးကြောခြင်း၊ လိုအပ်သည့် အသေးစားပြင်ဆင်မွမ်းမံမှုများ ဆောင်ရွက်ခြင်း၊ ဆေးသုတ်ခြင်း လုပ်ငန်းများကို ကြိုတင်ပြင်ဆင် ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း-IPRD)**




## ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေး မြေတိုင်းတာခြင်းဆောင်ရွက်

**ဆိပ်ဖြူ ဇူလိုင် ၁၁**

မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက် ကျေးရွာမြေငှားဂရန် (Lease) ထုတ်ပေးနိုင်ရေးအတွက် ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဝန်ထမ်းများက မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ကိုးတောင့်ကျေးရွာအုပ်စု ရေလယ်ကျွန်းကျေးရွာ၌ ကျေးရွာမြေတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးလင်းနိုင်(IPRD)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှံသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၇၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၀

❐ ရှေ့ဖုံးမှ

(င) နိုင်သက်လွင် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

(စ) ဦးထွန်းထွန်းဦး — အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဆ) ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် — အဖွဲ့ဝင်
အမှတ်(၂) စစ်ဆင်ရေးအထူးအဖွဲ့မှူး
ကာကွယ်ရေးဝန်ကြီးဌာန

(ဇ) ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင် — အဖွဲ့ဝင်
အမှတ်(၄) စစ်ဆင်ရေးအထူးအဖွဲ့မှူး
ကာကွယ်ရေးဝန်ကြီးဌာန

(ဈ) ဦးခွန်မောင်သောင်း(ပင်လောင်းမဲဆန္ဒနယ်) — အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ တိုင်းရင်းသားရေးရာနှင့်
ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ
ပြည်သူ့လွှတ်တော်

(ည) ဒေါ်ရှီလာနန်တောင်(ခ)ဒေါ်အမ်နန်တောင် — အဖွဲ့ဝင်
မဲဆန္ဒနယ်အမှတ်(၂)၊ကချင်ပြည်နယ်
ဥက္ကဋ္ဌ၊ တိုင်းရင်းသားရေးရာကော်မတီ
အမျိုးသားလွှတ်တော်

(ဋ) ဦးခင်မောင်တင် — အတွင်းရေးမှူး
ဒုတိယဝန်ကြီး
နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန

၂။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်အတွက် လိုအပ်သောမူဝါဒများ ချမှတ်ပေးရန်နှင့် ဦးဆောင်လမ်းညွှန်မှုပေးခြင်း၊

(ခ) ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် လိုအပ်သော မူဝါဒများ ချမှတ်ပေးခြင်းနှင့် ဦးဆောင်လမ်းညွှန်မှုပေးခြင်း၊

(ဂ) အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ကူညီထောက်ပံ့ခြင်းများအတွက် ပြည်တွင်းပြည်ပမှ အလှူရှင်များ၊ အစိုးရများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းမည့် မူဝါဒများချမှတ်ပေးခြင်း၊

(ဃ) အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် လက်နက်ကိုင်အင်အားစုများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် အကူအညီပေးသော အလှူရှင်အဖွဲ့အစည်းများ၊ နယ်ပယ်အသီးသီးမှ ပြည်တွင်း၊ ပြည်ပ တတ်သိပညာရှင်များ၊ကျွမ်းကျင်သူများ အဆင်ပြေချောမွေ့စွာ ပူးပေါင်းပါဝင်နိုင်ရန် လိုအပ်သော ဦးဆောင်လမ်းညွှန်မှုပေးခြင်း၊

(င) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်လာရေးအတွက် နည်းလမ်းများ ရှာဖွေဖော်ထုတ်ခြင်း၊

(စ) ဗဟိုဌာန၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် လုပ်ထုံးလုပ်နည်းများနှင့် ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်ခြင်း။

၃။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် အကြံပေးအဖွဲ့နှင့်အထောက်အကူပြုအဖွဲ့များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဖွဲ့စည်းခန့်အပ်တာဝန်ပေးနိုင်သည်။

(ပုံ)ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နည်းလမ်းစည်းကမ်းအတိုင်း လိုလားချက်တွေတောင်းပါ

အခုချိန်ဟာ နိုင်ငံရေးနိုးကြားစဖြစ်နေတဲ့ စမ်းတဝါးဝါးအချိန်ဖြစ်နေတယ်။ ကျုပ်တို့အစိုးရကလည်း တတ်နိုင်သလောက် လိုက်လျောပေးနေတာပဲ။ မိဘဟာ သားသမီးကို အလိုလိုက်ပေမယ့် စည်းကမ်းထက်ပိုဆိုးလာရင် ဆုံးမပေးရသလို အခွင့်အရေးကို လိုသည်ထက် ပိုယူလာရင်၊ စည်းကမ်းမဲ့ဖြစ်လာရင် ကျုပ်တို့အစိုးရအဖွဲ့ကလည်း ဆုံးမပေးရမှာပဲ။ နည်းလမ်းစည်းကမ်းအတိုင်း လိုလားချက်တွေတောင်းပါ။ တရားစီရင် လိုက်လျောပါ့မယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ နတ်မောက်မြို့၌ ပြောကြားခဲ့သော မိန့်ခွန်းမှ ကောက်နုတ်ချက်)



❍ အမျိုးသမီးငယ်များမှ

ဆယ်ကျော်သက်လူငယ်များဖြစ်ကြပြီး အမျိုးသမီးငယ် အရေအတွက်မှာ သန်း ၆၈၀ ခန့် ပါဝင်နေကြောင်း ဒုတိယသမ္မတက ပြောကြားသည်။

ထို့ပြင် ဒုတိယသမ္မတက ဆယ်ကျော်သက် အရေအတွက် လျင်မြန်စွာ တိုးပွားမှုဖြစ်စဉ်သည် အထူးသဖြင့် ဝင်ငွေနည်းသည့် နိုင်ငံများတွင် ဖြစ်ပေါ်လေ့ရှိကြောင်း၊ ၂၀၁၅ ခုနှစ် စာရင်းများအရ ဆယ်ကျော်သက်အရွယ် အမျိုးသမီးငယ်များ အရေအတွက်သည် ကမ္ဘာပေါ်တွင် သန်း ၆၈၀ ခန့်ရှိပြီး သန်း ၅၀၀ ကျော်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ဖြစ်ကြောင်း၊ ယင်းနိုင်ငံများသည် ပညာရေးအဆင့်အတန်း နိမ့်ကျသကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှု အားနည်းသည့်နိုင်ငံများဖြစ်ကြောင်း၊ မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုများ ရနိုင်ရန်ခဲယဉ်းပြီး အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသည့် နိုင်ငံများလည်းဖြစ်ကြောင်း၊ သို့ဖြစ်၍ ဖွံ့ဖြိုးဆဲနိုင်ငံများသည် ဆယ်ကျော်သက်များအတွက် ပိုမိုအလေးထား ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆယ်ကျော်သက်အရွယ် အမျိုးသမီးငယ်ဦးရေ များပြားနေသည့် နိုင်ငံများ၌ ၎င်းတို့၏ဘဝကို မြှင့်တင်ပေး၍ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည့် ပညာရေးအစီအစဉ်များနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်များတွင် မူဝါဒများချမှတ်၍ ရင်းနှီးမြှုပ်နှံရန် အလွန်ပင်အရေးကြီးကြောင်း၊ ယင်းနိုင်ငံများတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေ၍ လူဦးရေဆုလာဘ်ရရှိနေသည်ကိုလည်း သတိပြုမိရန်လိုအပ်ကြောင်း၊ လူဦးရေဆုလာဘ်ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံရှိ အလုပ်လုပ်နိုင်သူက မှီခိုသူအရေအတွက်ထက် များပြားနေသည့် အခြေအနေမျိုးမှာသာ ဖြစ်ပေါ်လေ့ရှိကြောင်း၊ လူဦးရေဆုလာဘ်ကို အကောင်းဆုံးအသုံးပြုနိုင်ရန်ဆိုသည်မှာ စွမ်းဆောင်ရည်၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်း၊ ကုန်ထုတ်အရင်းအမြစ်များတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် စုဆောင်းခြင်းအပေါ်များစွာမူတည်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ဆယ်ကျော်သက်အရွယ် မိန်းကလေးငယ်များ အရွယ်မတိုင်မီ စောစီးစွာ အိမ်ထောင်ပြုခြင်း၊ ကိုယ်ဝန်ဆောင်ခြင်း၊ ကလေးမွေးဖွားခြင်းတို့ကြောင့် နောက်ဆက်တွဲဆိုးကျိုးများဖြစ်သည့် သွေးအားနည်းခြင်း၊ လမစေ့မီ မီးဖွားခြင်း၊ အလိုအလျောက်သားပျက်သားလျှောခြင်းနှင့် အသေမွေးဖွားခြင်း၊ မိခင်နှင့်ကလေးသေဆုံးမှုများခြင်း၊ အာဟာရချို့တဲ့မှု စသည့်ကျန်းမာရေးဆိုးကျိုးများကိုလည်း ခံစားရနိုင်သည့်အတွက် ယခုပြဿနာများကို ဖြေရှင်းနိုင်ရေး အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဒုတိယသမ္မတက ပြောကြားခဲ့သည်။

ထို့နောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအချက်အလက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် လူဦးရေဆုလာဘ်ရရှိနေသည့်အချိန်တွင် အမှန်တကယ် ဖွံ့ဖြိုးတိုးတက်မှုများရရှိရန်အတွက် အစိုးရများအနေဖြင့် အခြေအနေနှင့်ကိုက်ညီသည့် မူဝါဒများချမှတ်၍ အရေးကြီးသည့် ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန်လိုအပ်ပါကြောင်း။

နိုင်ငံခြားသို့ ရောက်ရှိနေသူအားလုံး၏ ၈၃ ရာခိုင်နှုန်းမှာ အသက်(၁၅) နှစ်မှ (၃၉) နှစ်အတွင်းရှိ လူငယ်လူရွယ်များဖြစ်ပြီး အမျိုးသမီး ၄၀ ရာခိုင်နှုန်း ပါဝင်သည်ကို တွေ့ရကြောင်း၊ အမျိုးသမီးငယ်များ တစ်ဖက်နိုင်ငံတွင် အလုပ်လုပ်ကိုင်နေသည့်အတွက် လူကုန်ကူး ပညာပေးကာကွယ်တားဆီးမှုများ၊ မျိုးဆက်ပွားကျန်းမာရေး အသိပညာပေး အစီအစဉ်များကို လူငယ်များအကြား ပျံ့နှံ့နေရန် အရှိန်မြှင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသမီးငယ်များ၏ ပညာရေးရင်းနှီးမြှုပ်နှံခြင်းသည် ရေရှည်စီးပွားရေးအတွက်ဖြစ်ကြောင်း၊ လူငယ်များ၏ ပညာရေးကို မြှင့်တင်ခြင်းဖြင့် ကျွမ်းကျင်သည့် လုပ်သားအင်အားစုကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် တစ်နိုင်ငံလုံးတွင် တစ်ချိန်တည်း တစ်ပြိုင်တည်းကောက်ယူခဲ့သည့် သန်းခေါင်စာရင်းမှ တိကျမှန်ကန်သည့် အချက်အလက်များကို ဖော်ထုတ်နိုင်ပြီဖြစ်ကြောင်း၊ သို့ဖြစ်၍ ယင်းအချက်အလက်များကိုအသုံးပြုပြီး လူဦးရေဆုလာဘ်၏ အသီးအပွင့်များကို ရယူခံစားနိုင်ရန် ဆယ်ကျော်သက် အမျိုးသမီးများအတွက် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန်လိုကြောင်းဖြင့် ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ဌာနေကိုယ်စားလှယ် Ms. Janet E. Jackson က အမှာစကားပြောကြားပြီး "Investing in Teenage girls" နှင့် ပတ်သက်သည့် Animation Video Clip ကို ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ၂၀၁၆ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ဖိတ်ခေါ်စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများက ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

၂၀၁၆ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်မှာ "ဆယ်ကျော်သက်အမျိုးသမီးများဘဝမြှင့်တင်ရေး၊ ရင်းနှီးမြှုပ်နှံပံ့ပိုးပေး" ဖြစ်သည်။

(သတင်းစဉ်)

■

# EAS မှ အရေးပေါ်လူနာပေါင်း ၂၇၀၀ ကျော်၏အသက်ကို အခမဲ့ကယ်တင်ပေးနိုင်ခဲ့

**ရန်ကုန် ဇူလိုင် ၁၁**

မြန်မာနိုင်ငံ ဆရာဝန်အသင်း၏ အရေးပေါ်လူနာအသက်ကယ်တင် ကုသပို့ဆောင်ရေး ဖောင်ဒေးရှင်း (Emergency Ambulance Service Foundation) ကအကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပွားသော လူနာပေါင်း ၂၇၀၀ ကျော်၏ အသက်ကို သုံးနှစ်တာကာလအတွင်း အခမဲ့ ကယ်တင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း EAS ဥက္ကဋ္ဌ ဒေါက်တာတင်ဇော်မောင်ထံမှ သိရသည်။

"ကျွန်တော်တို့ EAS အနေနဲ့ ၂၀၁၂ ခုနှစ် အောက်တိုဘာလကနေ စတင်လှုပ်ရှားလာခဲ့တာဟာ ယနေ့အချိန်ထိဆို သုံးနှစ်ကျော်လာခဲ့ပါပြီ။ ရန်ကုန်တိုင်းဒေသကြီး စည်ပင်နယ်နိမိတ်အတွင်း ဘယ်နေရာမဆို Hotline phone ၁၈၃၀ ကိုသာ ဆက်လိုက်ပါ။ ဖုန်းအဆက်အသွယ်ရတဲ့အချိန်ကနေ နီးစပ်ရာ ဆေးရုံပေါ်ကို လူနာရောက်ရှိချိန်ထိဆို သယ်ယူပို့ဆောင်ချိန် ကြားကာလ ပျမ်းမျှ ၁၅ မိနစ် ကြာချိန်သာသတ်မှတ်ထားပါတယ်။ ကားပေါ်မှာ ခေတ်မီစက်ကိရိယာတွေနဲ့ အသက်ကယ်တင်ပေးသလို အချိန်မီပို့ဆောင်ပေးပါတယ်။ ဝန်ဆောင်မှုအားလုံးအတွက် အခမဲ့ ဆောင်ရွက်ပေးတာပါ။ ဒီနေ့အထိဆို လူနာပေါင်း ၂၇၀၀ ကျော်ကို အချိန်မီ အသက်ကယ်တင်ပေးနိုင်ခဲ့ပါတယ်။ ရှေ့ဆက်ပြီးတော့လည်း ပြည်သူတွေအတွက် အဆင့်မြင့်စွာနဲ့ လူနာတွေကို ပိုမိုကယ်တင်နိုင်အောင် နိုင်ငံခြားအရေးပေါ်လူနာကားတွေမှာသုံးနေတဲ့ ကယ်လီဖိုးနီးယားမူဘိုင်းလို့ခေါ်တဲ့ နှလုံးရောဂါအလုံးစုံ ကုသစက်ပါတဲ့ယာဉ်ကိုပါ အလှူရှင်တွေရဲ့အားနဲ့ လုပ်သွားဖို့တော့ မျှော်မှန်းထားပါတယ်"ဟု EAS ဥက္ကဋ္ဌက ဆက်လက်ပြောကြားသည်။

EAS အရေးပေါ်လူနာတင်ယာဉ် ခြောက်စီးရှိပြီး နှလုံးနှိုးစက် (Defibrillator)အပါအဝင် pass AC meter များ တပ်ဆင်ထားကာ ဆရာဝန်တစ်ဦး၊ ဆေးဝါးကျွမ်းကျင်သူတစ်ဦး ပါဝင်ကြောင်းသိရသည်။ လမ်းမများပေါ်မှ ယာဉ်ကြောင့်၊ လူကြောင့် ယာဉ်တိုက်မှုများ၊ သဘာဝဘေးအန္တရာယ် မီးဘေးနှင့် နေအိမ်တိုက်တာ ပြိုကျပျက်စီးမှုများနှင့် ဆေးရုံသို့ သွားရန်ငွေကြေးမပြည့်စုံ၍ အခက်အခဲတွေ့နေကြသော လူနာများအတွက် ၂၄ နာရီ ကာလပတ်လုံး အခမဲ့ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး၏ စည်ပင်နယ်နိမိတ်အတွင်း အကြောင်းအမျိုးမျိုးကြောင့် အရေးပေါ်ဖြစ်ပေါ်နေသော လူနာနှင့်လူနာရှင်များ အနေဖြင့် EAS Hotline ၏ နံပါတ်ဖြစ်သော ၁၈၃၀ သို့လည်းကောင်း၊ ၀၉၄၂၀၀၆၀၉၉၉ နှင့် ၀၉၄၂၀၀၆၃၉၉၉ တို့သို့ လည်းကောင်း ၂၄ နာရီကာလပတ်လုံး အကြောင်းကြားခေါ်ဆိုနိုင်ကြကာ အခမဲ့ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

(ပွင့်သစ္စာ)



# ဂျပန်အထက်လွှတ်တော်ရွေးကောက်ပွဲရလဒ် စီးပွားရေးပြုပြင်ပြောင်းလဲမှုအတွက် တွန်းအားဖြစ်မည်

**တိုကျို ဇူလိုင် ၁၁**

ဂျပန်နိုင်ငံ၌ ဇူလိုင် ၁၀ ရက်က ကျင်းပသော အထက်လွှတ်တော်ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ အာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီနှင့် ယင်း၏ မဟာမိတ်များက အနိုင်ရရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇူလိုင် ၁၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ရွေးကောက်ပွဲ အောင်ပွဲရလဒ်သည် မိမိ၏ စီးပွားရေး ပြုပြင်ပြောင်းလဲရေး အစီအစဉ်ကို တိုးတက်အကောင်အထည်ဖော်ရေးအတွက် တွန်းအားတစ်ရပ်ဖြစ်စေမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် အာဘေးက ပြောကြားသည်။

ဂျပန် အစိုးရအဖွဲ့၏ သံတမန်ရေးဆိုင်ရာ မူဝါဒများနှင့်ပတ်သက်၍ ပြင်ဆင်ပြောင်းလဲမှု ပြုလုပ်သွားမည်ဟုလည်း အာဘေးက ပြောကြားသည်။

အမတ် ၁၂၁ နေရာအတွက် မဲပေးရွေးချယ်ခဲ့ပြီး အထက်လွှတ်တော်တွင် အမတ်နေရာ သုံးပုံနှစ်ပုံအထိကို မိမိ၏ ညွန့်ပေါင်းအဖွဲ့နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ထောက်ခံသည့် အမတ်လောင်းများ ရရှိပြီဖြစ်ကြောင်း အာဘေးက ဆက်လက်ပြောကြားသည်။

ဂျပန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြင်ဆင်ချက်များ ထည့်သွင်းနိုင်ရန် ဝန်ကြီးချုပ် အာဘေး ဆောင်ရွက်နိုင်မည်ဖြစ်သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိစ္စသည် အငြင်းပွားဖွယ်ရာ ပြဿနာတစ်ရပ်ဖြစ်နေသည်။



အယ်လ်ဒီပီ-ကိုမေတိုး အာဏာရ ညွန့်ပေါင်းအဖွဲ့ အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို ထောက်ခံသော ပါတီလေးပါတီတို့မှ အမတ်လောင်းများက စုစုပေါင်း အမတ်နေရာ ၇၆ နေရာအတွက် ရွေးချယ်ခံရသည်။

ရွေးကောက်ပွဲရလဒ် ပေါ်ထွက်လာခဲ့ပြီးနောက် ဝန်ကြီးချုပ် အာဘေးက ၎င်း၏ ဝန်ကြီးအဖွဲ့ကို အစောဆုံး သြဂုတ်လတွင် ပြန်လည်ပြင်ဆင်ဖွဲ့စည်းမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

**ကျိုဒို။**

# ဘရာဇီးရှိ လေဆိပ်နှစ်ခု ရောင်းချရေး အစိုးရအဖွဲ့ စဉ်းစားသုံးသပ်မည်

**ဆောပေါ်လို ဇူလိုင် ၁၁**

ဘရာဇီးအစိုးရအဖွဲ့၏ ဘဏ္ဍာရေး လိုငွေပြမှုကို လျှော့ချနိုင်စေရန် ရည်ရွယ်လျက် လာမည့်နှစ်တွင် ဆောပေါ်လိုမြို့နှင့် ရီယိုပြည်နယ်တို့ရှိ လေဆိပ်များကို ရောင်းချရန် တာဝန်ရှိသူများက စဉ်းစားသုံးသပ်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇူလိုင် ၁၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ဘရာဇီးနိုင်ငံ အရှေ့တောင်ပိုင်း ပင်လယ်ဆိပ်ကမ်းတည်ရာ ရီယိုပြည်နယ် ရီယိုဒီဂျနေးရိုးမြို့ရှိ ဆန်တို့စ်ဒူးမောင့်လေဆိပ်နှင့် ဆောပေါ်လိုမြို့ရှိ ကွန်ဂွန်ဟက်လေဆိပ်တို့ကိုရောင်းချရန် စဉ်းစားသုံးသပ်လျက်ရှိကြောင်း ကြားဖြတ်သမ္မတ မိုက်ကယ်တီးမားက ယိုလာဒီပေါ်လို သတင်းစာသို့ ပြောကြားသည်။

အဆိုပါလေဆိပ်နှစ်ခုကို ရောင်းချရန် ယခင်အစိုးရအဖွဲ့က ကန့်ကွက်ခဲ့ကြောင်း၊ လေဆိပ်နှစ်ခုကို ကုမ္ပဏီများသို့ ရောင်းချခြင်းဖြင့် ငွေကြေး အတန်ရရှိနိုင်ပြီး အစိုးရအဖွဲ့၏ ဘဏ္ဍာရေး လိုငွေပြမှုကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း တီးမားက ပြောကြားသည်။

**ရိုက်တာ။**

# မနီလာပင်လယ်အော်ကမ်းလွန်၌ ဖိလစ်ပိုင်နှင့် ဂျပန် ကမ်းခြေစောင့်တပ်ဖွဲ့များ ပူးတွဲစစ်ရေးလေ့ကျင့်မည်

**မနီလာ ဇူလိုင် ၁၁**

ဖိလစ်ပိုင်နှင့် ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့များသည် မနီလာပင်လယ်အော်ကမ်းလွန် ပင်လယ်ပြင်၌ ယခုရက်သတ္တပတ်အတွင်း ပင်လယ်ဓားပြနှင့် လက်နက်ကိုင်လုယက်မှု တိုက်ဖျက်ရေးနှင့်ပတ်သက်သော နှစ်နိုင်ငံရေတပ်စစ်ရေး လေ့ကျင့်မှုကို လုပ်ဆောင်မည်ဖြစ်ကြောင်း ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့ (PCG) က ပြောကြားသည်။

(၆)ကြိမ်မြောက် ပူးတွဲပင်လယ်ရေကြောင်းဥပဒေစိုးမိုးရေးလေ့ကျင့်မှုကို ဇူလိုင် ၁၃ ရက်တွင် ပြုလုပ်မည်ဖြစ်သည်။ မနီလာဆိပ်ကမ်းသို့ ယနေ့ ရောက်ရှိလာပြီး ဆိုက်ကပ်ထားမည့် ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့မှ PHLO2 ဆူဂါယူရေယာဉ်မှာ အခြားအစိုးရဥပဒေစိုးမိုးရေးဌာနများနှင့် မလေးရှား၊ သြစတြေးလျနှင့် အမေရိကန်ပြည်ထောင်စုတို့မှ လေ့လာသူများအဖြစ်တက်ရောက်မည့် ကိုယ်စားလှယ်များနှင့်အတူ PCG ပင်လယ်ရေကြောင်းလုံခြုံရေးနှင့် ဥပဒေစိုးမိုးရေးကွပ်ကဲမှုဌာနမှ ကိုယ်စားလှယ်များလည်း ပူးပေါင်းပါဝင်မည့် အဆိုပါပူးတွဲစစ်ရေးလေ့ကျင့်မှု၌ ပါဝင်မည်ဖြစ်သည်။

PHLO2 ဆူဂါယူရေယာဉ်မှာ ရှာဖွေရေးနှင့် ဖမ်းဆီးရေးလုပ်ငန်းစဉ်အတွက် ရဟတ်ယာဉ်တစ်စင်း (ဘဲလ် ၄၁၂) နှင့် လေထိုးသွင်းနိုင်သော လှေပါဝင်သည့် ပစ္စည်းကိရိယာများနှင့်အတူ ယင်းလေ့ကျင့်မှုတွင် ပါဝင်မည်ဖြစ်ပြီး PCG က ယင်း၏ ရေယာဉ်နှင့် လေတပ်သုံး ပစ္စည်းကိရိယာများကို ထိထိရောက်ရောက် အသုံးချမည်ဖြစ်သည်။ PHLO2 ဆူဂါယူရေယာဉ်မှာ တန်ချိန် ၃၃၂၄၊ အရှည် ၁၀၅ ဒသမ ၄၀ မီတာရှိသည့် ရေနံစိမ်းတင် သင်္ဘောတစ်စင်းဖြစ်ပြီး မြေယာ၊ အခြေခံအဆောက်အအုံနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနမှ ပိုင်ဆိုင်ကာ တိုကျိုမြို့တော် ဟာကိုဒါတေးကမ်းခြေစောင့်ရုံး၌ အခြေစိုက်သည်။

**ဆင်ဟွာ။**

# တောင်ဆူဒန်တွင် ပြည်တွင်းစစ်ထပ်မံဖြစ်ပွားလာမည့်အရေး စိုးရိမ်မှုများမြင့်တက်

**ဂျူးဘား ဇူလိုင် ၁၁**

တောင်ဆူဒန်တွင် အစိုးရတပ်များနှင့် ဆန့်ကျင်ဘက်လက်နက်ကိုင်တပ်ဖွဲ့များကြား တိုက်ပွဲများဖြစ်ပွားနေမှုနှင့်ပတ်သက်၍ ပြည်တွင်းစစ်ပွဲတစ်ပွဲ ထပ်မံဖြစ်ပွားလာနိုင်မည့်အရေး စိုးရိမ်မှုများ မြင့်တက်လျက်ရှိသည်။

သမ္မတ ဆာလ်ဗာ ကီယာ၏ အစိုးရတပ်များနှင့် ဒုတိယ သမ္မတ ရိခ်မာချာကို သစ္စာခံသည့် ဆန့်ကျင်ဘက်လက်နက်ကိုင်တပ်ဖွဲ့များသည် ဇူလိုင် ၇ ရက်မှစ၍ မြို့တော်ဂျူးဘားတွင် အပြန်အလှန် ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်။ အဆိုပါတိုက်ခိုက်မှုများအတွင်း အရပ်သား ၃၃ ဦးအပါအဝင် ၂၇၂ ဦး သေဆုံးခဲ့ရပြီးဖြစ်သည်။

မြို့တော်တွင်ရှိသည့် လူရာပေါင်းများစွာက ထွက်ပြေးလွတ်မြောက်ရန် ကြိုးစားခဲ့ကြပြီး အကာအကွယ်ပေးရန် မိမိတို့ထံတောင်းဆိုခဲ့ကြသည်ဟု တောင်ဆူဒန်တွင်ရှိသည့် ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့က ပြောကြားသည်။

မြို့တော်ဂျူးဘားတွင်ဖြစ်ပွားခဲ့သည့် တိုက်ပွဲများနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ကန့်ကွက်ရှုတ်ချကြောင်း ဇူလိုင် ၁၀ ရက်တွင် ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။ ဇူလိုင် ၇ ရက်နှင့် ၈ ရက်တွင် ဖြစ်ပွားခဲ့သည့် တိုက်ပွဲများတွင် ကုလသမဂ္ဂဝန်ထမ်းများနှင့် သံတမန်များသည်လည်း ပစ်မှတ်ဖြစ်ခဲ့ရသည်ဟု လုံခြုံရေးကောင်စီက ပြောကြားသည်။



အစိုးရတပ်များနှင့် ဆန့်ကျင်ဘက်လက်နက်ကိုင်တပ်ဖွဲ့များအနေဖြင့် အပစ်အခတ်ရပ်စဲကြရန်နှင့် အကူအညီလိုအပ်နေသည့် အရပ်သားများအတွက် ကုလသမဂ္ဂနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးအပ်ရေးလုပ်သားများ မြို့တွင်းသို့ ဝင်ရောက်ခွင့်ပေးရန် လုံခြုံရေးကောင်စီက တောင်းဆိုခဲ့သည်။

ဆူဒန်တွင် အစိုးရတပ်များနှင့် သူပုန်တပ်ဖွဲ့များကြား နှစ်နှစ်ကြာ ပြည်တွင်းစစ်ဖြစ်ပွားပြီးနောက် ၂၀၁၁ ခုနှစ်တွင် တောင်ဆူဒန်သည် လွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

# နေစွမ်းအင်သုံးလေယာဉ် စပိန်နိုင်ငံမှ အီဂျစ်နိုင်ငံသို့ ဆက်လက်ပျံသန်းလျက်ရှိ

**ဆီဗီးလ် ဇူလိုင် ၁၁**

နေရောင်ခြည်စွမ်းအင်ကို လုံးလုံးလျားလျား အသုံးပြုသော လေယာဉ်ကြီးသည် ကမ္ဘာတစ်ပတ်ခရီးစဉ်၏ နောက်ဆုံးခရီးတစ်ထောက် ခရီးစဉ်မတိုင်မီ ပျံသန်းသော ခရီးစဉ်အဖြစ် စပိန်နိုင်ငံ ဆီဗီးလ်မြို့မှ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့သို့ ဇူလိုင် ၁၁ ရက် အစောပိုင်းတွင် ထွက်ခွာသွားပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

နေရောင်ခြည်တွန်းအား-၂ ဟု အမည်ပေးထားသော အဆိုပါလေယာဉ်သည် စမ်းသပ်ပျံသန်းသည့် ခရီးစဉ်အဖြစ် ကမ္ဘာပတ်လျက်ရှိသည်။ စပိန်နိုင်ငံ တောင်ပိုင်း ဆီဗီးလ် လေဆိပ်မှ ဇူလိုင် ၁၁ ရက် ဒေသစံတော်ချိန် နံနက် ၆ နာရီ မိနစ် ၂၀ တွင် စတင်ပျံသန်းခဲ့ပြီး အီဂျစ်နိုင်ငံ ကိုင်ရိုမြို့သို့ ရောက်ရှိရန် နာရီပေါင်း ၅၀ နှင့် မိနစ် ၃၀ ကြာမျှ ပျံသန်းရမည်ဟု မျှော်လင့်ရသည်။

မောင်းသူအတွက် ထိုင်ခုံတစ်လုံးတည်းသာ ပါရှိသော အဆိုပါလေယာဉ်၏ လေယာဉ်မှူးမှာ ဆွစ်လူမျိုး အင်ဒရေ



ဘော့ချ်ဘာ့ဖြစ်သည်။

မြေထဲပင်လယ်ကို ဖြတ်ကျော် ပျံသန်းရမည့် ခရီးစဉ်အတွင်း အယ်လ်ဂျီးရီးယား၊ တူနီးရှား၊ အီတလီ၊ မော်လ်တာနှင့် ဂရိလေကြောင်းပိုင်နက်တို့ကို ဖြတ်သန်းရမည်ဖြစ်သည်။ အဆိုပါလေယာဉ်သည် ဇူလိုင် ၁၃ ရက်တွင် ကိုင်ရိုမြို့သို့ ဆင်းသက်မည်ဖြစ်သည်။

နေစွမ်းအင်သုံးလေယာဉ်သည် မော်တော်ယာဉ်တစ်စီးထက် ကျော်လွန်သော အလေးချိန်မရှိသော်လည်း ဘိုးရင်း-၇၄၇ လေယာဉ်၏ တောင်ပံတပ်ဆင်ထားသည်။

နေစွမ်းအင်သုံး လေယာဉ်၏ ကမ္ဘာတစ်ပတ် နောက်ဆုံး ခရီးစဉ်အရ အဘူဒါဘီမြို့သို့ ဆက်လက်ပျံသန်းရန် စီစဉ်ထားသည်။

ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အသုံးပြုမှုကို အားပေးမြှင့်တင်သည့်လှုပ်ရှားမှုအဖြစ် နေစွမ်းအင်အသုံးပြုသော လေယာဉ်ဖြင့် ကမ္ဘာပတ်ခြင်းဖြစ်သည်။

**ရိုက်တာ။**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့်တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ယနေ့နံနက် ၁၀ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်အဆောက်အအုံအစည်းအဝေးခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က မေးခွန်းများမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ဆိုင်ရာနည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များ၊ ကန့်သတ်ချက်များနှင့် ညီညွတ်ရန်လိုကြောင်း၊ လွှတ်တော်အတွင်း မေးခွန်းနှင့် အဆိုများ တင်သွင်းရာတွင် အခြေအနေအချိန်အခါနှင့်လည်း ကိုက်ညီသင့်ကြောင်း၊ ဥပဒေကြမ်းများ တင်သွင်းမည်ဆိုပါကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဇယားနှင့် ကိုက်ညီမှု ရှိ/မရှိ၊ နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့် ဆီလျော်မှု ရှိ/မရှိ၊ နိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားအားလုံးအတွက် ဟုတ်/မဟုတ် လေ့လာစိစစ်ရန် လိုအပ်ကြောင်း၊ လွှတ်တော်အတွင်း ဆွေးနွေးကြရာတွင် အချက်အလက်များ၊ အထောက်အထားများ မှန်ကန်စွာဖြင့် အပြုသဘောဆောင်၍ အကြံပြုဆွေးနွေးရန်လိုကြောင်း၊ အကြောင်းအရာနှင့်သက်ဆိုင်သည့် ဆွေးနွေးမှုများဖြစ်ရန် အရေးကြီးကြောင်း ပြောကြားသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မဲဆန္ဒရှင်များကို လွှတ်တော်အတွေ့အကြုံရှင်းလင်းခြင်း၊ မဲဆန္ဒရှင်များ၏ သဘောထားများကို လွှတ်တော်သို့ တင်ပြခြင်း စသည့်တာဝန်ကို ကျေပွန်အောင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ ကိုယ်ကျိုးရှာမှု၊ လာဘ်ပေးလာဘ်ယူမှု၊ ခြိမ်းခြောက်မှုများကို အထူးရှောင်ကြဉ်ရန်လိုကြောင်း၊ ပြည်သူလူထုနှင့် ပြောဆိုဆက်ဆံရာတွင် ပြည်သူသာအမိ၊ ပြည်သူသာအဖ ဆိုသည်ကို မမေ့လျော့ကြရန်လိုကြောင်း၊ ရပိုင်ခွင့်နှင့် အခွင့်အရေးများကိုသုံးစွဲရာတွင် မရှိမဖြစ်လိုအပ်ချက်ထက် ပိုမိုမသုံးစွဲကြရန်လိုကြောင်း၊ တာဝန်ယူချိန်ကာလတွင် တိုင်းပြည်အတွက် အကောင်းဆုံးလုပ်ပေးခြင်းသည် သမိုင်းတွင် မွန်မြတ်သည့်တာဝန်ယူမှုအဖြစ် ထင်ကျန်ရစ်မည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြောကြားခဲ့သည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များက ဥပဒေကြမ်းတင်သွင်းခြင်း၊ ဒေသဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကိုမေးမြန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ရှင်းလင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**(သတင်းစဉ်)**





# တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ပြည်သူလူထုသည်သာ အဓိကအခရာဖြစ်

**ကျုံပျော် ဇူလိုင် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့၌ ရောက်ရှိနေသော ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် မန်းဂျော်နီနှင့်အတူ ယမန်နေ့နံနက် ၉ နာရီတွင် ကျုံပျော်မြို့ ဧရာမင်းခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မိမိတို့နိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးလျက်ရှိရာ နိုင်ငံကို ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့ဖြင့် ပိုင်းခြားခွဲဝေကျင့်သုံးလျက်ရှိပြီး လွှတ်တော်အနေဖြင့် ဥပဒေပြုရေးအာဏာကို ကျင့်သုံးလျက်ရှိပါကြောင်း၊ အမျိုးသားလွှတ်တော် ဒုတိယအကြိမ် ပထမပုံမှန်အစည်းအဝေးကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်က စတင်ကျင်းပပြီး ပထမဦးစွာ လွှတ်တော်အမြဲတမ်းကော်မတီ (၄) ခုကို အဖွဲ့ဝင် ၁၅ ဦးစီဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ ထို့နောက် ပြည်သူ့ရေးရာကိစ္စရပ်များဆောင်ရွက်နိုင်ရန် ရေးရာကော်မတီ ၁၂ ခုကို ထပ်မံဖွဲ့စည်းခဲ့ပါကြောင်း၊ ထိုသို့ဖွဲ့စည်းရာတွင် အမျိုးသားရင်ကြားစေ့ရေးကို အဓိကထားရွေးချယ်ဖွဲ့စည်းခဲ့ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ လွှတ်တော်တွင်ဖွဲ့စည်းထားသည့် ရေးရာကော်မတီများတွင် ပြည်သူတို့၏တိုင်ကြားစာကော်မတီပါရှိနေသည့်အတွက် ပြည်သူများအနေဖြင့် မိမိတို့၏နစ်နာဆုံးရှုံးမှုများကို အဆိုပါတိုင်ကြားစာကော်မတီသို့ တိုင်ကြားနိုင်ပြီး မိမိထံသို့လည်း တိုက်ရိုက်ဆက်သွယ်တိုင်ကြားနိုင်ပါကြောင်း၊ တိုင်ကြားသည့်အချက်အလက်များသည် မှန်ကန်ရန်လိုအပ်ပါကြောင်း၊ ပြန်လည်ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်များကိုလည်း ထည့်သွင်းတိုင်ကြားစေလိုပါကြောင်း၊ သို့မှသာ ပြည်သူ့အတွက် လွှတ်တော်၏ ဆောင်ရွက်ပေးနေမှုများကို ပြည်သူများထံပြန်လည်အကြောင်းပြန်ကြားနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူလူထု၏ သဘောထားဆန္ဒများကို တရားဥပဒေနှင့်အညီ ဖြည့်ဆည်းပေးနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များတွင် တာဝန်ရှိပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကိုလည်း လွှတ်တော်ကိုယ်စားလှယ်များနှင့် ဆွေးနွေးညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့မှသာ လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်တွင် ပြည်သူ့အတွက်အရေးဆို ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါကြောင်း ပြည်ထောင်စုလွှတ်တော် နာယကက ပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယက က ဆက်လက်ပြောကြားရာတွင် ပြည်သူ့အကျိုးဖြစ်ထွန်းရေးအတွက် ပြင်ဆင်ပယ်ဖျက်သင့်သည့်ဥပဒေများကို ပြင်ဆင်ပယ်ဖျက်ခြင်း၊ အသစ်ပြဋ္ဌာန်းသင့်သည့် ဥပဒေများကို အသစ်ပြဋ္ဌာန်းခြင်းတို့ကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အခုရေတွင်းတူး အခုရေကြည်သောက်ဆိုသကဲ့သို့ မဖြစ်နိုင်သေးသော်ငြား စိတ်ရှည်သည်းခံကြရန်ပြောကြားလိုပါကြောင်း၊ နိုင်ငံတွင် ငြိမ်းချမ်းရေးသည် အဓိကလိုအပ်လျက်ရှိနေပါကြောင်း၊ ငြိမ်းချမ်းမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုလုပ်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ပြည်သူလူထုသည်သာ အဓိကအခရာဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ပြည်သူများအနေဖြင့်လည်း ဘက်ပေါင်းစုံမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြပါရန်၊ ကိုယ်ကျိုးမဖက်ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် မန်းဂျော်နီက ဧရာဝတီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကိုမေးမြန်းကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် မေးမြန်းရှင်းလင်းဖြေကြားချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယက က ဖြည့်စွက်ရှင်းလင်းကာ လွှတ်တော်၏ဆောင်ရွက်နေမှုများကို လာရောက်လေ့လာကြပါရန် ဖိတ်ခေါ်လိုပါကြောင်း ပြောကြားပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့သည် ရေကြည်မြို့ ရေကြည်ခန်းမ၌ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖဒေသခံပြည်သူများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# ရွေးကောက်ပွဲကန့်ကွက်လွှာအယူခံမှုများအား ဇူလိုင် ၂၉ ရက်တွင် အပြီးသတ်အမိန့်ချမှတ်မည်

**နေပြည်တော် ဇူလိုင် ၁၁**

ကချင်ပြည်နယ် မချမ်းဘောမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၁)၏ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးစောနွဲ့ခွန်ဆိုင်ခမ်း (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)မှ ကချင်ပြည်နယ် မချမ်းဘောမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၁)၏ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရားဝမ်ဂျုံ (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)အပေါ် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၈ အရ ရွေးကောက်ပွဲကန့်ကွက်လွှာ တင်သွင်းထားခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၆ ခုနှစ် မေ ၃၀ ရက်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ် ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် ရွေးကောက်ပွဲခုံအဖွဲ့(၂)က ကချင်ပြည်နယ် မချမ်းဘောမြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်အမှတ်(၁)တွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဦးရားဝမ်ဂျုံအား ရွေးကောက်တင်မြှောက်ခြင်းသည် ပျက်ပြယ်ခြင်းမရှိ တရားဝင်ဖြစ်သည်ဟု စီရင်ချက်(အမိန့်) ချမှတ်ခဲ့ခြင်းအပေါ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၇၄ (က) အရ ဦးစောနွဲ့ခွန်ဆိုင်ခမ်းက ဇွန် ၂ ရက်တွင် အယူခံမှုလျှောက်ထားခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အယူခံမှုအမှတ် (၂) ဖြင့် လက်ခံခဲ့ပြီးဖြစ်သည်။

ဇူလိုင် ၁၁ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်အားလုံးပါဝင်သည့် စုံညီခုံရုံးရှေ့မှောက်တွင် ရွေးကောက်ပွဲဥပဒေပုဒ်မ (၇၀) အရ ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ကိုယ်စားဆောင်ရွက်စေရန် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ သင့်လျော်သော ဥပဒေအရာရှိအဆင့် (၁) ထက်မနိမ့်သည့်ပုဂ္ဂိုလ်အား ရုံးတော်သဟာယအဖြစ်ဖိတ်ကြားလျက် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၄(က)နှင့် နည်းဥပဒေ ၉၉ အရ တင်သွင်းလာသည့် ရွေးကောက်ပွဲအယူခံမှုအမှတ်(၂/၂၀၁၆)ကို နှစ်ဖက်လျှောက်လဲချက်များနှင့် ရုံးတော်သဟာယ၏ ဥပဒေအကြံဉာဏ်ပေးချက်များကို ကြားနာပြီးနောက် ဇူလိုင် ၂၉ ရက် နံနက် ၁၀ နာရီတွင် ယင်းအယူခံမှုအတွက် အပြီးသတ်အမိန့်ချမှတ်မည်ဖြစ်ကြောင်း သိရသည်။

ကချင်ပြည်နယ် ဆော့လော်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးစံဝေခေါင်လွမ်း(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)က ကချင်ပြည်နယ် ဆော့လော်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်လွမ်းလမ်း (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)အပေါ် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၈ အရ ကန့်ကွက်လွှာတင်သွင်းထားမှုအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ် ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် ရွေးကောက်ပွဲခုံအဖွဲ့ (၂) က ကချင်ပြည်နယ် ဆော့လော်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဒေါ်လွမ်းလမ်း (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ) ရွေးကောက်တင်မြှောက်ခံရခြင်းသည် အတည်ဖြစ်လျက် လျှောက်ထားသည့် လျှောက်ထားမှုအား ပယ်သည့်စီရင်ချက် (အမိန့်) ချမှတ်ခဲ့ခြင်းအပေါ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၄ (က)အရ ဦးစံဝေခေါင်လွမ်းက ဇွန် ၂ ရက်က အယူခံမှုလျှောက်ထားလာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အယူခံမှုအမှတ်(၃)ဖြင့် လက်ခံပြီးဖြစ်သည်။

ဇူလိုင် ၁၁ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်အားလုံးပါဝင်သည့် စုံညီခုံရုံးရှေ့မှောက်တွင် ရွေးကောက်ပွဲဥပဒေပုဒ်မ (၇၀) အရ ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ကိုယ်စားဆောင်ရွက်စေရန် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ သင့်လျော်သော ဥပဒေအရာရှိ အဆင့်(၁)ထက်မနိမ့်သည့်ပုဂ္ဂိုလ်အား ရုံးတော်သဟာယအဖြစ် ဖိတ်ကြားလျက် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၄(က) နှင့် နည်းဥပဒေ ၉၉ အရ တင်သွင်းလာသည့် ရွေးကောက်ပွဲအယူခံမှုအမှတ် (၃/၂၀၁၆)ကို နှစ်ဖက်လျှောက်လဲချက်များနှင့် ရုံးတော်သဟာယ၏ ဥပဒေအကြံဉာဏ်ပေးချက်များကို ကြားနာပြီးနောက် ဇူလိုင် ၂၉ ရက် နံနက် ၁၀ နာရီတွင် ယင်းအယူခံမှုအတွက် အပြီးသတ်အမိန့်ချမှတ်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# သတင်းစာဆရာတစ်ဦး၏ ကိုယ်တွေ့မှတ်တမ်းထဲမှ အာဇာနည်ဗိုလ်ချုပ်အကြောင်း

## သီသီမင်း

အုတ်နံ့ရုံကို သေနတ်ကျည်ဆန်ထိမှန်ပြီး ထွက်ပေါ်လာသည့် "ဖြောင်း ဖြောင်း" ဆိုသည့်အသံများ၊ "သေကုန်ပြီ သေကုန်ပြီ ဗိုလ်ချုပ်တို့သေကုန်ပြီ" ဆိုသည့် အတွင်းဝန်များရုံးဆီမှ ထွက်ပေါ်လာသည့် အော်ဟစ်ဆူညံသံများ၊ လူအများပြေးလွှားနေသည့် ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်နေ့မြင်ကွင်း။

ထိုစဉ်က အတွင်းဝန်များရုံး၌ ဗိုလ်ချုပ်အောင်ဆန်းတို့၏ အစည်းအဝေး သတင်းသွားယူရင်း တွေ့မြင်ခဲ့ရသည့်အတွေ့အကြုံများက အခုအချိန်ထိ မမေ့နိုင်စရာပုံရိပ်တွေဖြစ်နေဆဲဟု အသက် ၈၀ ကျော်အရွယ်ရှိပြီဖြစ်သည့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအဖွဲ့ဝင် သတင်းစာဆရာကြီးဟံသာဝတီ ဦးအုန်းကြိုင်က ပြောပြသည်။

"ဗိုလ်ချုပ်တို့ ကျဆုံးမယ့်နေ့က သတင်းသွားယူရင်း ဗိုက်ဆာတာနဲ့ သူရိယ သတင်းစာတိုက်ရှေ့က မမကြီးလက်ဖက်ရည်ဆိုင်မှာ မုန့်ဟင်းခါးသွားစား နေတုန်း အသံတွေကြားတာနဲ့ အတွင်းဝန်ရုံးထဲပြေးဝင်တော့ သတင်းထောက် မောင်သန်းက "ကျွန်တော်သတင်းထောက်ပါ။ ကျွန်တော်သတင်းထောက်ပါ။ ကျွန်တော့်ကိုမပစ်ပါနဲ့" အဲ့ဒီလိုအော်တာ။ "ဒါဆိုမှောက်"လို့ ရန်ကြီးအောင်တို့ ဘက်ကအော်တော့ "ဟုတ်ကဲ့" ဆိုပြီး ဝပ်ချလိုက်တာ အခုထိမြင်ယောင်နေ သေးတယ်"ဟု ဦးအုန်းကြိုင်က ပြောပြသည်။


သတင်းစာဆရာကြီး ဟံသာဝတီဦးအုန်းကြိုင်

"အပေါ်ထပ်လှေကားပေါ်ကနေ ဒဏ်ရာရတဲ့သူတွေရော၊ သေတဲ့သူ တွေရော အောက်ကိုချတော့ ဗိုလ်ချုပ်အလောင်းက နောက်ဆုံးမှသယ်လာတာ။ မိုင်းပွန်စော်ဘွားကြီးက လှုပ်နေတုန်း၊ အော်နေတုန်း။ အဲဒီမြင်ကွင်းက ယနေ့ထိ စွဲနေတုန်းပဲ"ဟု သတင်းစာဆရာကြီး ဟံသာဝတီ ဦးအုန်းကြိုင်က ဆက်ပြော သည်။

ရန်ကုန်မြို့ အတွင်းဝန်များရုံး၌ တိုင်းပြည်၏ အနာဂတ်ရေးရာများ ဆွေးနွေးတိုင်ပင်နေစဉ် မသမာသူတို့၏လက်ချက်ဖြင့် ဗိုလ်ချုပ်အောင်ဆန်း၊ ဝန်ကြီးခြောက်ဦး၊ အတွင်းဝန်တစ်ဦးနှင့် သက်တော်စောင့်တစ်ဦးတို့ ကျဆုံး ခဲ့ရသည့်အတွက် ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်သည် ပြည်သူများ နှမြောတသ ဖြေမဆည်နိုင်ဖြစ်ခဲ့ရသည့် မမေ့နိုင်စရာ သမိုင်းဝင်နေ့ဖြစ်ခဲ့သည်။

ထိုခေတ်အခါက ထွက်ရှိသမျှ သတင်းစာ၊ ဂျာနယ်များ၏ မျက်နှာဖုံး များတွင် ထင်ရှားသည့်စာလုံးအမည်းကြီးများဖြင့် "ဗိုလ်ချုပ်အောင်ဆန်းနှင့် အမျိုးသားခေါင်းဆောင်ကြီးများ မသမာသူများလက်ချက်ဖြင့် ကျဆုံး" စသည့်ခေါင်းစဉ်များဖြင့် ဖော်ပြခဲ့ပြီး နောက်ရက်များတွင် ဖရိုဖရဲဖြစ်နေသည့် အတွင်းဝန်များရုံးခန်း၏ ဓာတ်ပုံများကို နောက်ဆက်တွဲသတင်းအနေဖြင့် ဖော်ပြခဲ့သည်ဟု သတင်းစာဆရာတစ်ဦးဖြစ်သူ ဟံသာဝတီ ဦးအုန်းကြိုင်က ပြောသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် အမျိုးသားခေါင်းဆောင်ကြီးများ လုပ်ကြံခံရပြီး နောက်ရက်များတွင် ရန်ကုန်မြို့တစ်မြို့လုံး ခြောက်သွေ့နေခဲ့ပြီး အမျိုးသား ခေါင်းဆောင်ကြီးများအလောင်းကို ရွှေ့ထားခဲ့သည့် ဂျူဗလီဟော၌သာ လာရောက်အလေးပြုကြသူများ၊ ငိုကြွေးကြသူများဖြင့် ပြည်သူများ တိုးမပေါက် အောင် များပြားခဲ့သည်ဟု ဦးအုန်းကြိုင်က ပြောသည်။

"ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်တွေကျဆုံးခဲ့တာ ၆၉ နှစ်ပြည့်ပြီ ပေါ့။ စိတ်ထဲတော့ ခုထိဗိုလ်ချုပ်ရှိသေးတယ်လို့ အောက်မေ့နေတုန်းပဲ၊ ဘာဖြစ် လို့လဲဆိုတော့ တို့သတင်းစာဆရာတွေနဲ့ ဗိုလ်ချုပ်က တရင်းတနှီးနေပြီး တိုင်းပြည်အတွက် ဆောင်ရွက်ခဲ့ကြတယ်။ ဗိုလ်ချုပ်က ခွဲခြားဆက်ဆံတာ မျိုးမရှိခဲ့ဘူး"ဟု သတင်းစာဆရာကြီး ဟံသာဝတီ ဦးအုန်းကြိုင်က ဆိုသည်။

၎င်းအနေဖြင့် ၁၉၄၅ ခုနှစ် သတင်းစာလောကထဲ ရောက်ရှိချိန်မှ စတင်ကာ ဗိုလ်ချုပ်မကျဆုံးမီအချိန်အထိ ဗိုလ်ချုပ်အောင်ဆန်း ပြုလုပ်သမျှ သတင်းစာရှင်းလင်းပွဲများ၊ ဟောပြောပွဲများတွင် လိုက်ပါသတင်းယူခဲ့သည်ဟု သိရသည်။

"မှတ်မှတ်ရရ ထန်းတပင်မှာလုပ်တဲ့ ဗိုလ်ချုပ်ဟောပြောပွဲကို သံတော် ဆင့်သတင်းထောက် ပြည်ထောင်စုကျော်နိုင်ရယ် ဒို့ရယ် နှစ်ယောက်သားသွား တာ။ ကိုယ်ကတိုးတက်ရေးနဲ့ ဟံသာဝတီသတင်းစာတိုက် နှစ်တိုက်လုပ်တာ။ ဗိုလ်ချုပ်က ကိုယ်တို့ကိုတွေ့တော့ "ဟိတ်ဆရာတွေလာ"ဆိုပြီး သူစီးတဲ့ မော်တော်ဘုတ်နဲ့ အတင်းခေါ်သွားလို့ ဟိုဘက်ကမ်းပြန်ရောက်တာ" ဟု အသက် ၂၀ အရွယ်သတင်းသမားဘဝ အတွေ့အကြုံကို ဦးအုန်းကြိုင်က ပြန်ပြောင်းပြောပြသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံရေးခေါင်းဆောင်တစ်ဦးအနေဖြင့် တစ်ဖက်မှ လူထုအားကိုယူပြီး တစ်ဖက်မှလည်း သတင်းစာများ၏ အားကိုရယူကာ သတင်းစာရှင်းလင်းပွဲများပြုလုပ်ပြီး တိုက်ပွဲဝင်ခဲ့သလို နယ်ချဲ့ဗြိတိသျှ အစိုးရဘုရင်ခံကလည်း တန်ပြန်သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ခဲ့ပုံနှင့် စပ်လျဉ်းပြီး ဦးအုန်းကြိုင်က "ဗိုလ်ချုပ်သတင်းစာရှင်းလင်းပွဲ လုပ်ရင် ဘုရင်ခံကလည်း သတင်းသမားတွေဖိတ်ပြီး ပြန်ရှင်းတာပဲ။ သတင်းထောက်တွေက ဘုရင်ခံအိမ်ပြေးလိုက်၊ ဖတပလအဖွဲ့ချုပ်ပြေးလိုက်နဲ့ အလုပ်ကို ရှုပ်နေရောပဲ"ဟု ပြောသည်။

၁၉၄၅ ခုနှစ် မေ ၁၆ ရက်တွင် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ် ရေး(ဖတပလ) ခေါင်းဆောင်များနှင့်အတူ ပထမဆုံးအကြိမ် ဗိုလ်ချုပ်အောင်ဆန်း ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲမှစ၍ (၁၀)ကြိမ်နီးပါး ပြုလုပ်သည့် ပြည်တွင်းသတင်းစာရှင်းလင်းပွဲတိုင်း တက်ရောက်ခဲ့ဖူးသည်ဟု ဦးအုန်းကြိုင်က ပြောသည်။

"အဓိကသတင်းရတဲ့ သတင်းရင်းမြစ်က ဗိုလ်ချုပ်ပဲ။ ဗိုလ်ချုပ်က ပွင့်လင်း တယ်။ ဟန်ဆောင်ပန်ဆောင်မရှိဘူး။ သတင်းထောက်တွေနဲ့ဆို ညီညွတ်တယ်။ သူ့အိမ်မှာသတင်းထောက်တွေ စားလို့သောက်လို့ရတယ်။ အစ်မကြီး ဒေါ်ခင်ကြည်ကလည်း သတင်းထောက်တွေဝင်စားသွားလည်း ဘာမှမပြော ဘူး"ဟု ဦးအုန်းကြိုင်က ပြောသည်။

ယခုထက်တိုင်ပင် ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်သည့် မှတ်တမ်း မှတ်ရာများ၊ သတင်းစာရှင်းလင်းပွဲမှ ကောက်နုတ်ချက်များကို သတင်းစာဆရာ ကြီး ဟံသာဝတီ ဦးအုန်းကြိုင်၏ မှတ်စုများထဲတွင်

"၁၉၄၅ စက်တင်ဘာ ၁ ရက်နေ့တွင် ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ ဖတပလ အဖွဲ့ချုပ်ရုံး၌ ပြုလုပ်ခဲ့သည့်(ဖတပလ)အဖွဲ့ချုပ်၏ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲ"-

"အောက်တိုဘာ ၂၇ ရက်တွင်ပြုလုပ်သည့် ဗမာ့တပ်မတော် ဗိုလ်ချုပ် ရာထူးမှ အငြိမ်းအပိုင်နုတ်ထွက်ပြီး နိုင်ငံရေးနယ်ပယ်ထဲ ခြေစုံပစ်တော့မည်ဖြစ် ကြောင်း ကြေညာခဲ့ပြီး ဘုရင်ခံ၏အမှုဆောင်ကော်မတီမှပါဝင်ဖို့ ဘုရင်ခံ၏ ဖိတ်ကြားချက်ကို လက်မခံကြောင်းပြောကြားခဲ့သည့် သတင်းစာရှင်းလင်းပွဲ"-

"အောက်တိုဘာ ၂၉ ရက်နေ့က ပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲတွင် ဖတပလနှင့် အင်္ဂလိပ်အစိုးရ၏ အခြေအနေများကိုရှင်းပြပြီး လွတ်လပ်ရေး တိုက်ပွဲဝင်ရာတွင် သတင်းစာများရဲ့အားကိုယူချင်ကြောင်း၊ ကူညီကြရန် တိုင်းပြည်ထူထောင်ရေးတွင် ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းခဲ့ကြောင်း သတင်းစာရှင်းလင်းပွဲ"-

"၁၉၄၅ နိုဝင်ဘာ ၁၈ ရက်နေ့ ရွှေတိဂုံအလယ်ပစ္စယံ လူထုအစည်း အဝေးကြီးတွင် ဗြိတိသျှနယ်ချဲ့အစိုးရကို စိန်ခေါ်လိုက်သည့် သမိုင်းဝင်မိန့်ခွန်း ပြောကြားခဲ့ "သတ္တိရှိရင် ရွေးကောက်ပွဲလုပ်ကြရအောင်"ဟု ပြောခဲ့သည့် သတင်းစာရှင်းလင်းပွဲ"-

"၁၉၄၅ ဒီဇင်ဘာ ၂၆ ရက်နေ့ ဖတပလကို ဖဆပလလို့ပြောင်းခဲ့ပြီး သတင်းစာ ဆရာတွေကိုလက်တွဲပြီး လွတ်လပ်ရေးအတွက် လုပ်ကြရအောင်ဟု ပြောသည့် သတင်းစာရှင်းလင်းပွဲ"-

"၁၉၄၆ မတ် ၂၆ ရက်မှာ ရခိုင်ပြည်နယ်သွားပြီး ပြန်လာပြီးနောက် သတင်းစာရှင်းလင်းပွဲ"-

"၁၉၄၆ စက်တင်ဘာ ၂၇ ရက်နေ့ တာဝါလိန်းအိမ်တွင် ဗိုလ်ချုပ်က သတင်းစာရှင်းလင်းပွဲလုပ်ခဲ့ပြီး အင်္ဂလိပ်အစိုးရအဖွဲ့ထဲတွင် ပထမဆုံးလက်ခံ ဝင်ရောက်ထမ်းဆောင်ကြောင်းနဲ့ ဗိုလ်ချုပ်ဦးဆောင်သည့် အမှုဆောင်ကော်မတီ အသစ်ကိုဖွဲ့စည်းခြင်းနှင့်ပတ်သက်ပြီး ဗိုလ်ချုပ်အိမ်တွင်လုပ်သည့် သတင်းစာ ရှင်းလင်းပွဲ"-

"၁၉၄၇ ဇန်နဝါရီ ၅ ရက်နေ့တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် မြန်မာ နိုင်ငံလွတ်လပ်ရေးတိုက်ပွဲအခြေအနေများနှင့် ဗြိတိသျှနန်းရင်းဝန် အက်တလီ ၏ ဖိတ်ကြားချက်အရ ယခု မိမိဘိလပ်သွားရသည့်ကိစ္စ၊ သွားရသည့် ရည်ရွယ် ချက်များနဲ့ အိန္ဒိယနိုင်ငံ၏ နိုင်ငံရေးအခြေအနေအပေါ် ဗိုလ်ချုပ်သုံးသပ်ချက် များကို အိန္ဒိယသတင်းထောက်များကို ရှင်းပြခဲ့သည့် သတင်းစာရှင်းလင်းပွဲ"-

"၁၉၄၇ ဇန်နဝါရီ ၃၀ ရက်တွင် လန်ဒန်မြို့ ဒေါ်ချက်စတာဟိုတယ် အောက်ထပ် (ပါလာ)ခန်းမတွင် သတင်းစာရှင်းလင်းပွဲလုပ်ပြီး အက်တလီနဲ့ သူနှင့် မြန်မာပြည်လုံးဝလွတ်လပ်ရေးရပြီ၊ သဘောတူပြီဆိုသည့် အောင်ဆန်း- အက်တလီစာချုပ်ကို ချုပ်ဆိုခဲ့သည့်အကြောင်း သတင်းစာရှင်းလင်းပွဲ"-

"၁၉၄၇ ဖေဖော်ဝါရီ ၃ ရက်တွင် လန်ဒန်ကပြန်လာပြီးနောက် ဖဆပလ အဖွဲ့ချုပ်တွင် အင်္ဂလိပ်-မြန်မာ ဆွေးနွေးပွဲခေါင်းစဉ်နဲ့ ပတ်သက်ပြီး သတင်းစာ ရှင်းလင်းပွဲ"-

"၁၉၄၇ ခုနှစ် မေလ ၃ ရက်နေ့ ဆွေးနွေးပွဲတွင် ဗိုလ်ချုပ်၏ စိတ်နေ သဘောထား တိုင်းပြည်အခြေအနေမှန်ကို ဖော်ပြခဲ့ရှင်းလင်းပြသခဲ့သည့် သတင်းစာရှင်းလင်းပွဲ" စသဖြင့် စနစ်တကျသိမ်းဆည်းထားသည့် မှတ်တမ်း မှတ်ရာများကြောင့် ဗိုလ်ချုပ်နှင့်သတင်းသမားတို့ကြား သတင်းစာရှင်းလင်းပွဲများ ဖြင့် ပတ်သက်ခဲ့ပုံများကို သိခွင့်ရသည်။

ထိုခေတ်အခါက သူရိယ၊ မြန်မာ့အလင်း၊ဟံသာဝတီ၊ တိုးတက်ရေး၊ ဗမာ့ခေတ်၊ သံတော်ဆင့်၊ ဂျာနယ်ကျော်၊ မဏ္ဍိုင် စသည့် လက်ဝဲသတင်းစာ၊ လက်ယာသတင်းစာများရှိခဲ့ပြီး လက်ဝဲသတင်းစာများက ဗိုလ်ချုပ်ကိုတိုက်ခိုက် နေချိန်လည်းဖြစ်ကြောင်း ဦးအုန်းကြိုင်က ပြောသည်။

"ဗိုလ်ချုပ်တိုင်းပြည်ထူထောင်တဲ့အချိန်မှာ ရေတို၊ ရေရှည်စီမံကိန်းတွေနဲ့ ဆောင်ရွက်နေတဲ့အချိန်မှာ သတင်းစာတွေက အော်ကြတယ်။ ဆော်ကြတယ်။ အလုပ်သမားတွေကို မြှောက်ပေးလို့ အလုပ်သမားတွေ သပိတ်မှောက်တာတွေ အများကြီး ကြုံရတယ်။ ဗိုလ်ချုပ်က တစ်ဖက်က သတင်းသမားတွေကို လက်ကမ်းပြီး တိုက်ပွဲဝင်သလို တစ်ဖက်မှာလည်း ကြိမ်းမောင်းသတိပေးခဲ့တာ တွေရှိတယ်။ ဒါတွေပြန်သတိရမိတယ်"ဟု ဦးအုန်းကြိုင်က ပြောသည်။



ဗိုလ်ချုပ်၏မိန့်ခွန်းများတွင် သတင်းစာများနှင့်ပတ်သက်၍ သတိပေး စကားများ ပြောကြားခဲ့သည်ကို ဦးအုန်းကြိုင်က "ဒီကြားထဲ အစိုးရအပေါ် မလိုလားသူက အစထောင်ပေးနေတဲ့ကိစ္စတွေက ရှိသေးတယ်၊ အဲဒီလို လုပ်နေ ရတဲ့အခါ သခွပ်ပင်က မီးတကျည်ကျည်လုပ်ကြတာတွေကတော့ မကောင်းဘူး။ အလုပ်သမားတွေကို မြှောက်ပေးတဲ့အထဲမှာ သတင်းစာတွေလည်းပါနေတယ်လို့ ကျွန်တော်ပြောချင်တယ်။ အဲဒီလိုသာ ခင်ဗျားတို့ လုပ်နေကြရင် ကျုပ်တို့ ကလည်း ဝတ္တရားအတိုင်း အရေးယူဖို့လုပ်ရမှာပဲ"ဟု ဗိုလ်ချုပ်ပြောသည့်အတိုင်း အသံနေအသံထား ဟန်ပါပါ၊ မာန်ပါပါဖြင့် မှတ်မိသမျှ ပြန်ပြောင်းပြောပြသည်။

ဗိုလ်ချုပ်တို့ လွတ်လပ်ရေးကြိုးပမ်းစဉ်အခါက နိုင်ငံရေးသမားများနည်းတူ သတင်းသမားများကလည်း မျိုးချစ်စိတ်အပြည့်ဖြင့် လွတ်လပ်ရေးကိုထိခိုက်စေ မည့် အမျိုးသားအကျိုးစီးပွားကိုထိခိုက်စေမည့် အရေးအသားများကို အထူးရှောင်ကြဉ်ကြကြောင်းကို "လွတ်လပ်ရေးကိုလိုချင်တာ သတင်းထောက် တွေ ရင်ထဲမှာလည်း အပြည့်ရှိတယ်။ ဒါကြောင့် တိုင်းပြည်အတွက် အကျိုး မရှိတဲ့သတင်းတွေဆို ဘယ်လောက်သိသိမရေးဘူး။ သတင်းသမားဆိုတာ တစ်ဖက်ကသြဇာအာဏာရှိကြသလို တစ်ဖက်ကလည်း ဖမ်းဆီးနှိပ်စက်ခံရ တာတွေလည်း ရှိတယ်"ဟု ဦးအုန်းကြိုင်က ပြောသည်။

၁၉၄၈ ဇန်နဝါရီ ၄ ရက်တွင် မြန်မာပြည်ကြီးလည်း လွတ်လပ်ရေး ရရှိခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်များကို လုပ်ကြံ သတ်ဖြတ်ခဲ့သည့်အမှုကိစ္စတွင်လည်း သတင်းထောက်အချို့မှာ မျက်မြင် သက်သေထွက်ဆိုပေးခဲ့ပြီး ဂဠုန်ဦးစောနှင့် အပေါင်းအပါများလည်း ကြိုးပေး ခံခဲ့ရသည်။

"သတ်တဲ့ဦးစောကလည်း သူရိယသတင်းစာတိုက်ပိုင်ရှင်၊ သေတဲ့ဗိုလ်ချုပ် က အယ်ဒီတာ၊ သတင်းစာဆရာ၊ စာရေးဆရာ၊ ဒီးဒုတ်ဦးဘချိုကလည်း သတင်းစာဆရာ၊ တရားလိုပြသက်သေမောင်သန်းက သတင်းထောက် "ကဲ သတင်းစာသမားတွေနဲ့နိုင်ငံရေးနဲ့က အဲ့သလို ပတ်သက်နေတာ"ဟု ဦးအုန်းကြိုင်က ပြောပြသည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်း ဗိုလ်ချုပ်နှင့် အာဇာနည်ခေါင်းဆောင်များ ကျဆုံးခဲ့သည့် ဇူလိုင် ၁၉ ရက်ကို (အာဇာနည်နေ့)အဖြစ် သတ်မှတ်ခဲ့ပြီး အာဇာနည်နေ့အခမ်းအနားများကို နှစ်စဉ်ကျင်းပလာခဲ့ရာမှ အစိုးရ တစ်ဆက်ကြား ဆယ်စုနှစ်တစ်စုနီးပါး အာဇာနည်နေ့၏ အခန်းကဏ္ဍမှေးမှိန် လာခဲ့ရာမှ ပြီးခဲ့သည့်နှစ်အနည်းငယ်မှစ၍ ရောင်ခြည်သန်းခွင့်ရခဲ့သည်။

ယခုနှစ် ဒီမိုကရေစီ အရပ်သားအစိုးရတက်လာသည့်အချိန် ပထမဆုံး ကျင်းပမည့်(၆၉)နှစ်မြောက် (အာဇာနည်နေ့)အခမ်းအနားတွင် မြန်မာတစ်နိုင်ငံ လုံးရှိ ပြည်သူများပါဝင်ဆင်နွှဲကြမည်ဖြစ်ပြီး နှစ်ရှည်လများပျောက်ကွယ်နေ ပြီဖြစ်သည့် ဥသြဆွဲသံသည်လည်း ပြန်လည်ကြားခွင့်ရတော့မည်ဖြစ်သည်။

နိုင်ငံ၏အခြေအနေအရ လွတ်လပ်ရေးရရှိရန် ကြိုးပမ်းဆောင်ရွက် ပေးခဲ့သည့် အသက် ၃၀ ကျော်အရွယ် လူလတ်ပိုင်းတစ်ဦးဖြစ်သည့် ဗိုလ်ချုပ် အောင်ဆန်းသာ ယခုထက်ထိ သက်ရှိထင်ရှားရှိနေမည်ဆိုပါက "လွတ်လပ်ရေး ရတဲ့အချိန်ထိတော့ ကျုပ်နိုင်ငံရေးလုပ်ရဦးမှာပဲ။ လွတ်လပ်ရေးရပြီးလို့ ပါတီ တိုက်ပွဲတွေဖြစ်တဲ့အချိန်မှာ ကျုပ်ကမပါချင်ဘူး။ ဘေးဖယ်နေမယ်။ သူများ တွေလုပ်တာ ထိုင်ကြည့်ပြီးတော့ ကျုပ်စာရေးနေမယ်။ သတင်းစာဆရာ လုပ်နေမယ်"ဟု သူပြောခဲ့သည့်စကားအတိုင်း သတင်းလောကထဲ ဝင်ရောက် လုပ်ကိုင်နေမည်လားဟု ဗိုလ်ချုပ်အောင်ဆန်း၏သတင်းများကို လိုက်ပါယူခဲ့ ဖူးသူ၊ ယနေ့အချိန်အထိ သတင်းလောကထဲရှင်သန်နေဆဲဖြစ်သည့် သတင်းစာ ဆရာတစ်ဦးဖြစ်သူ ဟံသာဝတီဦးအုန်းကြိုင်က သတိတရဆိုသည်။ ။

# ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်သော စာအုပ်တစ်အုပ်

## ရေးသူ-ဦးဝင်းထိန်

ယခု ကျွန်တော်တင်ပြလိုသော စာအုပ်တစ်အုပ်နှင့် ပတ်သက်၍ နိုင်ငံရေးသုတေသီအချို့နှင့် နိုင်ငံရေးစိတ်ပါဝင်စားသူများက ကြားဖူးကောင်း ကြားဖူးကြပါလိမ့်မည်။ ထိုစာအုပ်၏အမည်ကို ဝိဝါဒကွဲပြားနိုင်သည့်အတွက် မဖော်ပြလိုသော်လည်း မိမိအထင်မှာ Aung San of Burma ဟု ထင်ပါသည်။ သို့သော် ထိုအမည်နှင့် စာအုပ်တစ်အုပ်ကို ကွယ်လွန်သူ သမ္မတဒေါက်တာမောင်မောင်လည်း ရေးခဲ့ဖူးပါသည်။ ကျွန်တော်ဖော်ပြမည့် စာအုပ်ကိုရေးသားသူမှာ အငြိမ်းစားသံအမတ်ကြီး ဦးမောင်မောင် ဖြစ်ပါသည်။

အငြိမ်းစားသံအမတ်ကြီး ဗိုလ်မှူးချုပ်ဟောင်းမောင်မောင်သည် ကိုလိုနီခေတ်တွင် ဆေးတက္ကသိုလ်ကျောင်းသားတစ်ဦးဖြစ်ခဲ့ပါသည်။ ၎င်းသည် မျိုးချစ်စိတ်ဓာတ်ထက်သန်သူတစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံကို ကိုလိုနီဘဝမှ လွတ်မြောက်လျက် လွတ်လပ်ရေးရရှိရန် အင်္ဂလိပ်အစိုးရကို မည်ကဲ့သို့ တော်လှန်ပုန်ကန်ရမည်ကို အစဉ်အမြဲကြံဆနေသူဖြစ်သည်။ မျိုးချစ်စိတ်ဓာတ် မည်မျှထက်သန်သနည်းဟူမူ အင်္ဂလိပ်စစ်တပ်တွင် အမှုထမ်းနေသော ကရင်စစ်သားများထဲမှ လက်နက်ငယ်စာစောင်များကို ငှားယူ၍ ထိုစာအုပ်ပါနမူနာများအတိုင်း လက်နက်ငယ်များကို တုပထုတ်လုပ်ကာ အခြားမျိုးချစ်လူငယ်များအား လက်နက်ငယ်သင်တန်းများ၊ လျှို့ဝှက်သင်တန်းများ ပြုလုပ်ခဲ့သူတစ်ဦးဖြစ်သည်။ ၎င်းသည် မြစ်ဝကျွန်းပေါ်မှ မြောင်းမြဇာတိဖြစ်၍ အင်္ဂလိပ်စစ်တပ်၌ အမှုထမ်းနေသော ကရင်စစ်သည်အချို့မှာ ၎င်း၏ဇာတိမြေမှ ဖြစ်ပါသည်။

ဆေးကျောင်းသား မောင်မောင်သည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်ခေါင်းဆောင်သော BIA တပ်များ မြန်မာပြည်သို့ ရောက်ရှိလာသည့်အခါ BIA တပ်သို့ ခြေစုံပစ်ဝင်ခဲ့ပါသည်။ ၎င်း၏ မျိုးချစ်စိတ်ဓာတ်နှင့် ဆေးကျောင်းသားဘဝ လှုပ်ရှားမှုများကို ဗိုလ်ချုပ်အောင်ဆန်းက သိရှိပြီးဖြစ်သည့်အလျောက် ၎င်းအား ဗိုလ်ချုပ်အောင်ဆန်းက BIA တွင် အရေးပါသော ရာထူးတွင် တာဝန်ပေးခန့်အပ်ခဲ့ပါသည်။ BIA၊ BDA၊ PBF စသဖြင့် ဂျပန်ခေတ်ကာလတွင် အမည်အမျိုးမျိုးပြောင်းလဲ၍ တပ်များဖွဲ့စည်းရာတွင်လည်း ၎င်းသည် အရေးပါသော ရာထူးနေရာများတွင် တာဝန်ပေးခြင်းခံရသည်။ ထို့နောက် ၁၉၄၇ ခုနှစ်၌ သီဟိုနိုင်ငံ(သီရိလင်္ကာ) ကန္ဒီမြို့တွင် ကျင်းပသော အစည်းအဝေးမှပေါ်ထွက်လာသည့် "လက်ျာ-ဖရီးမန်း"စာချုပ်အရ ပြန်လည်ဖွဲ့စည်းသည့် တပ်မတော်အသစ်တွင်လည်း တပ်မတော်ထိပ်တန်းရာထူး၌ တာဝန်ပေးအပ်ခြင်းခံရပါသည်။ လက်ျာ-ဖရီးမန်းစာချုပ်မှာ မြန်မာပြည်မှ ကာကွယ်ရေးဝန်ကြီး ဗိုလ်လက်ျာနှင့် အင်္ဂလန်နိုင်ငံကာကွယ်ရေးဝန်ကြီး မစ္စတာဖရီးမန်းတို့၏ အမည်များကို ယူထားခြင်းဖြစ်သည်။

ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခကာလ၌ တပ်မဟာမှူးအဖြစ် တာဝန်ယူနေစဉ် တပ်မဟာဌာနချုပ်မှ ထိပ်တန်းခေါင်းဆောင်များနှင့်အတူ ကရင်လက်နက်ကိုင် KNDO များ၏ ဖမ်းဆီးခြင်းခံရပါသည်။ ဗိုလ်မှူးကြီးမောင်မောင်နှင့် တပ်မဟာဌာနချုပ်မှ အရာရှိများသည် တစ်နှစ်ကျော်ကြာမျှ KNDO များကဖမ်းဆီး၍ မကြာခဏ နေရာပြောင်းချုပ်နှောင်ခြင်းကို ခံခဲ့ရပါသည်။ ထိုအရာရှိများကို တပ်မတော်စစ်ကြောင်းများမှ တိုက်ခိုက်ကယ်တင်ခဲ့ရာ တောင်ငူမြို့အနီး တစ်နေရာမှ ပြန်လည်လွတ်မြောက်ခဲ့ပါသည်။ ထိုသို့ လွတ်မြောက်ပြီးနောက် ၎င်းအား တပ်မတော် လေ့ကျင့်ညွှန်ကြားရေးမှူး (Director of Military Training -DMT)အဖြစ် တာဝန်ပေးအပ်ခြင်းခံခဲ့ရပြီး ၁၉၆၂ ခုနှစ်၌ ဗိုလ်မှူးချုပ်အဖြစ် ရာထူးတိုးမြှင့်ခြင်းခံခဲ့ရပါသည်။

### အိမ်စောင့်အစိုးရ

ဦးမောင်မောင်သည် ကျောင်းသားဘဝကတည်းက နိုင်ငံရေးစိတ်ဓာတ် ပြင်းပြခဲ့သူတစ်ဦးဖြစ်ပါသည်။ လွတ်လပ်ရေးရသည့် အချိန်မှစ၍ တိုင်းပြည်အုပ်ချုပ်သော ဖဆပလအစိုးရ၏ လုပ်ဆောင်ချက်များကိုလည်း အစဉ်အမြဲ လေ့လာခဲ့သူတစ်ဦးဖြစ်ပါသည်။ ၁၉၅၉-၁၉၆၀ တွင် ပေါ်ပေါက်ခဲ့သော အိမ်စောင့်အစိုးရကာလတွင် ၎င်းသည် အစိုးရတာဝန်များထမ်းဆောင်ခဲ့ခြင်းမရှိခဲ့ပါ။ တပ်မတော်ဆိုင်ရာအဓိကတာဝန်များကိုသာ ၎င်းအား ထမ်းဆောင်စေခဲ့ပါသည်။ ထိုခေတ်က ထင်ရှားသော အခြားတပ်မတော်ခေါင်းဆောင်တစ်ဦးမှာ ဗိုလ်မှူးချုပ်အောင်ကြီးဖြစ်ပါသည်။ ဦးနေဝင်းသည် အိမ်စောင့်အစိုးရကာလ၌ တိုင်းပြည်တာဝန်များနှင့် လုံးပန်းနေချိန်တွင် ဗိုလ်မှူးချုပ်အောင်ကြီးနှင့် ဗိုလ်မှူးချုပ် မောင်မောင်တို့က တပ်မတော်ကို ဦးဆောင်ခဲ့သည်ဟုသိရပါသည်။ ၁၉၅၉ ခုနှစ် သန့်ရှင်း၊ တည်မြဲ အကွဲအပြဲ၌ နိုင်ငံတော်တာဝန်ကို လွှဲပြောင်းပေးပြီး တပ်မတော်ကို အိမ်စောင့်အစိုးရတာဝန်ယူစေလာအောင် ထိုသူနှစ်ဦးက ခေါင်းဆောင်၍ ဝန်ကြီးချုပ်အား အရေးဆိုခဲ့သည်ဟု ဆိုကြပါသည်။

### တပ်မတော်သားဘဝမှ သံတမန်ဘဝသို့

၁၉၆၀ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးတွင် အနိုင်ရရှိသော ဦးနုခေါင်းဆောင်သည့် ပြည်ထောင်စုအစိုးရတက်လာပြီးသည့်နောက်ဝယ် တပ်မတော်အတွင်း၌လည်း အပြောင်းလဲများစွာ ဖြစ်ပေါ်ခဲ့ပါသည်။ အထွေထွေရွေးကောက်ပွဲတွင် ကြားမနေဘဲ ဘက်လိုက်ခဲ့သည်ဟု စွပ်စွဲခံရသောထိပ်တန်းအရာရှိ တစ်ဒါဇင်ကျော်ကျော်ခန့်ကို တပ်မတော်မှ အနားပေးခဲ့ပါသည်။ ထိုအရာရှိကြီးများထဲတွင် ဗိုလ်မှူးချုပ်မောင်မောင်မှာ ပထမဦးဆုံးဖြစ်သည်။ ဗိုလ်မှူးချုပ်မောင်မောင်နုတ်ထွက်ရခြင်းမှာ ရွေးကောက်ပွဲကိစ္စအပြင် အခြားသောကိစ္စများ ပါဝင်သည်ဟု သတင်းဖြစ်ခဲ့သော်လည်း ဖြစ်ရပ်မှန်ကိုမူ ဦးနေဝင်းနှင့် ဗိုလ်မှူးချုပ်မောင်မောင်နှစ်ဦးတို့သာ သိကြမည်ဖြစ်သည်။ ယခုတော့ ထိုနှစ်ဦးလုံး ကွယ်လွန်သွားခဲ့ပါပြီ။ တပ်မတော်က

**အမှန်စင်စစ်အားဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် ကျောင်းသားဘဝတွင် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန် တစိုက်မတ်မတ် ကြိုးစားခဲ့သည်။ ထို့အပြင် ဂျပန်နိုင်ငံသို့ စွန့်စားသွားရောက်ခဲ့ပြီး ဗမာ့တပ်မတော်ဟူ၍ ပေါ်ထွန်းလာရန် ကြိုးပမ်းခဲ့ရာ အောင်မြင်ခဲ့သည်။ တစ်ဖန် မြန်မာနိုင်ငံလွတ်လပ်ရေး ရရန်အတွက် လက်ရုံးရည်၊ နှလုံးရည်တို့ဖြင့် စွမ်းဆောင်ခဲ့သဖြင့် မြန်မာပြည်လည်း လွတ်လပ်ရေးရခဲ့သည်။ ဤသို့ ကြီးမားသောဂုဏ်ပုဒ်ကို မြန်မာနိုင်ငံလွတ်လပ်ရေးသမိုင်းတွင် မည်သူမျှ ယှဉ်နိုင်မည်မဟုတ်ပါ. . .**

နုတ်ထွက်ရပြီးနောက် ဗိုလ်မှူးချုပ်မောင်မောင်မှာ အစ္စရေးနိုင်ငံ သံအမတ်အဖြစ် ခန့်အပ်စေလွှတ်ခြင်းခံခဲ့ရပါသည်။

### စာအုပ်ရေးရန် အကြံ

သံအမတ်ကြီးဦးမောင်မောင်သည် အသက်ပြည့်၍ အငြိမ်းစားယူရာတွင် ဗိုလ်ချုပ်အောင်ဆန်းအကြောင်းကို ရေးသားရန် အကြံပေါ်ပေါက်ခဲ့ပါသည်။ ထိုသို့ရေးသားရန် အကြံပေါ်လာရခြင်း၏ နောက်ကွယ်က အကြောင်းရင်းမှာ ဦးနေဝင်းဖြစ်ပါသည်။ ဦးနေဝင်း အာဏာရလာသောအခါ မသိမသာတစ်မျိုး၊ သိသိချည်းတစ်မျိုးဖြင့် ဗိုလ်ချုပ်အောင်ဆန်းကဏ္ဍကို သေးသိမ်အောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသည်။ အထူးသဖြင့် ဦးနေဝင်းနှင့် နီးစပ်သော ဝန်ကြီးများနှင့် တပ်မှူးကြီးများအားလုံးတို့ သိကြပါသည်။ မိမိတို့ဘဝလုံခြုံရေးနှင့် အကြောက်တရားကြောင့်သာ အောင့်သက်သက်နှင့် ငြိမ်ခံနေကြခြင်းဖြစ်ပါသည်။

အမှန်စင်စစ်အားဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် ကျောင်းသားဘဝတွင် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန် တစိုက်မတ်မတ် ကြိုးစားခဲ့သည်။ ထို့အပြင် ဂျပန်နိုင်ငံသို့ စွန့်စားသွားရောက်ခဲ့ပြီး ဗမာ့တပ်မတော်ဟူ၍ ပေါ်ထွန်းလာရန် ကြိုးပမ်းခဲ့ရာအောင်မြင်ခဲ့သည်။ တစ်ဖန် မြန်မာနိုင်ငံလွတ်လပ်ရေးရရန်အတွက် လက်ရုံးရည်၊ နှလုံးရည်တို့ဖြင့် စွမ်းဆောင်ခဲ့သဖြင့်မြန်မာပြည်လည်း လွတ်လပ်ရေးရခဲ့သည်။ ဤသို့ ကြီးမားသော ဂုဏ်ပုဒ်ကို မြန်မာနိုင်ငံလွတ်လပ်ရေးသမိုင်းတွင် မည်သူမျှ ယှဉ်နိုင်မည်မဟုတ်ပါ။

ဦးနေဝင်းသည် ဗိုလ်ချုပ်အောင်ဆန်း၏ကဏ္ဍကို အသိအမှတ်မပြုလိုပါ။ အဘယ်ကြောင့်ဆိုသော် ဗိုလ်ချုပ်အောင်ဆန်း သက်ရှိထင်ရှားရှိစဉ် တပ်မတော်ကို ဦးဆောင်စဉ်ကာလက ဦးနေဝင်းအား စစ်စည်းကမ်းအရ အကြိမ်ကြိမ်အရေးယူခဲ့သည့် အကြောင်းကို အများပြည်သူမသိစေလိုသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ဦးနေဝင်းသည် ဗိုလ်ချုပ်အောင်ဆန်း၏ကဏ္ဍကို သေးသိမ်စေလိုသည်ဟု ယူဆဖွယ်ရာ အကြောင်းများ ပြုလုပ်ခဲ့ပါသည်။ ဥပမာ "ဗိုလ်ချုပ်အောင်ဆန်းကကွာ သက်ရှည်လို့ ဘုန်းမကြီးဘူးကွာ"ဟူသော မှတ်ချက်ကို သူနှင့်အနီးကပ် နေထိုင်သူများက ကြားဖူးသည်ကို ပြန်ပြော၍ သိရပါသည်။ ဆိုလိုသည်မှာ ဗိုလ်ချုပ်အောင်ဆန်းက သူလိုသက်ရှင်ခြင်း၊ ဘုန်းကြီးခြင်း မရှိဘူးဟု ဆိုလိုခြင်းဖြစ်ပါသည်။ ထို့အပြင် အာဏာနည်နေ့တိုင်း တက်ရောက်ဂါရဝပြုသည့် ပုဂ္ဂိုလ်များ၏ အဆင့်အတန်းမှာလည်း နှစ်ကြာလာသည်နှင့်အမျှ နိမ့်ကျလာသည်ကို တွေ့ရပါသည်။ ထို့ပြင် ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိကိုရေးရန် ပုဂ္ဂိုလ်အချို့က တိုက်တွန်းတိုင်း နည်းမျိုးစုံဖြင့် ဟန့်တားခဲ့ပါသည်။ ထိုသို့သော အကြောင်းများကြောင့် ဦးမောင်မောင်သည် ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိကိုရေးသင့်သည်ဟု ဆုံးဖြတ်ခဲ့ပါသည်။ ထိုအကြောင်းကို ရေးဖြစ်ခဲ့လျှင် ပြည်သူချစ်သော ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝဇာတ်လမ်း အပြည့်အစုံကို အဖြစ်မှန်ဖော်ထုတ်ခြင်းဖြင့် ပြည်သူလူထု ကျေနပ်အားရလိမ့်မည်ဟု ယူဆရပါသည်။ ထို့ပြင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဦးနေဝင်းတို့၏ ဆက်ဆံရေးကိုလည်း ဖော်ထုတ်နိုင်လိမ့်မည်ဖြစ်သည်။ ဂျပန်ခေတ်ကာလက ဗိုလ်ချုပ်အောင်ဆန်းသည် တပ်မတော်ခေါင်းဆောင်အနေဖြင့် ဦးနေဝင်း၏ စည်းကမ်းဖောက်မှုများကို အကြိမ်ကြိမ် အရေးယူခဲ့ဖူးသည့် သာဓကများစွာ ရှိခဲ့ဖူးကြောင်း အထက်တွင်တင်ပြခဲ့ပြီးပါပြီ။ ဗိုလ်မှူးချုပ်ဟောင်းမောင်မောင်မှာ ထိုကာလတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အနီးကပ်တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သဖြင့် ထိုဖြစ်ရပ်များကို ခရေစေ့တွင်းကျ သိရှိသူဖြစ်သည်။ ဤစာအုပ်ရေးသားခြင်းဖြင့် ခဲတစ်လုံးနှင့် ငှက်နှစ်ကောင်ပစ်လိုက်သည့်သဘောဟု ယူဆဟန်တူပါသည်။

### နည်းလမ်းရှာမည်

အငြိမ်းစားသံအမတ် ဗိုလ်မှူးချုပ်ဟောင်းမောင်မောင်အနေဖြင့် ဤသို့သောစာအုပ်ကို ရေးနိုင်ရန်မှာ အချက်အလက်အထောက်အထားများ ခိုင်လုံရမည်ကို သိရှိပါသည်။ ထို့ပြင် သက်ရှိထင်ရှားရှိနေသေးသော အင်္ဂလန်နိုင်ငံရှိ ကိုလိုနီအရာရှိကြီးများအပြင် ဂျပန်ခေတ်က ဂျပန်စစ်အရာရှိဟောင်းများနှင့်လည်း တွေ့ဆုံမေးမြန်းရန် လိုအပ်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ ဦးမောင်မောင်သည် ထိုစာအုပ်ကိုရေးသားရန် အင်္ဂလန်နိုင်ငံနှင့် ဂျပန်နိုင်ငံသို့ သွားရောက်ရန် လိုအပ်နေပါသည်။ သို့မှသာ ထိုပုဂ္ဂိုလ်များကိုတွေ့ရှိ၍ မှတ်တမ်းများရယူနိုင်ပါမည်။ ထိုကိစ္စများဆောင်ရွက်နိုင်ရန် ကုန်ကျစရိတ်များပြားမည်မှာ သေချာသလောက်ရှိပါသည်။ ထိုကုန်ကျစရိတ်များကို ၎င်းအနေဖြင့် မည်သို့မျှတတ်နိုင်မည် မဟုတ်ပါ။ သို့ဖြစ်၍ ထိုခေတ်က ဤသို့သော သုတေသနအခြေခံ သမိုင်းဝင်စာအုပ်များကို ရေးသားလျှင် ပံ့ပိုးကူညီသောအဖွဲ့အစည်းများ၊ တက္ကသိုလ်များ ရှိခဲ့ပါသည်။ ထိုသို့သော အဖွဲ့အစည်းများကို စူးစမ်းရှာဖွေရပါပြီ။

သံအမတ်ကြီးဟောင်းဦးမောင်မောင်သည် ၎င်း၏ စိတ်ကူးထားသော ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိကို ရေးသားရာတွင် လိုအပ်သောကုန်ကျစရိတ်များကို ထောက်ပံ့နိုင်ရန် အဖွဲ့အစည်းကို ရှာဖွေကြည့်သောအခါ နယ်သာလန်၊ ဟော်လန်နိုင်ငံမှကမ္ဘာကျော် The Hague University ကို တွေ့ရှိလိုက်သည်။ သို့ဖြစ်၍ တက္ကသိုလ်အာဏာပိုင် အဖွဲ့အစည်းထံသို့ ၎င်းရေးသားမည့် စာအုပ်အကြောင်း အကြမ်းဖျင်း ရေးသားတင်ပြလိုက်ပါသည်။ ထိုသို့ရေးသားရာတွင် အဓိကအချက်မှာ တပ်မတော်ဖခင်၊ နိုင်ငံ့လွတ်လပ်ရေးဗိသုကာ တစ်ဦး၏ဖြစ်စဉ်ကို ရေးသားရန် ပိတ်ပင်ထားသည့်အတွက် တရားဝင်အတ္ထုပ္ပတ္တိ လုံးဝရေးနိုင်ခြင်းမရှိသေးကြောင်းကို အထူးဖော်ပြထားပါသည်။ ထိုစာအုပ်ရေးသားရာတွင် တွေ့ဆုံလိုသော ပုဂ္ဂိုလ်များရှိရာ ဂျပန်နိုင်ငံ၊ အင်္ဂလန်နိုင်ငံတို့သို့ သွားရောက်ရမည့် ခရီးစဉ်များနှင့် ကုန်ကျစရိတ်များကိုပါ ထည့်သွင်းဖော်ပြထားပါသည်။ The Hague University မှ အာဏာပိုင်များသည် ၎င်း၏တင်ပြလွှာကိုဖတ်ရှုပြီး ၎င်းအား ဟော်လန်နိုင်ငံသို့ခေါ်၍ လူကိုယ်တိုင် တွေ့ဆုံမေးမြန်းကြပါသည်။

ထိုသို့ လူတွေ့မေးမြန်းခြင်းကြောင့် တက္ကသိုလ်အာဏာပိုင်များကကျေနပ်ပြီး ၎င်းအား ထိုစာအုပ်ရေးဖြစ်ရန် Grant Money အသုံးစရိတ် ခွင့်ပြုသတ်မှတ်ချထားပေးလိုက်ပါသည်။ ဒေါ်လာသောင်း ဂဏန်းခန့်ရှိမည်ဟု ခန့်မှန်းရပါသည်။

### စာအုပ်ရေးပြီ

အငြိမ်းစားသံအမတ်ကြီး ဦးမောင်မောင်သည် ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်သော စာအုပ်ရေးသားရန် အကြမ်းဖျင်းကဏ္ဍများရေးဆွဲပြီး တွေ့ဆုံမေးမြန်းရမည့် ပုဂ္ဂိုလ်အမည်စာရင်းများကို ပြုစုပါသည်။ ကနဦးအားဖြင့် မြန်မာပြည်တွင်း၌ သက်ရှိထင်ရှားရှိနေကြသော တပ်မတော်၏ခေါင်းဆောင်ဟောင်းများ၊ ဥပမာ-ဗိုလ်မှူးချုပ်ဟောင်းအောင်ကြီး (ယခုကွယ်လွန်)၊ ဗိုလ်မှူးချုပ်ဟောင်းအောင်ရွှေ (NLD ဥက္ကဋ္ဌဟောင်း)တို့ကဲ့သို့သော ပုဂ္ဂိုလ်များ၊ ကိုလိုနီခေတ်တွင် မြန်မာပြည်တွင် တာဝန်ထမ်းဆောင်ခဲ့သော အင်္ဂလန်ရှိ ကိုလိုနီအရာရှိဟောင်းများနှင့် ဂျပန်နိုင်ငံရှိ စစ်အတွင်း၌ ဗိုလ်ချုပ်အောင်ဆန်းနှင့်ရင်းနှီးခဲ့သော ဂျပန်စစ်ခေါင်းဆောင်တို့၏စာရင်းများကို ပြုစုရပါသည်။ ထို့ပြင် တပ်မတော်မော်ကွန်းတိုက်တွင် သိမ်းဆည်းထားသော မှတ်တမ်းမှတ်ရာများကိုလည်း ရှာဖွေဖတ်ရှုလေ့လာရပါသည်။

ဦးမောင်မောင်သည်စာအုပ်ကို စတင်ရေးသားပြီး အနည်းငယ်ပုံပေါ်လာသောအခါ အင်္ဂလန်နိုင်ငံသို့ သွားရောက်၍ ကိုလိုနီခေတ်က မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့သော အရာရှိကြီးများနှင့်တွေ့ဆုံ၍ အချက်အလက်များ မေးမြန်းမှတ်သားခဲ့ပါသည်။ ဗြိတိန်လွှတ်တော်ရှိ ကိုလိုနီခေတ်ဆိုင်ရာ စာရွက်စာတမ်းများကိုလည်း တောင်းဆိုခြင်းနှင့် လိုအပ်ပါက မိတ္တူကူးယူခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ရက်သတ္တပတ် အနည်းငယ်ကြာပြီးနောက် မြန်မာပြည်သို့ပြန်လာကာ စုဆောင်းရရှိခဲ့သော အချက်အလက်များပေါ်မူတည်၍ စာအုပ်ကို ဆက်လက်ရေးသားခဲ့ပါသည်။ ထို့နောက် ဂျပန်နိုင်ငံသို့ သွားရောက်၍ဂျပန်ခေတ်အတွင်းက မြန်မာပြည်စစ်မြေပြင်တွင် အမှုထမ်းခဲ့သော ဂျပန်စစ်အရာရှိဟောင်းများနှင့်တွေ့ဆုံ၍ မှတ်တမ်းများ ပြုစုခဲ့ပါသည်။ ထိုဂျပန်စစ်အရာရှိဟောင်းများမှာ ဂျပန်တပ်မတော်တွင် အမှုမထမ်းကြတော့ဘဲ အချို့လည်း အငြိမ်းစားယူကြပြီးဖြစ်လျက် အချို့မှာ စီးပွားရေးနယ်ပယ်အသီးသီးတွင် ပါဝင်နေကြပါသည်။ ဦးမောင်မောင်သည် ဂျပန်နိုင်ငံ၌ ရက်သတ္တပတ်အနည်းငယ်မျှ အချိန်ယူခဲ့ပြီးနောက် မြန်မာပြည်သို့ ပြန်လာကာ စာအုပ်ကို ဆက်လက်ရေးသားခဲ့ပါသည်။

### အနှောင့်အယှက်

သံအမတ်ကြီး ဦးမောင်မောင်၏ လှုပ်ရှားမှုများကို ဦးနေဝင်းက အမြဲတမ်းသိရှိနေခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် သံအမတ်ကြီး ဦးမောင်မောင်၏ လန်ဒန်သို့ သွားရောက်စဉ် လေဆိပ်အဝင်/အထွက်မှတ်တမ်း၊ အလားတူပင် ဂျပန်နိုင်ငံသို့ သွားရောက်ရာတွင် လေဆိပ်အဝင်/အထွက်မှတ်တမ်းများကို ထောက်လှမ်းရေးမှ ဦးနေဝင်းထံ သို့ အမြဲတမ်းသတင်းပို့ရပါသည်။ (၁၉၈၈ မတိုင်မီက ဒေါ်အောင်ဆန်းစုကြည် မြန်မာပြည်သို့ ပြန်လာတိုင်း လေဆိပ်အဝင်/အထွက်မှတ်တမ်းများကိုလည်း ဦးနေဝင်းထံသို့ ဓာတ်ပုံနှင့်တကွ သတင်းပို့ရပါသည်။)

ထို့ကြောင့် ဦးနေဝင်းက သံအမတ်ကြီး ဦးမောင်မောင်၏ ပြည်ပခရီးစဉ်များကို သိရှိထားပြီး ဖြစ်ပါသည်။ ဦးမောင်မောင် ဂျပန်မှ ပြန်လာပြီးနောက် ရက်သတ္တပတ်အနည်းငယ်အတွင်း ဦးနေဝင်းက သံအမတ်ကြီး ဦးမောင်မောင်အား ၎င်းထံသို့ နေ့လယ်စာစားရန် ဖိတ်ကြားခံရပါသည်။ အချိန်မှာ ၁၉၈၆ ခုနှစ်ဟု ထင်ပါသည်။ (မသေချာပါ)ဦးနေဝင်းမှာ ပါတီဥက္ကဋ္ဌအဖြစ် မေခလမ်း(အေဒီလမ်း)တွင် နေထိုင်လျက် ဦးမောင်မောင်မှာ မလိခလမ်း(ဂျူဘန်းလမ်း)အစွန်နားရှိ ကက်သလစ်ဘာသာသင်တန်းကျောင်းအနီးတွင် နေထိုင်ပါသည်။ **စာမျက်နှာ ၈ ကော်လံ ၅ သို့**

**☆ စစ်ကိုင်းတိုင်းဒေသကြီးမှ**

ယင်းနောက် ချင်းတွင်းတံတား (ကလေးဝ) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေက တံတားအတွက် ရန်ပုံငွေရရှိမှု အခြေအနေ၊ ရေလယ်တိုင်လုပ်ငန်း၊ သံပေါင်တပ်ဆင်ခြင်းလုပ်ငန်း၊ တံတားချဉ်းကပ်လမ်းလုပ်ငန်းများပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ကလေးဝ-ကျီကုန်း-တမူးလမ်းပေါ်ရှိ လမ်းတံတားများ အဆင့်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက တံတား၏ကြံ့ခိုင်မှုနှင့် အရည်အသွေးတွင် စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ရန်နှင့် ဆယ့်နှစ်ရာသီသွားလာနိုင်သည့် လမ်းအဆင့်မြှင့်တင်ခြင်းဖြစ်စေရေး မှာကြားသည်။

ချင်းတွင်းတံတား(ကလေးဝ)သည် စစ်ကိုင်းတိုင်းဒေသကြီး ရေဦး-ကလေးဝလမ်းပေါ်တွင် တည်ရှိပြီး သံမဏိသံပေါင်၊ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ကာ တံတားအရှည် ၈၅၄ ဒသမ ၈၈ မီတာ ရှည်လျားသည်။ ယခုအခါ စီမံကိန်းလုပ်ငန်းများ ၇၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပြီး ၂၀၁၇ ခုနှစ် မတ်လအပြီးဆောင်ရွက်ရန် လျာထားကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ချင်းပြည်နယ် ဖလမ်းမြို့နယ်ရှိ မဏိပူရ ရေလှောင်တမံဘက်စုံစီမံကိန်းသို့ရောက်ရှိကြရာ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်ထွန်းက မဏိပူရရေလှောင်တမံ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ EIA၊ SIA စူးစမ်းလေ့လာရေးလုပ်ငန်းများကို နိုင်ငံတကာပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက နိုင်ငံတော်နှင့် ဒေသခံပြည်သူများအတွက် အကျိုးရှိစေမည့် စီမံကိန်းဖြစ်ရန် အရေးကြီးကြောင်း၊ လက်ရှိလျာထားသည့်စီမံကိန်းထက် မဏိပူရရေလှောင်တမံအထက်တွင် တမံနှစ်ခု ထပ်မံတည်ဆောက်ပြီး လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၀၀၀ အထိ ထုတ်လုပ်နိုင်ရေး နိုင်ငံတကာပညာရှင်များနှင့် ပူးပေါင်း၍ စူးစမ်းလေ့လာမှုလုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်ရန်လိုကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်နိုင်ပါက ရေလှောင်တမံပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများအတွက် စိုက်ပျိုးရေရရှိမည်ဖြစ်ပြီး လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားပြီး စီမံကိန်းဧရိယာကို ရှုရပ်မှ ကြည့်ရှုသည်။

မဏိပူရရေလှောင်တမံသည် ဖလမ်းမြို့နယ်ရှိ မဏိပူရမြစ်ပေါ်တွင်တည်ရှိပြီး စီမံကိန်းလုပ်ငန်းအားလုံး၏ ၁၉ ဒသမ ၅၇ ရာခိုင်နှုန်းပြီးစီးပြီဖြစ်သည်။ စီမံကိန်းပြီးစီးပါက ရေသောက်ဧရိယာဧက ၈၀၀၀၀ အား ဆည်ရေပေးဝေနိုင်ရန် ရည်ရွယ်ထားပြီး လက်ရှိတွင်ဆည်ရေသောက်ဧရိယာ ၄၃၀၅ ဧကကို ရေပေးဝေလျက်ရှိသည်။

မွန်းလွဲပိုင်းတွင် ကလေးမြို့ မြောက်စည်းကျေးရွာကမ်းပါးပြိုမှုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ ပညာရေး၊ ကျန်းမာရေး အခြေအနေများကို မေးမြန်းသည်။

ယင်းနောက် ကလေးမြို့ အောင်ဇေယျာရပ်ကွက်ရှိ မြို့နယ်အားကစားရုံသို့ သွားရောက်၍ သဘာဝဘေးအန္တရာယ်ကျရောက်ပါက အသုံးပြုနိုင်ရန် ကြိုတင်စုဆောင်းထားသည့် လူသုံးကုန်ပစ္စည်းများ၊ မိုးကာတဲများနှင့် အရေးပေါ်ကူညီကယ်ဆယ်ရေးလှေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယသမ္မတက ပစ္စည်းများအလေအလွင့်မရှိစေရန်နှင့် စနစ်တကျထားရှိရန် မှာကြားသည်။

ထို့ပြင် ခရီးစဉ်အတွင်း ကလေးမြို့ရှိ ပြည်သူ့ဆေးရုံကြီး၊ သူနာပြုကျောင်းနှင့် တာဟန်းကျေးလက်ကျန်းမာရေးဌာနများ၏ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကလေးမြို့ တပ်နယ်ခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့သည်။ **(သတင်းစဉ်)**

**○ မန္တလေး-မြစ်ကြီးနားမှ**

လည်းကောင်း၊ အထက်တန်းအိပ်စင်လက်မှတ်ခတစ်စောင်လျှင် ကျပ် ၂၂၅၀၀ အစား ကျပ် ၁၇၀၀၀ ဖြင့် လည်းကောင်း အသီးသီးလျှော့ချပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့လျှော့ချပေးခြင်းမှာ အထူးအမြန်ရထားစီးသူ များလာစေရန်နှင့် ခရီးသည်များအဆင်ပြေစွာသွားလာနိုင်ရန်ဆောင်ရွက်ခြင်းဖြစ်ပြီး မန္တလေး-ရွှေဘို ရိုးရိုးတန်း၊ အထက်တန်း၊ အထက်တန်းအိပ်စင်၊ မန္တလေး-ကောလင်း ရိုးရိုးတန်း၊ အထက်တန်း၊ အထက်တန်းအိပ်စင်၊ မန္တလေး-နဘားရိုးရိုးတန်း၊ အထက်တန်း၊ အထက်တန်းအိပ်စင်၊ မန္တလေး-မိုးညှင်း ရိုးရိုးတန်း၊ အထက်တန်း၊ အထက်တန်းအိပ်စင်၊ မန္တလေး-ဟိုပင် ရိုးရိုးတန်း၊ အထက်တန်း၊ အထက်တန်းအိပ်စင်၊ မန္တလေး-မိုးကောင်း ရိုးရိုးတန်း၊ အထက်တန်း၊ အထက်တန်းအိပ်စင် တို့ကိုလည်း ဘူတာစဉ်အလိုက် လက်မှတ်ခများကို လျှော့ချကောက်ခံသွားမည်ဖြစ်ကြောင်းသိရသည်။ **(ရဲဝင်း)**



ရုပ်ရှင်ရုံ ၁၀၀ စီမံကိန်းနှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပစဉ်။

**✻ ရုပ်ရှင်ရုံ ၁၀၀ မှ**

"အဲဒီလိုရွေးချယ်ပြသတဲ့အတွက် ဘယ်ကားကတော့ ဘယ်လောက်မြတ်သွားပြီဆိုတာကို သိရမယ်။ ဒီတော့ သေချာတာတစ်ခုက အမြတ်အစွန်းများများရဖို့ ပရိသတ်ကြိုက်နှစ်သက်တဲ့ အရည်အသွေးမြင့် ဇာတ်ကားတွေကိုသာ ပြန်ပြီး ရိုက်ကူးလာကြမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်" ဟု Maze ကုမ္ပဏီဥက္ကဋ္ဌ ဦးလွင်မိုးက ပြောသည်။

လာမည့် ဩဂုတ်လမှစတင်၍ အောင်ပန်းနှင့် တိုက်ကြီးမြို့တို့တွင် ရုပ်ရှင်ရုံနှစ်ရုံ ပထမဆုံးဆောက်လုပ်မည်ဖြစ်ပြီး ယင်းနောက် ရုပ်ရှင်ရုံနည်းပါသည့် နယ်မြို့များတွင် ဦးစားပေးတည်ဆောက်သွားမည်ဖြစ်သည်။

တည်ဆောက်မည့် ရုပ်ရှင်ရုံများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် ၂၄ ရုံ၊ ပဲခူးတိုင်းဒေသကြီးတွင် ၁၂ ရုံ၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၁၉ ရုံ၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၅ ရုံ၊ မကွေးတိုင်းဒေသကြီးတွင် ကိုးရုံ၊ ရှမ်းပြည်နယ်တွင် ၁၂ ရုံ၊ မွန်ပြည်နယ်တွင် ခြောက်ရုံ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ရှစ်ရုံ၊ ရခိုင်ပြည်နယ်တွင် ခြောက်ရုံ၊ တနင်္သာရီတိုင်းဒေသကြီးတွင် နှစ်ရုံ၊ ကချင်ပြည်နယ်တွင် တစ်ရုံ၊ ကရင်ပြည်နယ်တွင် တစ်ရုံ၊ ချင်းပြည်နယ်တွင် တစ်ရုံနှင့် ကယားပြည်နယ်တွင် တစ်ရုံ ဆောက်လုပ်သွားမည်ဖြစ်သည်။ တည်ဆောက်ရေးကို နှစ်လလျှင် ၁၅ ရုံခန့်ဖြင့် နှစ်နှစ်အတွင်းအပြီးတည်ဆောက်သွားမည်ဟု သိရသည်။

ရုပ်ရှင်ရုံတစ်ရုံလျှင် လူဦးရေ ၃၁၆ ဦးခန့် ဝင်ရောက်ကြည့်ရှုနိုင်ပြီး ရုပ်ရှင်လတ်မှတ်များကို ငွေကျပ် ၁၀၀၀၊ ၁၅၀၀၊ ၂၀၀၀၊ ၂၅၀၀ သတ်မှတ်ထားကြောင်း သိရသည်။

**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ-ဌေးအောင်(ကြေးမုံ)**

## ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်မြင့်တက်နိုင်

**နေပြည်တော် ဇူလိုင် ၁၁**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ မော်လိုက်မြို့တွင် လေးပေခန့် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ အလားတူ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့၊ မင်းကင်းမြို့နှင့် ကနီမြို့တို့တွင် နှစ်ပေခန့်စီ၊ မုံရွာမြို့တွင် နှစ်လက်မခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ကလေးဝမြို့၊ မင်းကင်းမြို့နှင့် ကနီမြို့တို့တွင် တစ်ပေခန့်စီနှင့် မုံရွာမြို့တွင် ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ချင်းတွင်းမြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။ **(ကြေးမုံ)**

## ရတနာပုံတက္ကသိုလ်၌ ပညာရပ်ဆိုင်ရာ ဟောပြောပွဲ ကျင်းပမည်

**မန္တလေး ဇူလိုင် ၁၁**

စိတ်ကူးလွင်ပြင်အဖွဲ့က ဦးစီးကျင်းပသော ပထမအကြိမ် ပညာရပ်ဆိုင်ရာ ဟောပြောပွဲကို ဇူလိုင် ၁၂ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရတနာပုံတက္ကသိုလ် ပြည်ထောင်စုခန်းမ၌ ကျင်းပမည် ဖြစ်သည်။

အဆိုပါပွဲတွင် "မြန်မာနိုင်ငံတက္ကသိုလ်ပညာရေး အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်" ခေါင်းစဉ်ဖြင့် ဆရာမ ဂျူး၊ ဒေါက်တာတင်မောင်သန်း(သင့်ဘဝ)၊ ဒေါက်တာအောင်မြင့်(ဆေး-မန်း) တို့က ဟောပြောဆွေးနွေးသွားမည့်အပြင် စိတ်ကူးချိုချိုစာအုပ်တိုက်မှ သုတ၊ ရသစာအုပ်များကို ငါးရာခိုင်နှုန်းလျှော့ဈေးဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

ဟောပြောပွဲသို့ ရတနာပုံတက္ကသိုလ် ကျောင်းသား ကျောင်းသူများသာမက အခြားတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

**(အောင်ဖြိုးကျော်)**

**စာမျက်နှာ ၇ မှ**

ဦးမောင်မောင်သည် ဦးနေဝင်းထံသို့ နေ့လယ်စာစားရန် ရောက်လာသောအခါ ဦးနေဝင်းက ဦးမောင်မောင်အား ၎င်း၏ပြည်ပခရီးစဉ်များနှင့်ပတ်သက်၍ မေးမြန်းပါသည်။ ဦးမောင်မောင်က ၎င်းရည်ရွယ်ထားသော ဗိုလ်ချုပ်အောင်ဆန်း၏အတ္ထုပ္ပတ္တိစာအုပ်ရေးရန်အတွက် သုတေသနခရီးစဉ်များဖြစ်ကြောင်း ပြောကြားပါသည်။ ထိုအခါ ဦးနေဝင်းက ၎င်း၏ စာအုပ်မူကြမ်းရေးပြီးလျှင် ပုံနှိပ်ထုတ်ဝေခြင်းမပြုမီ ၎င်းအားပြသရန် ခိုင်မာစွာပြောဆိုပါသည်။

**ငယ်ကြောက်**

ဦးနေဝင်း၏တောင်းဆိုချက်ကို ကြားသိရသောအခါ ဦးမောင်မောင်အတွက် အကျပ်အတည်းတွေ့စေပါသည်။ သူသည် စာအုပ်တွင် ဗိုလ်ချုပ်အောင်ဆန်း၏ဖြစ်စဉ်များကို ဖော်ပြထားသည်သာမက ဂျပန်ခေတ်တွင် ဦးနေဝင်းအား ဗိုလ်ချုပ်အောင်ဆန်းက စစ်စည်းကမ်းအရ အရေးယူခဲ့သည့် ဖြစ်စဉ်များကို ပြည့်စုံစွာဖော်ပြထား၍ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဦးနေဝင်း၏ တောင်းဆိုချက်ကြောင့် ဦးမောင်မောင်အတွက် များစွာအခက်အခဲဖြစ်ပေါ်စေပါသည်။ သို့သော် ဦးမောင်မောင်အဖို့ ဦးနေဝင်း၏ တောင်းဆိုချက်ကို ငြင်းပယ်နိုင်စွမ်းမရှိပါ။ အဘယ်ကြောင့်ဆိုသော် ဦးမောင်မောင်သည် ဦးနေဝင်းအား "ငယ်ကြောက်"ဖြစ်နေ၍ပင် ဖြစ်ပါသည်။

ဦးမောင်မောင်သည် ဗိုလ်ချုပ်အောင်ဆန်းအကြောင်း စာအုပ်ကို ခြောက်လခန့်မျှ အချိန်ယူရေးသားပြီးစီးခဲ့ပါသည်။ ထိုသို့ရေးသားရာတွင် လက်နှိပ်စက်ကို ကိုယ်တိုင်ရိုက်နှိပ်၍ရေးသားခြင်းဖြစ်ပါသည်။ လက်နှိပ်စက်ရိုက်ချိန်၌ မင်ခံစက္ကူအသုံးပြုသဖြင့် စုစုပေါင်းကော်ပီနှစ်ခုဖြစ်ပါသည်။ ထိုသို့ရိုက်နှိပ်ပြီးနောက် ဦးမောင်မောင်သည် မူရင်းကော်ပီကို ဦးနေဝင်းထံသို့ သွားရောက်ပြသခဲ့ပါသည်။ ဦးနေဝင်းက အချိန်ယူဖတ်ရမည်ဖြစ်သဖြင့် စာမူအား ထားခဲ့ရန်ပြောရာ စာမူကိုထားပြီး မိမိအိမ်သို့ပြန်သွားခဲ့ပါသည်။ မင်ခံစက္ကူဖြင့် ကော်ပီပွားရှိကြောင်းကိုမူ ဦးနေဝင်းအား ပြောကြားခဲ့ဟန်မတူပါ။

ရက်အနည်းငယ်ကြာသောအခါ ဦးနေဝင်းက ဦးမောင်မောင်အား ခေါ်ပြန်ပါသည်။ ဤအကြိမ်တွေ့ဆုံရာတွင် ဦးမောင်မောင်၏ စာအုပ်မူကြမ်း၌ ဦးနေဝင်းနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့အကြောင်းပါသော စာမျက်နှာများကို ဦးနေဝင်းက မင်နီများဖြင့်သားကာ ပုံနှိပ်ထုတ်ဝေရာတွင် ထိုအပိုင်းများကို ထည့်သွင်းခြင်းမပြုရန် ပြောပါသည်။ အထက်တွင် တင်ပြသကဲ့သို့ ဦးမောင်မောင်သည် ဦးနေဝင်းအား ငယ်ကြောက်ဖြစ်သည့်အလျောက် ဦးနေဝင်းပြောသမျှ ငြင်းပယ်နိုင်စွမ်းမရှိပါ။ တင်စားဖော်ပြရလျှင် ဦးမောင်မောင်သည် ထိုနေ့က ဦးနေဝင်းအိမ်မှခေါင်းငိုက်စိုက်ချ၍ ပြန်လာခဲ့ရသည်ဟု ဆိုရပါမည်။

**ဒေါ်အောင်ဆန်းစုကြည်ထံသို့**

ဦးမောင်မောင်သည် ဦးနေဝင်း ဆင်ဆာလုပ်ထားသောစာမူကို ယူဆောင်လျက် နယ်သာလန်နိုင်ငံ The Hague University သို့ သွားရောက်၍ နောက်ဆုံးစာမူကိုတင်ပြပါသည်။ ထိုတက္ကသိုလ်မှ တာဝန်ရှိသူများက ၎င်း၏စာမူကို ဖတ်ကြားအတည်ပြုပြီးနောက် ပုံနှိပ်ထုတ်ဝေရန် အတည်ပြုဆုံးဖြတ်ခဲ့ပါသည်။ စာအုပ်၏အမည်ကိုလည်း နှစ်ဖက်သတ်မှတ်အတည်ပြုခဲ့ကြပါသည်။ စောင်ရေမည်မျှ ရိုက်နှိပ်ထုတ်ဝေသည်ကို မသိပါ။ အနည်းဆုံး ၅၀၀/၁၀၀၀ ခန့်ရှိမည်ဟု ခန့်မှန်းရပါမည်။

ဦးမောင်မောင်သည် တက္ကသိုလ်မှကိစ္စများပြီးစီးသောအခါ အင်္ဂလန်နိုင်ငံသို့ သွားရောက်ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခဲ့ပါသည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံ၍ မြန်မာပြည်တွင် ဦးနေဝင်းနှင့် တွေ့ဆုံခဲ့သည့်အကြောင်းများ၊ စာမူကြမ်းကို ဦးနေဝင်းက ဆင်ဆာလုပ်သည့် အကြောင်းများကို ပြောကြားခဲ့ပါသည်။ ထို့နောက် ဦးနေဝင်းမသိအောင် ချန်ထားခဲ့သောကော်ပီကို ဒေါ်အောင်ဆန်းစုကြည်အား ပေးအပ်ခဲ့ပါသည်။ ထိုစာမူတွင် ဦးနေဝင်းကို ဗိုလ်ချုပ်အောင်ဆန်းက အရေးယူခဲ့သော ဖြစ်စဉ်များပါရှိခဲ့သည်ဟု ဆိုပါသည်။

**မိုက်ခရိုဖလင်ဘဝသို့**

The Hague University က ထိုစာအုပ်ကို မည်မျှထုတ်ဝေသည်ကို မမှတ်မိတော့သော်လည်း မြန်မာပြည်သို့မူ နှစ်အုပ်သာရောက်ရှိသည်ဟု သိရပါသည်။ ထိုစာအုပ်များကိုဦးနေဝင်းထံ၌သိမ်းထားသည်ဟု ကြားသိရပါသည်။ မှန်၊ မမှန် တိကျစွာမပြောနိုင်ပါ။ သေချာသည့်အချက်တစ်ချက်ကိုတော့ ပြောနိုင်ပါသည်။ ၎င်းမှာ ထိုစာအုပ်ကို ဦးနေဝင်း၏အမိန့်အရ မိုက်ခရိုဖလင်အဖြစ်ပြောင်းလဲပြီး တက္ကသိုလ်များစာကြည့်တိုက်တွင် လျှို့ဝှက်သိမ်းထားစေခဲ့ပါသည်။ ထိုမိုက်ခရိုဖလင်မှာ ၁၉၈၈ခုနှစ်အထိ တက္ကသိုလ်များစာကြည့်တိုက်တွင် ရှိနေခဲ့ပါသည်။ ဤကဲ့သို့ဆိုနိုင်ခြင်းမှာ ထိုကာလအတွင်း အဆိုပါမိုက်ခရိုဖလင်ကို စာရေးသူကိုယ်တိုင် ငှားရမ်းဖတ်ရှုခဲ့ရ၍ဖြစ်ပါသည်။ တက္ကသိုလ်များစာကြည့်တိုက်မှငှားရမ်း၍ ဖတ်ရှုခဲ့ရသဖြင့် ဤသို့တင်ပြနိုင်ခြင်းဖြစ်ပါသည်။ ခေတ်အဆက်ဆက်အခြေအနေများ ပြောင်းလဲခဲ့ပြီးဖြစ်ရာ ထိုမိုက်ခရိုဖလင်သည် တက္ကသိုလ်များစာကြည့်တိုက်တွင် ရှိနေသေးမည်ဟု မထင်မိတော့ပါ။

ယခုအခါ မြန်မာနိုင်ငံကို ဒီမိုကရေစီလမ်းကြောင်းသို့ ဦးတည်သည့် အစိုးရတာဝန်ယူနေပြီဖြစ်ပါသည်။ အလားတူပင် မီဒီယာလွတ်လပ်မှုလည်း အထိုက်အလျောက်ရနေပါပြီ။ ဤကာလတွင် ဗိုလ်မှူးချုပ်ဟောင်း အငြိမ်းစားသံအမတ်ကြီး ဦးမောင်မောင်၏ ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိစာအုပ်ကို မူလစာရေးသူ၏အာဘော်အတိုင်း အပြည့်အစုံရိုက်နှိပ်ထုတ်ဝေသင့်ပါပြီ။ ထို့မျှမက အင်္ဂလိပ်ဘာသာစာအုပ်ကို တက္ကသိုလ်အဆင့်တွင် ပြဋ္ဌာန်း၍ မြန်မာဘာသာပြန်ဆိုလျက် ၎င်းစာအုပ်ကို အထက်တန်းကျောင်းများတွင် ပြဋ္ဌာန်းသင့်သည်ဟုယူဆလျက် အာဏာပိုင်များကို ထိုသို့ပြုလုပ်ကြပါရန် တိုက်တွန်းအပ်ပါသည်။ ။

***မှတ်ချက်။ ။ ကွယ်လွန်သူ သမ္မတ ဒေါက်တာမောင်မောင်ကလည်း Aung San of Burma စာအုပ်တစ်အုပ်ရေးခဲ့ဖူးပါသည်။ ထိုစာအုပ်တွင် ဗိုလ်ချုပ်အောင်ဆန်းအကြောင်းကို ၎င်းကိုယ်တိုင်ရေးသားသည့်ဆောင်းပါးအပြင် အခြားပုဂ္ဂိုလ်များရေးသားသောဆောင်းပါးများလည်း ပါဝင်ပါသည်။***

# ဝင်ငွေခွန်တောင်းခံလွှာပုံစံ၊ ပတခ(၀၉)-ဂ အကြောင်း သိကောင်းစရာ

## M မောင်မောင်

၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေဖြင့် စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ် အခွန်နှုန်း တိုးမြှင့်ပြောင်းလဲမှုကြောင့် ဝင်ငွေရလမ်း တင်ပြနိုင်သော ဝင်ငွေ (ငွေဖြူ) အထောက်အထားသည် လွန်စွာ အရေးပါလာပြီဖြစ်သည်။ အရေးပါသည့်အလျောက် ပြည်သူတို့ စိတ်ဝင်စားမှု ပိုမိုများပြားလာသည်ကိုလည်း တွေ့ရှိရသည်။

**စည်းကြပ်မှုမှ လွတ်ကင်းနေသောဝင်ငွေ**

စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေ (စကလက) ကို ယခင်က ဝင်ငွေရလမ်း မဖော်ပြနိုင်သော ဝင်ငွေ (ရလမဖ) ဟု ခေါ်ပါသည်။ အရပ်ခေါ်အားဖြင့် ငွေမည်း ဖြစ်သည်။ တည်ဆဲဝင်ငွေခွန် ဥပဒေပုဒ်မ ၁၄ အရ စည်းကြပ်မှု လွတ်ကင်းနေသော ဝင်ငွေသည် မိမိမည်ကဲ့သို့ ရရှိခဲ့သည်ကို အတိအကျ မဖြေရှင်းနိုင်သည့် မရွှေ့ပြောင်း နိုင်သော ပစ္စည်း (ဥပမာ-အိမ်ခြံမြေ) သို့မဟုတ် ငွေ အပါအဝင် ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းတစ်ရပ်ရပ်ကို ဆိုလိုခြင်းဖြစ်သည်။ မရွှေ့ပြောင်းနိုင်သော ပစ္စည်း ဆိုသည်က ရှင်းပါသည်။ သင်လွယ် မြင်လွယ်ရှိသည်။ ငွေအပါအဝင် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများတွင် အဖိုးတန် လက်ဝတ်ရတနာများကို မည်သည့်နည်းဖြင့် ရယူခဲ့ကြောင်း မည်သူ သိနိုင်ပါမည်နည်း။ ကာယကံရှင်သာ အသိဆုံးဖြစ်ပါလိမ့်မည်။

၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေ ပုဒ်မ ၂၄ တွင် စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ် အခွန်စည်းကြပ်ခြင်းသည် တရားမဝင် ရရှိသည့်ပစ္စည်းများ ပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့် လည်းကောင်း၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ အရ အရေးယူသည့် ကိစ္စရပ်များနှင့်လည်းကောင်း မသက်ဆိုင်စေရဟု ပြဋ္ဌာန်းပါရှိသည်ကို တွေ့ရှိရသည်။ သို့ဆိုလျှင် စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ် ဤပုဒ်မအရ အခွန်စည်းကြပ်ခံရသူများသည် တရားဝင် ရရှိသည့်ငွေနှင့် ပစ္စည်းများ ပိုင်ဆိုင်ခဲ့သည်ဟု ယူဆရန် အကြောင်း ရှိပါသည်။ တရားဝင်ရရှိသော ငွေနှင့် ပစ္စည်း များဖြစ်ပါလျှင် ဤပုဒ်မအရ အခွန်စည်းကြပ်လည်း အကြောင်းမရှိနိုင်ပါ။ ထို့ပြင် ထိုမျှ များပြားသော ငွေနှင့် ပစ္စည်းများ ပိုင်ဆိုင်မှုအတွက် အတိအကျ မဖြေရှင်းနိုင်ခြင်း သည် ရှုးနေလို့လား၊ သို့မဟုတ် ရှုးချင်ယောင်ဆောင်နေ လို့လားဟု မေးရန် ရှိပါသည်။ ထားတော့ အဓိက ပြောလို သည်မှာ ဝင်ငွေရလမ်း တင်ပြနိုင်သော ဝင်ငွေ (ငွေဖြူ) အထောက်အထားဖြစ်သည်။

စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေသည် ဘယ် အချိန်မှာ ပေါ်ပေါက်လာနိုင်ပါသနည်း။ ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေ ပုဒ်မ ၂၄ အရ နိုင်ငံသား မည်သူမဆို အခြေပစ္စည်းတစ်ရပ်ရပ်ကို ဝယ်ယူ ခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်း၊ လုပ်ငန်းအသစ် တည် ထောင်ခြင်း၊ လုပ်ငန်းတိုးချဲ့ခြင်းတို့ ဆောင်ရွက်လျှင် စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေပေါ်ပေါက်လေ့ ရှိသည်။ ထိုပစ္စည်းများ ဝယ်ယူ၊ တည်ဆောက်၊ တိုးချဲ့ ခြင်းများအတွက် အသုံးပြုသော ငွေမှ ဝင်ငွေရလမ်း (အတိအကျ) တင်ပြနိုင်သော ဝင်ငွေကို နုတ်ပယ်၍ ကျန်ငွေအပေါ်တွင်သာ စည်းကြပ်ခြင်းဖြစ်သည်။ အသုံး ပြုသော တန်ဖိုးငွေအားလုံးအပေါ် ဝင်ငွေရလမ်း အတိအကျ တင်ပြနိုင်လျှင် ဝင်ငွေခွန် ထမ်းဆောင်ရန် မလိုအပ်ပါ။ သို့ဆိုလျှင် အတိအကျ တင်ပြနိုင်သော ဝင်ငွေရလမ်းသည် မည်သည့် ဝင်ငွေကို ဆိုလိုပါသနည်း။

**ဝင်ငွေရလမ်း အထောက်အထား**

တိကျသော၊ သို့မဟုတ် ခိုင်မာသော ဝင်ငွေရလမ်း အထောက်အထားနှင့်ပတ်သက်၍ တည်ဆဲဝင်ငွေခွန် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများတွင် ပြဋ္ဌာန်းသတ်မှတ် ထားခြင်းမရှိကြောင်း တွေ့ရှိရသည်။ ထို့ပြင် အခွန်ဦးစီး ဌာနတွင် ဝင်ငွေရလမ်း အထောက်အထားနှင့်စပ်လျဉ်း၍ တိကျခိုင်မာသော လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များ မရှိပေ။ ရှိခဲ့လျှင်လည်း ကြာခဲ့ပြီဖြစ်၍ နှောင်းလူတို့ မသိ နိုင်တော့ပါ။ သို့ဆိုလျှင် ဝင်ငွေရလမ်း အထောက်အထား ကို မည်သို့သတ်မှတ်ခွင့်ပြုနေကြပါသနည်း။ အာစရိယဝါဒ ဖြင့် အလျဉ်းသင့်သလို သတ်မှတ်ခွင့်ပြုနေကြခြင်း ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ အာစရိယဝါဒ ဆိုသည်မှာ= လုပ်ပိုင်ခွင့်ရှိသူ၏ နှုတ်ထွက်စကား သဘောထားပင်ဖြစ် သည်။ မည်သို့ပင်ဆိုစေ အခွန်နှုန်းအပြောင်းအလဲကြောင့် ဝင်ငွေရလမ်း(ငွေဖြူ) အထောက်အထားနှင့်စပ်လျဉ်း၍ ပြည်သူအများစုက စိတ်ဝင်တစား သိလိုကြပါသည်။ သိလို သူတို့သည် အလွှာစုံမှ ဖြစ်သော်လည်း အမျိုးအစားခွဲ လျှင် နှစ်မျိုးသာရှိသည်။ အခွန်ဆောင်ဖူးသူနှင့် အခွန် မဆောင်ဖူးသူ ဟူ၍ဖြစ်သည်။ ထိုသူတို့သည် သူပြော၊ ငါပြော အများသဘောဖြင့် ဝင်ငွေခွန်တောင်းခံလွှာ ပုံစံ၊ ပတဒ(၀၉)-ဂ ကို ဝင်ငွေရလမ်း (ငွေဖြူ)အထောက်အထား အဖြစ် မှတ်ယူနေကြသည်ဟု သိရှိရပါသည်။ တည်ဆဲဝင်ငွေ ခွန်ဥပဒေအရ အခွန်တောင်းခံလွှာ ပတခ (၀၉)- ဂ သည် ငွေဖြူအတွက် အထောက်အထားတစ်ရပ်ဟုတ်၏၊ မဟုတ် ၏ ဤဆောင်းပါးဖြင့် ရှင်းလင်းဖော်ပြမည်ဖြစ်ပါသည်။

**ဝင်ငွေခွန် တောင်းခံလွှာ ပုံစံ၊ ပတခ (၀၉)-ဂ**

အခွန်ထမ်းတချို့ပင်လျှင် အခွန်တောင်းခံလွှာကို မမြင်ဖူးကြပါ။ အကြောင်းမှာ တချို့ အခွန်ရုံးဝန်ထမ်းများ သည် ပြီးစလွယ် ငွေသွင်းချလန် ပတခ (၀၉)-၁၉ ချည်း သက်သက် ပေးပို့အခွန်သွင်းစေခြင်းကြောင့် ဖြစ်သည်။ ဝင်ငွေခွန်တောင်းခံလွှာ ပတခ (၀၉-ဂ) ၏ ထိပ်တွင် ဘာရေးထားပါသနည်း။ 'ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၅၃ အရ အခွန်တောင်းခံလွှာ' ဟူ၍ အနက်ဖြင့် ရေးသားထားသည် ကို တွေ့ရှိရမည်ဖြစ်သည်။ သို့ဆိုလျှင် ပုဒ်မ ၅၃ က ဘာကို ပြဋ္ဌာန်းပါသနည်း။ ကြည့်ရအောင်ပါ။

'၅၃၊ ဤဥပဒေအရ ချမှတ်သော အမိန့်ကြောင့် အခွန် တစ်ရပ်ရပ် ထမ်းဆောင်ရန်ရှိသောအခါ မြို့နယ်အခွန် ဦးစီးဌာနမှူးသည် အခွန်တောင်းခံလွှာကို စည်းမျဉ်းများအရ ပြဋ္ဌာန်းထားသည့်ပုံစံဖြင့် ထမ်းဆောင်ရန်ရှိသော အခွန် ကိုဖော်ပြလျက် အခွန်ထမ်းထံသို့ ပေးပို့အတည်ပြုရမည်။'

ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သည် ဝင်ငွေခွန်စည်းမျဉ်းများ အပိုဒ် ၁၅ အရ ဝင်ငွေခွန် ပုံစံများကို ထုတ်ပြန်ရခြင်းဖြစ်သည်။

**အဓိက ဖော်ပြချက်**

အခွန်တောင်းခံလွှာ၏ အဓိက ဖော်ပြချက်များမှာ အခွန်ထမ်းအမည်နှင့် လိပ်စာ၊ အခွန်ထမ်းမှတ်ပုံတင်အမှတ်၊ အခွန် တောင်းခံလွှာ (CDN/ LDN) အမှတ်နှင့် နေ့စွဲ၊ ကျသင့်အခွန်နှင့် ဒဏ်ငွေ။ ထိုအခွန်နှင့် ဒဏ်ငွေကို မည်သည့်နေ့မတိုင်မီ၊ မည်သည့်မြို့ရှိ မည်သည့်ဘဏ်တွင် ပေးဆောင်ရန်ဖြစ်ကြောင်း၊ ပေးဆောင်ရန် ပျက်ကွက်ပါက အရကောက်ခံဖွယ်ရှိကြောင်း၊ စည်းကြပ်မှုနှင့် ဒဏ် တပ်ရိုက်မှုကို အယူခံဝင်လိုပါက ဤအကြောင်းကြားစာ ရရှိပြီး နောက်တစ်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အယူခံ ဝင်နိုင်ကြောင်း ဖော်ပြထားသည်။

အခွန်တောင်းခံလွှာ၏ ကျောဘက်တွင် ဝင်ငွေ အမျိုးအစားအလိုက် သတ်မှတ်ဝင်ငွေ၊ သက်သာခွင့်များ၊ ကျသင့်အခွန်၊ ကြိုတင်ပေးဆောင်ခဲ့သည့်အခွန်၊ ထပ်မံပေး ဆောင်ရန်၊ သို့မဟုတ် ပြန်အမ်းရန် ငွေများအတွက် ရှင်းလင်းဖော်ပြထားသည်။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၅၃ အရလည်းကောင်း၊ အခွန်တောင်းခံလွှာ ပုံစံပါဖော်ပြချက် များအရ လည်းကောင်း ဝင်ငွေရလမ်း (ငွေဖြူ)အတွက် အထောက်အထားဖြစ်ကြောင်း တစ်လုံးတစ်ပါဒမျှ ဖော်ပြ ထားသည်ကို မတွေ့ရှိရပါ။ သို့ဆိုလျှင် အခွန်ထမ်းပြည်သူ များက အဘယ့်ကြောင့် အခွန်တောင်းခံလွှာကို ဝင်ငွေ ရလမ်း (ငွေဖြူ) အထောက်အထားအဖြစ် လွဲမှားစွာ မှတ်ထင်နေကြပါသနည်း။ အကြောင်းရှိသည်။ ပထမ အချက်မှာ မော်တော်ယာဉ် ရောင်းဝယ်မှုများ၊ အိမ်ခြံမြေ ရောင်းဝယ်မှုများ စည်းကြပ်ရာတွင် ထိုအခွန်တောင်းခံ လွှာတွင် မလိုအပ်ဘဲ သတ်မှတ်တန်ဖိုးကို အပိုဆာဒါး ရေးပေးခဲ့သောကြောင့်ဖြစ်သည်။ ဒုတိယအချက်မှာ ထိုပစ္စည်းတန်ဖိုး ရေးထားသော အခွန်တောင်းခံလွှာကို အထောက်အထားပြု၍ ငွေဖြူအထောက်အထားအဖြစ် အသုံးပြုခဲ့ကြသောကြောင့်လည်းဖြစ်သည်။ အမှန်မှာ အခွန်တောင်းခံလွှာသည် အခွန်တောင်းခံလွှာသာ ဖြစ် သည်။ ဝင်ငွေရလမ်း (ငွေဖြူ)အတွက် အထောက်အထား မဟုတ်ပါ။ အခွန်ဌာနတွင် တိကျခိုင်မာသော ဝင်ငွေရလမ်း (ငွေဖြူ)အထောက်အထားအတွက် လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များ လိုအပ်လျက်ရှိကြောင်း ပြည်ထောင်စု အစိုးရသစ်အား ထောက်ပြလိုပါသည်။

စည်းကြပ်မှု အမိန့်အရ အခွန်တောင်းခံရာတွင် အခွန် တောင်းခံလွှာ မပါဘဲ ချလန်ချည်းသက်သက်ပေးဖို့ အခွန် သွင်းစေခြင်းသည် နိုင်ငံတော်က ရသင့်ရထိုက်သော အခွန်ငွေများ အချိန်မီ မရနိုင်သလို အခွန်ထမ်းအတွက် လည်း အယူခံဝင်ခွင့်ကိုလည်း ဆုံးရှုံးစေနိုင်ပါသည်။ အခွန် တောင်းခံလွှာကို ပေးပို့အတည်ပြုနိုင်ခြင်း မရှိလျှင် ဥပဒေ အရ အခွန်တောင်းခံခြင်း မမည်သဖြင့် အခွန်ပေးသွင်းရန် ပျက်ကွက်မှုရှိလာလျှင် အခွန်ကြွေးဟု သတ်မှတ်ရန် ခဲယဉ်း ပါလိမ့်မည်။ ဤမျှလောက်ဆိုလျှင် အခွန်ထမ်းပြည်သူများ ဝင်ငွေခွန် တောင်းခံလွှာပုံစံ၊ ပတခ (၀၉)-ဂ အကြောင်း အတော်အသင့် သိမြင်လိမ့်မည်ဟု ယူဆမိပါသည်။ ။



# ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု(ဗဟို)ကြီးကြပ်ရေးအဖွဲ့ အစည်းအဝေးကျင်းပ

**ရန်ကုန် ဇူလိုင် ၁၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဌာန သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန ဘုန်းတော်ကြီး ကျောင်းပညာသင်ကြားမှု (ဗဟို) ကြီးကြပ်ရေးအဖွဲ့ (၂၃)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေး ကုန်းမြေရှိ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) ဘွဲ့နှင်းသိမ်မွေ့ရုံ၌ ကျင်းပရာ သဘာပတိ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု(ဗဟို) ကြီးကြပ်ရေး အဖွဲ့ဝင်၊ နိုင်ငံတော်သံဃမဟာ နာယက အဖွဲ့ဝင် အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ စိန္တိတာလင်္ကာရက အဖွင့်သြဝါဒ ကထာ မြွက်ကြားတော်မူသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက် ထားပြီး ဗဟိုကြီးကြပ်ရေးအဖွဲ့ (၂၂) ကြိမ်မြောက် အစည်းအဝေးမှတ်တမ်း ဆုံးဖြတ်ချက်များကို ဖတ်ကြား အတည်ပြုချက် ရယူသည်။

ထို့နောက် ဗဟိုကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးဘဟိန်းက (၂၂)ကြိမ်မြောက် အစည်းအဝေး မှတ်တမ်းပါ ဆုံးဖြတ်ချက်များ၊ အကောင်အထည်ဖော် ဆောင်ရွက် ပြီးစီးမှုအခြေအနေနှင့် ဆောင်ရွက် ရန် လုပ်ငန်းစဉ်များကို လျှောက်ထား ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့ ဆရာတော်များ က ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် ဌာနဆိုင်ရာများက ဆွေးနွေးလျှောက်ထားကြပြီး ဆွေးနွေး လျှောက်ထားချက်များနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်များချမှတ်ကာ သဘာ ပတိဆရာတော်က နိဂုံးချုပ်သြဝါဒ ကထာ မြွက်ကြားသည်။ **(သတင်းစဉ်)**

# ရော်ဘာရွက်ဖြင့် ပန်းအလှဆင်သင်တန်း ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုအားပေး

**ဘားအံ ဇူလိုင် ၁၁**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ဇူလိုင် ၈ ရက်က ဘားအံမြို့ ဗိုလ်ချုပ်လမ်းရှိ ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာန ဝန်ထမ်းလေ့ကျင့်သင်တန်းခန်းမသို့ သွားရောက် ၍ ရော်ဘာရွက်ဖြင့် ပန်းအလှဆင် သင်တန်းသားများ၏ လေ့ကျင့်နေမှုများကို သွားရောက်ကြည့်ရှုပြီး အားပေး စကားပြောကြားသည်။

သင်တန်းနည်းပြအဖြစ် လာရောက်သင်ကြားပေး သော ရော်ဘာသုသေတနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာနမှ ပညာရှင်ဒေါ်သီတာကျော်က လက်လှမ်းမီ အလွယ်တကူ ဝယ်ယူရရှိနိုင်သော လူသုံးကုန်ပစ္စည်းများဖြင့် ရော်ဘာရွက် ကို အခြေခံအသုံးပြုပြီး ပန်းအမျိုးမျိုး၊ အလှပန်းထိုးနည်း ပညာဆိုင်ရာများ စာတွေ့လက်တွေ့ သင်ကြားပို့ချပေး နေမှုများကို ရှင်းလင်းတင်ပြသည်။

ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်းရှိ အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ် အနေဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ကျွမ်းကျင်တတ် မြောက်အောင် လေ့ကျင့်သင်ကြားကြရန်၊ ရော်ဘာရွက် ပန်းအလှဆင် နည်းပညာပြန့်ပွားရေးအတွက် အားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ဈေးကွက်ထိုး ဖောက်ရရှိရေးကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် တာဝန် ရှိသူများအား မှာကြားပြီး သင်တန်းသားများ၏ လက်တွေ့ လုပ်ဆောင်နေမှုကို ကြည့်ရှုအားပေးခဲ့ကာ နည်းပြပညာရှင် များနှင့် ပြည်နယ်အတွင်းဆင့်ပွားသင်တန်းများ ပို့ချရေးကို ဆွေးနွေးခဲ့ကြသည်။

ရော်ဘာရွက်ဖြင့် ပန်းအလှဆင်သင်တန်းကို စိုက်ပျိုးရေးဦးစီးဌာန ရော်ဘာသုသေတနနှင့် နည်းပညာ ဖွံ့ဖြိုးရေးဌာနမှပညာရှင်များစေလွှတ်၍ ကရင်ပြည်နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဘက်ပေါင်းစုံမှ တိုးတက်စေရန်နှင့် ဒေသခံများ ဝင်ငွေတိုးတက်ရရှိစေရေး အတွက် အိမ်တွင်းမှုနည်းပညာအနေဖြင့် သင်ကြားပေး ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## အာဇာနည်နေ့အခမ်းအနား ကျင်းပချိန်အတွင်း လမ်းများ ခေတ္တပိတ်ထားမည်

**နေပြည်တော် ဇူလိုင် ၁၁**

(၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဗဟန်း မြို့နယ်ရှိ အာဇာနည်ဗိမာန်၌ ဇူလိုင် ၁၉ ရက်တွင် ကျင်းပမည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၄ နာရီမှ အခမ်းအနားပြီးဆုံးသည်အထိ အနောက် ရွှေဂုံတိုင်လမ်းနှင့် လင့်လမ်းဆုံ၊ ခမ္မစေတီလမ်းနှင့် အင်းလျားလမ်းဆုံ၊ ခမ္မစေတီလမ်းနှင့် ဦးဝိစာရလမ်းဆုံ၊ အနောက်ရွှေဂုံတိုင်လမ်းနှင့် ဦးဝိစာရလမ်းဆုံတို့မှ လမ်းလွှဲစနစ်ဆောင်ရွက်မည်ဖြစ်ပြီး အာဇာနည်လမ်း၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ ရွှေတိဂုံဘုရား နောက် ဘက်မုခ်၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်၊ ရွှေတိဂုံဘုရား မြောက်ဘက်မုခ် (သွေးဆေးကန်)လမ်းတို့ကို ခေတ္တ ပိတ်ထားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ ကြိုတင်သတိပေးနှိုးဆော်ထားသည်။

**(ကြေးမုံ)**

## အာဇာနည်နေ့တွင် ဗိုလ်ချုပ်ပြတိုက်လမ်း ခေတ္တပိတ်ထားမည်

**နေပြည်တော် ဇူလိုင် ၁၁**

ဇူလိုင် ၁၉ ရက် (အာဇာနည်နေ့)တွင် ဗိုလ်ချုပ် အောင်ဆန်းပြတိုက်သို့ လာရောက်ကြည့်ရှုသူပြည်သူ များ သွားလာမှုအဆင်ပြေစေရေးအတွက် ဗိုလ်ချုပ်ပြတိုက် လမ်းအား နံနက် ၅ နာရီမှ ပြတိုက်ပိတ်ချိန်အထိ မော်တော်ယာဉ်များ သွားလာခွင့် မပြုဘဲ ခေတ္တ လမ်းပိတ်ထားမည်ဖြစ်သဖြင့် မော်တော်ယာဉ်များ အနေဖြင့် အခြားလမ်းများမှ သွားလာအသုံးပြုကြပါရန် ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ ကြိုတင်သတိပေးနှိုးဆော်ထား သည်။ **(ကြေးမုံ)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# မြစ်သားမြို့၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ခြင်ဆေးဖျန်းခြင်းနှင့် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်

**မြစ်သား ဇူလိုင် ၁၁**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်ကုသမှုများကို ဇူလိုင် ၇ ရက်မှစ၍ ၁၀ ရက်အထိ ကျေးရွာများသို့ သွားရောက်ပြီး အခမဲ့ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကွင်းဆင်းကုသရာတွင် မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာကိုကို ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက ပခမ်းကျေးရွာ၊ ကသဲကုန်းကျေးရွာ၊ နဲ့ဝဲကျေးရွာ၊ ပင်မ ခဲယမ်းမီးကျောက်တပ်တို့တွင် သွေးလွန်တုပ်ကွေးရောဂါ အသိပညာပေး



ဟောပြောပွဲများ၊ ဖုံးသွန်လဲစစ်လုပ်ငန်းများ၊ အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်းများနှင့်ကျေးရွာသူ ကျေးရွာသားများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်ကုသပေးခဲ့ကြောင်း သိရသည်။ **ရဲဝင်းထွန်း(မြစ်သား)**

# လားရှိုး၌ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

**လားရှိုး ဇူလိုင် ၁၁**

လားရှိုးမြို့ အခြေစိုက်တန့်ဆည်မြို့နယ်လူမှုကူညီရေးအသင်း (လားရှိုး)၏ ၂၀၁၅/၂၀၁၆ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်မြင်ခဲ့ကြသည့် အသင်းဝင်များ၏သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီက လားရှိုးမြို့ ရပ်ကွက်(၉)ရှိ အသင်းရုံးခန်းမ၌ ကျင်းပရာ အသင်းနာယက ရန်အောင်မြင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စက သြဝါဒစကားချီးမြှင့်တော်မူပြီး အသင်းအမှုဆောင်များက တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးရရှိသူများအား ဆုပစ္စည်း၊ ဆုတံဆိပ်များ၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ကြသည်။

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုအောင်မြင်သူပေါင်း ၁၆ ဦးရှိပြီး ငါးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင်တစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင်နှစ်ဦးတို့ ပါဝင်ကြောင်း သိရသည်။ **(သီပေါကိုလတ်)**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး မြေစိုက်ပိုစတာစိုက်ထူပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ဥသျှစ်ပင် ဇူလိုင် ၁၁**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ လျှပ်စစ်အင်ဂျင်နီယာရုံး၏ အုပ်ချုပ်မှုနယ်မြေတွင် မိုးရာသီကာလအတွင်း ပြည်သူများလျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် လူစည်ကားသည့်နေရာဖြစ်သော ဥသျှစ်ပင်ဈေးရှေ့တွင် အသိပညာပေးမြေစိုက်ပိုစတာ စိုက်ထူခြင်းကို မြို့လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မျိုးမင်းဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၈ ရက်တွင် ဥသျှစ်ပင်ဈေးအတွင်း ပြည်သူများလျှပ်စစ်အသုံးပြုလျှင် သတိပြုဖွယ်ရာအချက်များ ပါဝင်သော အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **(၄၉၇)**

# မြောင်းမြ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးဆိုင်ရာများ ဆွေးနွေး

**မြောင်းမြ ဇူလိုင် ၁၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီမံကိန်းဆိုင်ရာလုပ်ငန်းစဉ်များ ချပြဆွေးနွေးအသိပေးခြင်းကို ဇူလိုင် ၁၁ ရက် နံနက် ၁၀ နာရီက မြောင်းမြမြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဗိုလ်ဗိုလ်မြင့်က မြစိမ်းရောင် ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ မီးလင်းရေး၊ ကုန်ထုတ်လုပ်ငန်း၊ အရောင်းအဝယ်၊ အသက်မွေးဝမ်းကျောင်း စသည့် လုပ်ငန်း (၇)မျိုး အတွက် မတည်ရင်းနှီးငွေ ထုတ်ပေးခြင်းဖြစ်ပြီး ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတွက် ဧရာဝတီတိုင်းဒေသကြီးအတွင်း ယူနစ်ပေါင်း ၃၉၀ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကာ မြောင်းမြမြို့နယ် အတွက် ၁၉ ယူနစ်၊ ကျေးရွာ ၁၉ ရွာသို့ ကျပ် သိန်းပေါင်း ၅၇၀၀ ထုတ်ပေးဆောင်ရွက်သွားမည်ဖြစ်သဖြင့် ကျေးလက်ဦးစီးဌာနမှ ကျေးရွာများသို့ ကွင်းဆင်းသင်တန်းပေးခြင်း၊ ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီများ ဖွဲ့စည်းခြင်း၊ ကျေးရွာငွေစာရင်းရှင်များ ဖွင့်လှစ်ခြင်း စသည့် စီမံကိန်းဆိုင်ရာလုပ်ငန်းစဉ်များကို တာဝန်ရှိအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်းကာ ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းဆိုင်ရာလုပ်ငန်းစဉ်များ ချပြဆွေးနွေးပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးသန့်ဇင်ဝင်း၊ ဒေါ်ခိုင်ဇင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျ၊ ခရိုင်၊ ကျေးလက်ဦးစီးမှူး ဦးသန့်ဇင်သိန်းနှင့် ခရိုင်နှင့်မြို့နယ် ကျေးလက်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# စပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် သရုပ်ပြ

**လယ်ဝေး ဇူလိုင် ၁၁**

နေပြည်တော် ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄၇) စက်မှုလယ်ယာစခန်းမှ ဒက္ခိဏသီရိမြို့နယ် ကျွန်းတက်ပဲ့ကျေးရွာ အုပ်စုရှိ ဧက ၃၀၀၀ ကွင်းအမှတ်(၁၈၁၆)တောင်သူ ဦးဝင်းဦး၏ နွေစပါးစိုက်ဧက လယ်မြေတွင် Dc 70 G kubota စပါးရိတ်သိမ်းခြွေလှေ့စက် သရုပ်ပြပွဲကို ဇူလိုင် ၉ ရက် နံနက်ပိုင်းက ကျင်းပရာ နေပြည်တော်စက်မှုလယ်ယာ တိုင်းတာဝန်ခံညွှန်ကြားရေးမှူး ဦးခွန်အေးနိုင်က ဌာနလုပ်ငန်းများရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက်ဒေသခံတောင်သူများကို ရိတ်သိမ်းခြွေလှေ့စက်နှစ်စီးဖြင့် မောင်းနှင်၍ ရိတ်သိမ်းခြွေလှေ့မှုသရုပ်ပြခဲ့သည်။

“ဒီအချိန်က နွေစပါးရိတ်သိမ်းပြီးချိန်မို့ စပါးကလည်း ပြန်စိုက်ရမယ်။ ရာသီဥတု အခြေအနေရယ်၊ လယ်ယာလုပ်သား ရှားပါးတာရယ်ဆိုတော့ စက်မှုလယ်ယာစက်တွေရဲ့ အစွမ်းကို အားကိုးနေရတယ်။ ဒီရိတ်သိမ်းခြွေလှေ့စက်သုံးတော့ တောင်သူတွေလည်း အဆင်ပြေ၊ သီးနှံတွေလည်း မပျက်စီးဘဲလုပ်ငန်းချောမွေ့တာပေါ့ဗျာ” ဟု သရုပ်ပြပွဲသို့ လာရောက်သည့် တောင်သူတစ်ဦးက ပြောသည်။ အဆိုပါစပါးခြွေလှေ့စက်သရုပ်ပြပွဲသို့ အနီးဝန်းကျင်ရှိကျေးရွာများမှ ဒေသခံတောင်သူ ၆၀ တက်ရောက်လေ့လာခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



# လင်းခေးခရိုင်၌ ပင်မထရန်စဖော်မာကြီးအား သန့်ရှင်းရေးပြုလုပ်

**လင်းခေး ဇူလိုင် ၁၁**

ရက် ၁၀၀ စီမံချက်အရ လင်းခေးခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ဆွေလင်း(E.E)၊ မြို့နယ်အင်ဂျင်နီယာ သက်နိုင်ထွန်း(S.A.E) တို့ကြီးကြပ်၍ လင်းခေးခရိုင်နှင့် မြို့နယ် လျှပ်စစ်ဝန်ထမ်းများ၊ သက်ဆိုင်ရာ လျှပ်စစ်စက်ပစ္စည်းနည်းပညာရှင်များက ဇူလိုင် ၁၀ ရက် နံနက် ၈ နာရီက လင်းခေးမြို့လျှပ်စစ်ဓာတ်အားခွဲရုံရှိ လက်ရှိလည်ပတ်အသုံးပြုလျက်ရှိသည့် Main Transformer ဆီအား ထုတ်ယူခြင်း၊ သန့်စင်မှုပြုလုပ်ခြင်းနှင့် အသစ် ထပ်မံဖြည့်ဆည်းပေးခြင်း (Transformer Maintainess) နှင့် ဝန်ထမ်းများက အဆိုပါလျှပ်စစ်ခွဲရုံဝင်းအတွင်း သန့်ရှင်းရေးပြုလုပ်ပေးခြင်းလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။



အဆိုပါထရန်စဖော်မာ ဆီ 5200KG အား စက်ဖြင့် စုပ်ထုတ်ရယူပြီး သန့်ရှင်းရေးပြုလုပ်ခြင်း၊ လိုအပ်သည့်အချက်များအား ကြည့်ရှုစစ်ဆေးပြုလုပ်မှုမှာ အချိန်အားဖြင့် သုံးနာရီခွဲခန့်သာ ကြာမြင့်၍ လုပ်ငန်းဆောင်ရွက်မှုမှာ အချိန်ကြန့်ကြာခြင်းမရှိပါကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသက်နိုင်ထွန်းက ပြောကြားခဲ့သည်။

ယင်းနောက် နံနက် ၁၁ နာရီ ၅၅ မိနစ်တွင် မြို့တွင်းမီးလိုင်း၊ မိုင်းပန်လိုင်းတို့ကို အချိန်နှင့်တစ်ပြေးညီ လျှပ်စစ်မီးပြန်လည်လွှတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး စီမံအုပ်ချုပ်မှုသင်တန်းဖွင့်

**မန္တလေး ဇူလိုင် ၁၁**

ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင်လုပ်ကိုင်လျက်ရှိသော အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးစီမံအုပ်ချုပ်မှုစနစ် ရက်တိုသင်တန်းကို ဇူလိုင် ၉ ရက်နှင့် ၁၀ ရက်တို့က မန္တလေးမြို့ အောင်မြေသာစံမြို့နယ် (၁၉)လမ်း၊ (၅၇)လမ်းနှင့် (၅၈)လမ်းကြားရှိ Eastern Place ဟိုတယ်ခန်းမတွင် ကျင်းပသည်။

သင်တန်းတွင် စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံများ၏ Consultant အင်ဂျင်နီယာ Mr.Lim Yeow Kwong, MikiuSafety Management Systen & Over View Training ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။ ဇူလိုင် ၁၀ ရက် ညနေ ၄ နာရီတွင် သင်တန်းဆင်းပွဲကျင်းပပြီး Safe Mind(Myanmar Project)မန်နေဂျင်းဒါရိုက်တာ ဦးအောင်သူက သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

# ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ဝင်များအား ရှေးဦးပြုစုခြင်း (အခြေခံ)သင်တန်းဖွင့်

**ငွေဆောင် ဇူလိုင် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့၏ကူညီမှုဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့အမှတ်(၈) တပ်ဖွဲ့စု ဧရာဝတီမှ တပ်ဖွဲ့ဝင်များအား ရှေးဦးပြုစုခြင်း(အခြေခံ) သင်တန်းအမှတ်စဉ်(၁ / ၂၀၁၆)ဖွင့်ပွဲအခမ်းအနားကို ငွေဆောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက ကျင်းပရာ တိုင်းကြက်ခြေနီဦးစီးမှူး ပထမတန်း ဦးမြင့်ငွေ၊ မြို့အုပ်ချုပ်ရေးမှူး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့စုမှူးနှင့် ဌာနဆိုင်ရာများ၊ တပ်ဖွဲ့ဝင် သင်တန်းသားများ စုစုပေါင်း ၃၀ တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၁၀ ရက်မှ ၁၂ ရက်ထိ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီခွဲထိ သင်ကြားပို့ချမည်ဖြစ်ပြီး တပ်ဖွဲ့ဝင်သင်တန်းသား ၁၁ ဦး တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**မူမူ(ပြန်/ဆက်)**

## အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲ မန္တလေးမြို့၌ ကျင်းပ

**မန္တလေး ဇူလိုင် ၁၁**

အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်အရ မြန်မာနိုင်ငံအတွင်းရှိ အင်ဂျင်နီယာများ အနေဖြင့် ပြည်တွင်းမှတစ်ဆင့် ပြည်ပနည်းပညာ ဗဟုသုတများကို ရယူနိုင်ရန် မြန်မာနိုင်ငံ AGTI Society အသင်းနှင့် Safemind Consultancy,United Eleven Co.,Ltd နှင့် SMG United Pte Ltd တို့ပူးပေါင်း၍ ပထမဆုံးအကြိမ်အဖြစ် ဇူလိုင် ၉ ရက်တွင် မန္တလေးမြို့ရှိ Eastern Palace Hotel တွင် အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ဒေသတွင်းနိုင်ငံများအချင်းချင်း နည်းပညာနှင့် အခြားစီးပွားရေးကဏ္ဍအသီးသီးတို့တွင် လွတ်လပ်စွာ စီးဆင်းခွင့်ရရှိခဲ့ခြင်းကြောင်း ယခုဆွေးနွေးပွဲကို ကျင်းပနိုင်ခဲ့ပြီး အဆိုပါဆွေးနွေးပွဲမှ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီအသိအမှတ်ပြု RE, RSE, PE လက်မှတ်များ ရရှိရန် အထောက်အကူပြုမည်ဖြစ်ပြီး စိတ်ဝင်တစားမှတ်သားလေ့လာခြင်းဖြင့် မျက်မှောက်ခေတ်တွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် ပြင်ပမှ အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာတို့ကို ပြန်လည်အသုံးချနိုင်တော့မည် ဖြစ်ကြောင်း မြန်မာနိုင်ငံ AGTI Society အသင်းဗဟို ဒုတိယဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီးအသင်းခွဲ ဥက္ကဋ္ဌ ဦးခင်မောင်တင် (အင်ဂျင်နီယာမှူးကြီး-ငြိမ်း)က အဆိုပါဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

"ဒီဆွေးနွေးပွဲက အာဆီယံအသိုက်အဝန်းမှာ အသိအမှတ်ပြုရပ်တည်နိုင်ဖို့ မန္တလေးအသင်းခွဲရဲ့ ပထမခြေလှမ်းအဖြစ် ဆောင်ရွက်နိုင်တာဖြစ်လို့ ဝမ်းသာဂုဏ်ယူပါတယ်။ဆက်လက်ပြီး အသင်းရဲ့ဦးဆောင်မှုတွေနဲ့အတူ အင်ဂျင်နီယာဆိုင်ရာ ပြည်တွင်းပြည်ပဘာသာရပ်အသီးသီးကို စဉ်ဆက်မပြတ်လေ့လာသင်ယူပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ဖို့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်တယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ဆွေးနွေးပွဲတွင် စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ တရုတ်၊ ဗီယက်နမ်နိုင်ငံတို့၏ Consultant အင်ဂျင်နီယာ Mr.Lim Yeow Kwong Miki က Safety Management System & Overview Training ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောခဲ့သည်။

AGTI Society(ဗဟို)ကို မေ ၃ ရက်က ဖွဲ့စည်းခဲ့ပြီး AGTI Society(မန္တလေး)အသင်းခွဲကို ဇွန် ၁၂ ရက်တွင် ဖွဲ့စည်းခဲ့ကြောင်း၊ ယခုဆွေးနွေးပွဲသို့ မန္တလေးနည်းပညာ တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမြင့်သိန်း၊ နည်းပညာတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ် ဒေါက်တာဆင့်စိုး၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဝင်များ၊ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ AGTI(မန္တလေး) အသင်းအမှုဆောင်အဖွဲ့ဝင်များနှင့် အသင်းဝင် သင်တန်းသား အင်ဂျင်နီယာ ၁၀၉ ဦးတို့ တက်ရောက်ခဲ့ကြပြီး ဆွေးနွေးပွဲကို ဇူလိုင် ၁၀ ရက်အထိ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(အောင်ရဲသွင်)**



## မြန်မာ့ဆိုင်းဝိုင်းနှင့် တွဲဖက်ထားသည့် မြန်မာ့ခြင်းမှာ ရသမျိုးစုံကိုပေးနေ မဟာမုနိဘုရားကြီး ဝါဆိုခြင်းအလှခတ်ပွဲတော် လူစည်ကား

**မန္တလေး ဇူလိုင် ၁၁**

မန္တလေးမြို့ မဟာမုနိဘုရားကြီး (၈၈)ကြိမ်မြောက် ဝါဆိုခြင်းအလှခတ်ပွဲတော် စတင်ခတ်ကစားသည်မှာ ရက်ပေါင်း ၅၀ ကျော်ပြီဖြစ်သည်။ ခြင်းပွဲမှာ မြန်မာ့အနုပညာစစ်စစ်ဖြစ်သော ဆိုင်းသံနှင့်အတူ အော်သံလေးများကနားထဲစွဲပြီး စိတ်ကိုတက်ကြွမှုပေးစေသည့် အားကစားတစ်ခုပင်ဖြစ်သည်။ "ခြင်းခတ်ကစား မြန်မျိုးသား တစ်လွှားကမ္ဘာကျော်စေအံ့၊ ယဉ်ကျေးမှုအစဉ်အလာထိန်းသိမ်းပါ၊ ရိုးရာအားကစားတန်ဖိုးထား"ဟုပင် ဆိုထားသည်။

လက်ရှိကာလ မဟာမုနိဘုရားကြီး ခြင်းရုံတွင် ပရိသတ်များစွာဖြင့် နားဝင်ချိုကာ တက်ကြွသည့် ဆိုင်းသံများကြားနေရပေသည်။ မဟာဒူး၊ ဒွဲဖဝါး၊ လာပြီ. . စလွယ်ကြီး၊ ဝိုက်ကြီး၊ ဗျာ. . ဒွဲ ဖနောင့်၊ မဟာကြီး၊ ညွန့်ဒူး၊ ရင်လိမ်ဖဝါး၊ ရင်လိမ်ဖနောင့်၊ မဟာညွန့်ဆိုကာ တီးလုံးနှင့်အညီ ခြင်းကြီး ၁၀ မျိုး ခတ်ကစားမှုကို အော်ပေးနေသည်။ လက်ခုပ်သံများလည်း လွှမ်းနေသည်။ လာပြန်ပြီ ပတ်ဒူး၊ ပခုံးထမ်းဖီလာဖဝါး၊ စောင်းစလွယ်၊ ပခုံးထမ်းဖီလာဖနောင့်၊ ဖီလာစလွယ်၊ မဟာနွယ်၊ ပတ်စလွယ်၊ ပတ်ဖဝါး၊ ပတ်ဖနောင့်၊ ပတ်မဟာညွန့်ဟု အော်ကာ ခြင်းလတ် ၁၀ မျိုးခတ်ကစားဟန်ကိုပါ ရှင်းပြသည့်အတွက် ပရိသတ်ပါ နားလည်သွားကြပြီး ကြည့်ကောင်းကြသည်။

ထို့အတူပင် လက်ရွေးစဉ် ခေတ်ဆန်း ၁၀ မျိုးဖြစ်သည့် မန္တလာ၊ မြင်းစီးဖနောင့်၊ သမင်လည်ပြန် ဖနောင့်၊ ရှပ်ထိပ်တင်ခြေဖျား၊ ဒူးဝိုက်ကြီး၊ ရှပ်ဒူး၊ မန္တလာဖီလာစလွယ်၊ လေဝဲခြေခွင်၊ လေဝဲဖနောင့်၊ မြင်းခင်းဖနောင့်မှအစ အမျိုးစုံအောင် ခတ်ကစားကြသည်။

မြန်မာဝိုင်းခြင်းကို အစဉ်အဆက်ထိန်းသိမ်းကာ နှစ်စဉ်မပြတ် ခြင်းပွဲကျင်းပပေးသော သမိုင်းဝင်ခြင်းပွဲမှာ မဟာမုနိဘုရားကြီး ဝါဆိုခြင်းပွဲပင်ဖြစ်သည်။ ကမ္ဘာတွင် မြန်မာအားကစားစစ်စစ်ဖြစ်သော ဝိုင်းခြင်းခတ်ကစားခြင်းကို အောင်မြင်စွာပြသနိုင်ခဲ့ပေသည်။ ခြင်းပွဲနှင့်ပတ်သက်၍ သမိုင်းသုတေသီတို့က အမျိုးမျိုးလေ့လာတွေ့ရှိထားပေသည်။ ၁၂၀၈ ခုနှစ် ပုဂံမင်းလက်ထက်တွင် ကြိမ်ဖြင့်ရက်လုပ်သောခြင်းကို နန်းတွင်းလူပျိုတော်သားများအား ခြင်းခတ်ကစားစေသည်ဟုလည်း ဆိုထားသည်။

လက်ရှိကာလတွင် မြန်မာ့အနုပညာစစ်စစ် ဆိုင်းဝိုင်းနှင့်တွဲဖက်ကာ ခတ်ကစားသည့် မဟာမုနိဘုရားကြီး(၈၈)ကြိမ်မြောက် ဝါဆိုခြင်းအလှခတ်ပွဲတွင် ခြင်းပွဲစဉ်ပေါင်း ၁၈၀၀ ဖြင့် ၁၃၇၈ ခု ကဆုန်လပြည့်ကျော် ၁ ရက်မှ ဝါဆိုလပြည့်ကျော် ၁ ရက်အထိ ရက်ပေါင်း ၆၀ တိုင်တိုင် နေ့စဉ် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ခတ်ကစားလျက်ရှိသည်။ ခြင်းခတ်ကစားမှုကို နေ့စဉ်အားပေးသူများပြားလျက်ရှိပြီး အထူးသဖြင့် ရုံးပိတ်ရက်များတွင် ပိုမိုများပြားကြောင်း သိရသည်။

**(တိမ်တမန်)**

## မန္တလေးမြို့ပေါ်ရှိ ပျိုးဥယျာဉ်များမှ နှင်းဆီပန်းပင်များကို ဖောက်သည်ယူကာ မိုဘိုင်းစနစ်ဖြင့် တွင်ကျယ်စွာရောင်းချမှုများလာ

**မန္တလေး ဇူလိုင် ၁၁**

မန္တလေးမြို့ပေါ်ရှိ ပန်းပျိုးဥယျာဉ်များမှ နှင်းဆီပန်းပင်နှင့် အခြားပန်းပင်များကို ဖောက်သည်ယူကာ ဆိုင်ကယ်များဖြင့် တွင်ကျယ်စွာ လှည့်လည်ရောင်းချမှုများလာသည်။ အများစုသော နှင်းဆီပန်းပင်များတွင် နှင်းဆီဖူး၊ နှင်းဆီ အပွင့်များပါနေသည့်အတွက် အမျိုးသမီးများ ပိုမိုနှစ်သက်ကြသည်။



မန္တလေးမြို့တွင် နှင်းဆီပျိုးပင်ဖြင့် အလှဆင်ပေးနိုင်ရန် နှင်းဆီပန်းပျိုးပင်များကို အဓိကထား ပျိုးထောင်ပြီး တွင်ကျယ်စွာရောင်းချလျက်ရှိသည်။ ဖောက်သည်ယူကာ လှည့်လည်ရောင်းချသူများမှာလည်း နေ့စဉ်ပုံမှန်ဝင်ငွေရရှိကြောင်းသိရသည်။ နှင်းဆီပင်များကို တစ်နှစ်ပတ်လုံး ပျိုးထောင်ရောင်းချပြီး ဆောင်းတွင်းကာလမှာ နှင်းဆီပန်းအလှဆုံးဖြစ်သည်။

"နှင်းဆီပျိုးဖို့အတွက် ပထမဆုံး နှင်းဆီအရိုင်း (ပန်းမပွင့်နိုင်သည့် နှင်းဆီ)အပင်ကို သုံးလက်မခွဲ၊ ကိုးလက်မရှိ ပလတ်စတစ်အိတ်ငယ်ထဲကို ထည့်ပြီး ပျိုးထားရတယ်။ နှင်းဆီအယဉ်ပင်မကြီးမှ ကိုင်းငယ်တွေကို ဖြတ်ယူရတယ်။ အထူးသဖြင့် အပွင့်ရဲ့အောက်နားက ကိုင်းကိုဖြတ်ရတယ်။ ဖြတ်ပြီးသားကိုင်းကို အရွက်တွေကိုက်ချပြီး ရေစိမ်လိုက်ရတယ်။ အဲဒီနောက် နှင်းဆီအရိုင်းပျိုးပင်ရဲ့ အညွန့်အောက်ကို ဓားနှင့်ရစ်ပြီး လှီးရတယ်။ လှီးထားတဲ့နေရာကို ရေစိမ်ထားတဲ့ နှင်းဆီအယဉ်ရဲ့ကိုင်းထဲက တစ်သျှူးကိုယူပြီး ထည့်ရတယ်။ ထည့်ပြီးတာနဲ့ ကြိုးစည်းပေးထားလိုက်ရတယ်။ တစ်သျှူးထည့်စည်းပြီး ၁၀ ရက် ၁၅ ရက်ရောက်တာနဲ့ အတက်ထွက်လာတယ်။ အတက်ထွက်လာတာနဲ့ အတက်ရဲ့အပေါ်က နှင်းဆီအရိုင်းရဲ့အညွန့်ကို ကိုက်ချပြီး နှင်းဆီအယဉ် (ပန်းပွင့်နိုင်တဲ့ ဈေးကွက်ဝင်နှင်းဆီပျိုးပင်) တစ်ပင်ရရှိပါတယ်။ နှင်းဆီပန်းပျိုးပင် ရောင်စုံပျိုးထားပါတယ်။ လက်ရှိကာလမှာ နှင်းဆီပျိုးပင်ငယ်ကအစ အပင်ကြီးအထိ ဈေးနှုန်းအမျိုးမျိုးနဲ့ ရောင်းချပြီး အိမ်ဂေဟာများကို အလှဆင်နိုင်အောင် ပျိုးထောင်ပေးပါတယ်"ဟု ယင်းလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးက ပြောသည်။

နှင်းဆီပျိုးပင်ငယ် အပွင့်ပါသော ပျိုးပင်တစ်ပင်လျှင် ငွေကျပ် ၁၅၀၀ ဖြင့် ရောင်းချသည်။ ဘွန်ဆိုင်းပန်းအိုးများကိုမူ အပင်အရွယ်အစားအလိုက် သောင်းချီပေးရသည်။ လက်ရှိကာလတွင် မန္တလေးနန်းမြို့အရှေ့ဘက်နှင့် မြောက်ဘက်တွင် ပန်းပျိုးပင် အရောင်းဆိုင်များမှ နှင်းဆီပင်နှင့် အခြားပန်းပင်များကို ဖောက်သည်ယူကာ မိုဘိုင်းစနစ်ဖြင့် လှည့်လည်ရောင်းချမှုများလာကြောင်း သိရသည်။

**(စိုးရွှေ)**

## ပညာရေးဆိုင်ရာလုပ်ငန်းများ ရှင်းလင်းဆွေးနွေး

**ရမည်းသင်း ဇူလိုင် ၁၁**

ပညာရေးဆိုင်ရာ လုပ်ငန်းလမ်းညွှန်မှုများ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ဇူလိုင် ၈ ရက်က မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အနော်ရထာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စိုးမြင့်ထွန်းက ရမည်းသင်းမြို့နယ်အတွင်း အထက်တန်း၊ အလယ်တန်းနှင့် မူလတန်း ကျောင်းအုပ်ဆရာ ဆရာမများအား ၎င်းတို့၏ အဓိကလုပ်ဆောင်ချက်များ၊ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှ စတင်သင်ကြားနေသော KG တန်း ဖွင့်လှစ်သင်ကြားနေမှုနှင့် အခမဲ့ပညာရေးစနစ်ဖြစ်သဖြင့် ကျောင်းသား ကျောင်းသူများအား စေတနာထားသင်ကြားရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းအုပ်ဆရာ ဆရာမကြီးများက ကျောင်းလိုက်သင်ကြားမှုနှင့် စီမံချက်များကို တင်ပြဆွေးနွေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ပညာရေးမှူးသည် ပျော်ဘွယ်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမတွင် ကျောင်းအုပ်များနှင့်တွေ့ဆုံပြီး ပညာရေးဆိုင်ရာ လုပ်ငန်းလမ်းညွှန်မှုများ ရှင်းလင်းခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇူလိုင် ၁၁**

ရန်ကုန်(ရွှေဈေး) ၈၄၇၇၀၀ - ၈၄၈၇၀၀၊ မန္တလေး(ရွှေဈေး) ၈၄၇၇၀၀ - ၈၄၈၇၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၅၀/၅၇၀ ကျပ်၊ | ၅၉၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၅၀ ကျပ်၊ | ၇၇၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၆၀/၅၇၀ ကျပ်၊ | ၆၄၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၈၀/၆၀၀ ကျပ်၊ | ၆၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၉၁ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၃၂ ကျပ်၊

အောက်တိန်း 92 တစ်လီတာ ၄၇၀ ကျပ်

**၄-၇-၂၀၁၆ ရက်နေ့မှ ၈-၇-၂၀၁၆ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၄၈၄ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၅၁၉ ကျပ် ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၁၇၂. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၂၉၄. ၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၇၅. ၂၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၃. ၃၀၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၂. ၂၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၇. ၄၅၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၆၂. ၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၁. ၈၅ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၈၈၅. ၁၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၈၇၀. ၁၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

# ရုပ်မြင်သံကြားအစီအစဉ်များ

[၁၂- ၇ -၂၀၁၆ (အင်္ဂါနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

ညပိုင်း
၆း၀၀ -အဖွင့်
-မိုးလေဝသအစီအစဉ်
-ပြည်သူ့နီတိ "ပျော်စေပျက်စေ"
၆း၂၀ ကာတွန်းအစီအစဉ်
"Big Hero(6)"(အပိုင်း-၁)
၇း၁၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"ရွှေရောင်လွှမ်းတဲ့ နေ့သစ်ဆီ"
(အပိုင်း-၃၈)
၇း၅၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"နင်. . စေလိုရာစေ"
(အပိုင်း-၁၈)
၈း၅၀ MRTV Entertainment Music
၉း၀၀ နားမကြား ကလေးငယ်များ
သင်တန်းကျောင်း(မေရီချက်မင်း)
(အပိုင်း-၃)
၉း၄၀ နိုင်ငံတကာရုပ်ရှင်
ဇာတ်ဝင်တေးများ
၉း၅၀ ဗိုလ်ချုပ်ပြတိုက်
၁၀း၀၀ တေးဂီတအစီအစဉ်
၁၀း၁၀ စက္ကောမ
၁၀း၃၀ မြန်မာဗီဒီယိုဇာတ်လမ်း
"အမေပျာယာ သမီးလျှပ်ပလာ"
၁၂း၀၀ -အစီအစဉ်ပြီး၏

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါသည်။**

## MRTV- 4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
၅း၄၀ "ဘဝအတွင်းမှ အမှောင်နှင့်အလင်းများ" တရားတော်
(ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ)
၇း၅၀ တန်ခိုးကြီးမားဘုရား
စေတီပုထိုးများ(တန်ခိုးကြီးမားဘုရား စေတီပုထိုးများ ဖူးမြော်ကြည်ညိုမယ် မြောင်းမြမြို့တစ်ခွင်ဝယ်)
၈း၀၀ "မင်္ဂလာပါ"
The Morning Show
၁၀း၁၅ ခေတ်သစ်ပျိုမေ
၁၁း၁၅ သွားမယ်စားမယ်
(DiningAroung@Chatriam)
၁၁း၄၀ လူတိုင်းအခွန်ပေးဆိုင်တိုင်း
အခွန်ကောက်ခံ
၁၂း၃၀ အနုပညာမိုးကောင်းကင်
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"ကိုလူပျို" (အပိုင်း-၃)
၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ထာဝရ ချစ်သူသည်သာ"
(အပိုင်း-၁၁၉)
၄း၀၀ Cartoon Series
(Go Go Giggles)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ထာဝရ ချစ်သူသည်သာ"
(အပိုင်း-၁၂၀)
၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"ကိုလူပျို" (အပိုင်း-၄)
၈း၂၀ ရသစုံညွှန်းတမ်းများ
၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အချစ်သစ္စာတည်စေသော်"
(အပိုင်း-၄၇)
၉း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"နက္ခတ်ပညာရှင် ဂျန်းယောလ်ရှိုလ်"
(အပိုင်း-၃၅)
၁၀း၁၅ MRTV-4 Stage
၁၀း၄၀ World of Knowledge
(Monster Moves Risky Rescues)

## မြဝတီရုပ်မြင်သံကြား

၆း၀၃ တရားတော်
၇း၁၅ မေတ္တာပို့
၇း၂၀ ဓမ္မပူဇာတေး
၈း၀၄ အမျိုးသားရေးတေးကဗျာ
၈း၁၅ DVD Hits
၈း၄၅ ခရီးလည်း သွားစကားဆို
၉း၁၀ World Wide Web
၉း၂၅ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်း
ကဏ္ဍ
၉း၄၅ ရင်မှာစွဲလန်းတော်ဝင်ပန်း
၁၀း၀၀ တစ်ပတ်အတွင်း
မွေးမြူရေးသတင်း
၁၀း၁၅ Books Guide
၁၀း၃၀ Guide For You
၁၀း၄၅ သီချင်းလက်ဆောင်
၁၁း၁၀ မြတ်နိုးစရာရိုးရာလက်မှုပညာ
၁၁း၂၅ Sportcast
၁၁း၄၅ လူတိုင်းကျန်းမာသိမှတ်စရာ
၁၂း၀၀ ဟန်ချက်ညီညီ
နိုင်ငံတော်သစ်ဆီ
၁၂း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
၁၂း၂၅ ကျန်းမာသုတ
၄း၂၅ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ အင်္ဂလိပ်စာသုတ
၄း၄၀ မြန်မာသံစဉ်ချိုနားဝင်
၄း၅၅ သာယာသီကြွေးခေတ်ဆန်းတေး
၅း၀၀ Sport Review
၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-မင်းသမီးနဲ့ကျွန်တော်
အပိုင်း (၃၇)
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-အရှက်ဦးရဲ့ချစ်ပန်းသခင်
အပိုင်း(၃၆)
၆း၁၀ Let's Go To
၆း၃၅ Dream Team ရဲ့စိန်ခေါ်မှုများ
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-ချစ်သူတို့စိတ်ဝမ်းအေးချမ်းပါစေ
အပိုင်း(၄၉)
-VOA အင်္ဂလိပ်စာသင်ခန်းစာ
-ဟာသရုပ်စုံ
-ယနေ့ညအတွက်မြဝတီ၏
တေးလက်ဆောင်
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
အဏ္ဏဝါချစ်သူ အပိုင်း(၄)

## mitv

07:26 Insight Myanmar "ILO-SIYB Project (Episode-I)
07:45 Myanmar Traditional Toys
08:26 Living in Off-Season
08:38 Chanmyay Yeiktha Meditation Centre- Chaw Dwin Gone
08:55 [Doctor] [Painter]
09:26 Archery Session (from Ramayana Play)
09:47 Lively Group Folk Dance of Kayan Nationals
09:51 Today Myanmar: First Hundred
Days of the New Government (Part-2)
10:26 Those Who Never Give Up (Ep-1)
Aung Thamar Di Gold Shop
10:51 Paper Art Creator
07:26 A Day Out With Sarah (EP-6)
08:26 Myanmar's Traditions and Culture
"A stir about of Rainbows"
08:50 Now in Yangon

# ဂီတဖျော်ဖြေပွဲအတွင်း ရုတ်တရက်စင်ကျိုးကျသဖြင့် ဂစ်တာသမား ဂျိုးပယ်ရီ အနည်းငယ်ဒဏ်ရာရ

အမေရိကန်ရော့ခ်ဂီတအဖွဲ့တစ်ဖွဲ့သည် ဇူလိုင် ၁၀ ရက် ညပိုင်းက နယူးယောက်မြို့တွင် Hollywood Vampires concert ဖျော်ဖြေပွဲကျင်းပနေစဉ် စတိတ်စင် ရုတ်တရက်ပြိုကျမှုဖြစ်ပွားခဲ့သဖြင့် ယင်းအဖွဲ့မှ ဂစ်တာသမား ဂျိုးပယ်ရီမှာ ဒဏ်ရာ အနည်းငယ်ရရှိခဲ့သဖြင့် နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရကြောင်း သိရသည်။

"ကျွန်တော့်ရဲ့အစ်ကိုကို သတင်းမေးကြတဲ့ ပရိသတ်ကြီးနဲ့ အနုပညာမောင်နှမအားလုံးကို ကျေးဇူးတင်ပါတယ်။ သူက အခု သက်သာနေပါတယ်။ မိသားစုတွေလည်း ဘေးမှာရှိနေပြီး အကောင်းဆုံး ဆေးဝါးကုသမှုခံယူနေပါတယ်"ဟု အဖွဲ့မှ Alice Cooper က ၎င်း၏တွစ်တာစာမျက်နှာတွင် ယနေ့ နံနက်ပိုင်းက ရေးသားခဲ့သည်။

ဂျိုးပယ်ရီသည် Aerosmith အဖွဲ့၏ guitarist for Rock Hall of Famers အဖြစ် ထင်ရှားသူတစ်ဦးလည်း ဖြစ်သည်။

အသက်(၆၅)နှစ်အရွယ် ဂျိုးပယ်ရီသည် Aerosmith အဖွဲ့တွင် နှစ်ပေါင်းများစွာ အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်လှုပ်ရှားခဲ့သူတစ်ဦးဖြစ်ပြီး စတိတ်စင်၏ အလယ်တွင်တီးခတ်နေစဉ် စင်ကျိုးကျသဖြင့် ဒဏ်ရာရရှိခဲ့ခြင်းကြောင့် ည ၉ နာရီခွဲခန့်တွင် ဘရုတ်ကလင်း ဆေးရုံသို့တင်ပို့ကာ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။



အဆိုပါဂီတဖျော်ဖြေပွဲတွင် ရုပ်ရှင်သရုပ်ဆောင်များဖြစ်သည့် Johnny Depp နှင့် Alice Cooper တို့လည်း ပါဝင်ဖျော်ဖြေခဲ့ကြောင်းသိရသည်။ **(ကြယ်စင်လင်း)**

# တရုတ်-ကိုရီးယား ပူးတွဲထုတ်လုပ်မည့် ဒရမ်မာဇာတ်ကားသစ်တွင် ခေါင်းဆောင်မင်းသားအဖြစ် ပါဝင်သွားဖွယ်ရှိသည့် ဆောင်ဂျွန်ကီ



အာရှပရိသတ်များအကြားတွင် ရေပန်းစားကျော်ကြားလျက်ရှိသည့် တောင်ကိုရီးယား ရုပ်ရှင်သရုပ်ဆောင် မင်းသားဆောင်ဂျွန်ကီအနေဖြင့် အသစ်ထွက်ရှိလာမည့် တရုတ်ဒရမ်မာဇာတ်ကားသစ်တွင် ခေါင်းဆောင်မင်းသားအဖြစ် ပါဝင်နိုင်ဖွယ်ရှိကြောင်း သတင်းများထွက်ပေါ်လျက်ရှိနေသည်။

မင်းသားဆောင်ဂျွန်ကီသည် တရုတ်နှင့် ကိုရီးယားပူးတွဲရိုက်ကူးထုတ်လုပ်မည့် You, The Scent of Love အမည်ရှိ ဒရမ်မာဇာတ်ကားသစ်တွင် ခေါင်းဆောင်မင်းသား တစ်ဦးအဖြစ်လည်းကောင်း၊ မင်းသမီးအဖြစ် Zheng Shuang က လည်းကောင်း ပါဝင်သွားမည်ဖြစ်ပြီး Descendants of the Sun ဇာတ်ကားမှ သရုပ်ဆောင်အတော်များများလည်း ယင်းဇာတ်ကားတွင် ပြန်လည်ပါဝင်မည်ဖြစ်ကြောင်း တရုတ်အွန်လိုင်းမီဒီယာ တစ်ခုဖြစ်သည့် Sina.com တွင် ဇူလိုင် ၁၀ ရက်က သတင်းဖော်ပြထားသည်။

ဆောင်ဂျွန်ကီသည် ဇွန် ၁၁ ရက်က ဟောင်ကောင်တွင် ကျင်းပခဲ့သည့် ပရိသတ်တွေ့ဆုံပွဲတွင် တရုတ်နိုင်ငံမှ အနုပညာရှင်များနှင့်တွဲဖက်ကာ အနုပညာလုပ်ငန်းများစွာကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ယခုအသစ်ရိုက်ကူးမည့် ဇာတ်ကားပြီးစီးပါကလည်း အခြားသော ဇာတ်ကားများဆက်လက်ရိုက်ကူးသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

သို့သော် မင်းသားဆောင်ဂျွန်ကီ၏ ပြောရေးဆိုခွင့်ရှိသူ၏ ပြောကြားချက်အရ ၎င်းအနေဖြင့် ယခုဇာတ်ကားသစ်ပြီးလျှင် မည်သည့်ဇာတ်ကားကို ဆက်လက်ရိုက်ကူးရမည်ကို ဆုံးဖြတ်ချက် မချရသေးကြောင်း သိရသည်။ **(မိုးစန္ဒာမောင်)**

# အဖွဲ့ဝင်များပြန်လည်ပေါင်းစည်းသည့်အထိမ်းအမှတ်နှင့် ရှစ်နှစ်ပြည့်အခမ်းအနားကျင်းပခဲ့သည့် 2AM

ဂျေဝိုင်ပီအင်န်တာတိန်းမန့်မှ အခြေပြုထားပြီး အာရှအမျိုးသမီးပရိသတ်အခိုင်အမာရရှိထားသည့် တောင်ကိုရီးယားအမျိုးသားပေ့ါပ်အဖွဲ့ 2AM သည် ၂၀၀၈ ခုနှစ် ဇူလိုင် ၁၁ ရက်က စိတ်တူကိုယ်တူဖြင့် ဂီတလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းခဲ့ကြသည်မှာ ရှစ်နှစ်ပြည့်မြောက်သည့်အထိမ်းအမှတ်အပါအဝင် အဖွဲ့ဝင်များ ပြန်လည်စည်းလုံးညီညွတ်သည့်အထိမ်းအမှတ်အဖြစ် ပျော်ပွဲရွှင်ပွဲတစ်ခုကို ကျင်းပခဲ့ပြီး ယင်းအစီအစဉ်ကို V App ရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့ကြောင်း သိရသည်။

အဆိုပါအစီအစဉ်တွင် အဖွဲ့ဝင်တစ်ဦးချင်းစီအလိုက် လက်ရှိလှုပ်ရှားမှုများနှင့် 2AM အဖွဲ့အနေဖြင့် အနာဂတ်တွင် ဆက်လက်လှုပ်ရှားဆောင်ရွက်မည့်အစီအစဉ်များကို ပရိသတ်များအား ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်းသိရသည်။

2AM အဖွဲ့သည် ၂၀၀၈ ခုနှစ်က This Song အမည်ရှိအယ်လ်ဘမ်ဖြင့် ဂီတလောကကို စတင်ခြေချခဲ့ကာ ယခုအခါ ကမ္ဘာတစ်ဝန်းရှိ ပေ့ါပ်ပရိသတ်များ၏ အထူးလက်ခံအားပေးမှုရရှိနေသည့် အမျိုးသားကေပေ့ါပ်အဖွဲ့တစ်ဖွဲ့လည်းဖြစ်သည်။ ထို့ပြင် အဖွဲ့ဝင်လေးဦးဖြင့် ဖွဲ့စည်းထားသည့် 2AM အဖွဲ့သည် အဖွဲ့လိုက် အယ်လ်ဘမ်လေးခုနှင့် ကမ္ဘာတစ်ဝန်းတွင် ဂီတဖျော်ဖြေပွဲငါးပွဲကိုလည်း ကျင်းပခဲ့ပြီဖြစ်သည်။ **(ဖြိုးစန္ဒာမြင့်)**






# အိမ်ရှင်ပြင်သစ်အသင်းအား အနိုင်ရရှိခဲ့ပြီးနောက် ပေါ်တူဂီအသင်း ယူရို ၂၀၁၆ ဖလားဆွတ်ခူး

**ပေါ်တူဂီအသင်းသည် ယူရို ၂၀၁၆ ပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲတွင် အိမ်ရှင်ပြင်သစ်အသင်းအား အနိုင်ရရှိခဲ့ပြီးနောက် ယူရို ၂၀၁၆ ဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။**

ပေါ်တူဂီအသင်း၏ အသင်းခေါင်းဆောင်ဖြစ်သူ တိုက်စစ်မှူး စီရိုနယ်လ်ဒို သည် ပြင်သစ်ကွင်းလယ်တိုက်စစ်မှူး ပါယက်၏ ကြမ်းတမ်းစွာကစားခဲ့မှုကြောင့် ပွဲကစားချိန် ၂၅ မိနစ်တွင် လူစားလဲကစားခဲ့ရသော်လည်း ပေါ်တူဂီအသင်းသည် အိမ်ရှင်ပြင်သစ်အသင်းအား အချိန်ပိုမိနစ်တွင် အနိုင်ကစားကာ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ယင်းပွဲစဉ်တွင် ပေါ်တူဂီအသင်းသည် အသင်းခေါင်းဆောင်စီရိုနယ်လ်ဒို မပါဝင်နိုင်ခဲ့သော်လည်း သာမန်ပွဲကစားချိန် မိနစ် ၉၀ အထိ ပြိုင်ဘက်အသင်းကို ထိန်းချုပ်ကစားနိုင်ခဲ့သည့်အပြင် လူစားဝင်ကစားသမား အီဒါ၏ အချိန်ပိုတွင် သွင်းယူခဲ့သည့်သွင်းဂိုးကြောင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ပေါ်တူဂီအသင်းအနိုင်ရရှိခဲ့သည့် ယူရို ၂၀၁၆ နောက်ဆုံးဗိုလ်လုပွဲစဉ်တွင် တိုက်စစ်မှူး စီရိုနယ်လ်ဒိုနှင့်အတူ ရီးယဲလ်မက်ဒရစ်အသင်းတွင် အတူကစားခဲ့သည့် နောက်တန်းကစားသမား ပီပီသည်လည်း ပေါ်တူဂီအသင်း ဆုဖလားရရှိရေးအတွက် နောက်တန်းခံစစ်ပိုင်းတွင် အကောင်းဆုံးစွမ်းဆောင်ပေးခဲ့သည့် ကစားသမားဖြစ်သည်။

ပေါ်တူဂီအသင်းအတွက် အနိုင်ဂိုးကို ပွဲကစားချိန် ၁၀၉ မိနစ်တွင် အီဒါက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ပေါ်တူဂီအသင်းသည် ယူရိုပြိုင်ပွဲသမိုင်းတွင် ပွဲစဉ်ပေါင်း ၅၃ ပွဲအထိကစားခဲ့ပြီး ပထမဆုံးရယူဆွတ်ခူးနိုင်ခဲ့သည့် ယူရိုဖလားလည်း ဖြစ်လာခဲ့သည်။

**(ငွေကြယ်)**

# အမျိုးသမီး အိမ်ထောင်ရှင်တန်းအလှမယ်

**ရန်ကုန် ဇူလိုင် ၁၁**

ရန်ကုန်တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှုကော်မတီက ကြီးမှူး၍ အမျိုးသားအားကစားပွဲတော်အကြိုလူရွေးပွဲကို ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ပွဲဝင်းရှိ မိုးလုံလေလုံအားကစားရုံ၌ ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက ကျင်းပရာ အမျိုးသားကာယဗလတန်းပြိုင်ပွဲ၌ ကီလိုတန်း ငါးတန်းနှင့် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် သက်ငယ်တန်း၊ သက်လတ်တန်း၊ သက်ကြီးတန်းနှင့် အိမ်ထောင်ရှင်တန်းပွဲများပါဝင်ကြသည်။

ပြိုင်ပွဲများအပြီးတွင်ဆုပေးပွဲကို ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ကာယဗလနှင့်ကာယကြံ့ခိုင်မှုကော်မတီမှ အမှုဆောင်များနှင့် ဧည့်သည်တော်များက ဆုရရှိသူများအား ဆုများကို အသီးသီးချီးမြှင့်ပေးကြသည်။ တောင်ဥက္ကလာပမြို့နယ် ကိုယ်စားပြုယှဉ်ပြိုင်သူ မဇင်မာ(Miss ကိုယ်ကာယအလှသင်တန်း)သည် အိမ်ထောင်ရှင်တန်းပြိုင်ပွဲ၌ ပထမဆုနှင့် ဂုဏ်ထူးဆောင်ဆုတို့ကို ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**



# အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးကလပ် သရေကျ

**နေပြည်တော် ဇူလိုင် ၁၁**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနေသည့် ၂၀၁၆ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များကို ယနေ့နံနက် ၁၁ နာရီမှ စတင်ကာ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ ဖူဆယ်အားကစားရုံ၌ ကျင်းပသည်။

ဒုတိယနေ့ အမျိုးသမီးပြိုင်ပွဲတွင် ဗီယက်နမ်ကလပ် ထိုင်ဆွန်နမ်အသင်း အနိုင်ရခဲ့ပြီး မြန်မာကလပ် W.F.C အသင်း သရေပွဲကြုံတွေ့ခဲ့သည်။ အဖွင့်ပွဲ၌ ရှုံးပွဲကြုံတွေ့ခဲ့သည့် W.F.C အမျိုးသမီးအသင်းသည် နိုင်ပွဲပြန်လည်ရရှိရန်ကြိုးပမ်းခဲ့သော်လည်း သရေဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ W.F.C အသင်းသည် ဒုတိယပိုင်းအစတွင် ဗန်ကောက်အသင်း၏ ဦးဆောင်ဂိုးသွင်းယူမှုကို ပေးခဲ့ရသော်လည်း ၃၇ မိနစ်တွင် တင့်တင့်ထွန်းက ချေပဂိုးပြန်သွင်းခဲ့သောကြောင့် တစ်ဂိုးစီသရေကျခဲ့ခြင်းဖြစ်သည်။ အခြားပွဲစဉ်တွင် လက်ရှိချန်ပီယံ ထိုင်ဆွန်နမ်(ဗီယက်နမ်)က ဂျာရာကန်ဆီနာ(အင်ဒိုနီးရှား)ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အမျိုးသားပြိုင်ပွဲတွင် ထိုင်းဆိပ်ကမ်းအသင်းက ဗီယက်နမ်ကလပ် ထိုင်ဆွန်နမ်အသင်းကို လေးဂိုးပြတ်အနိုင်ရရှိခဲ့သည်။ လက်ရှိချန်ပီယံ ထိုင်းဆိပ်ကမ်းအသင်းသည် ပထမဆုံးပွဲတွင် ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ထိုင်ဆွန်နမ်အသင်းသည် ပွဲဦးထွက်ပွဲ၌ အနိုင်ရရှိခဲ့သော်လည်း ဒုတိယမြောက်ပွဲတွင် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ ည ၇ နာရီ၌ ယှဉ်ပြိုင်သည့် မြန်မာ့ကလပ် M.I.C အသင်းက လာအိုကလပ် Lanexang ကို ကိုးဂိုး-ငါးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**(ရဲရင့်ရှိုင်း)**

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမသဘာဝဓာတ်ငွေ့စက်ရုံတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ၃၃ကေဗွီ ရွာမ-ဒညင်းကုန်းလိုင်းပေါ်ရှိ ၃၃/၆. ၆ကေဗွီ ခေတ္တရာ ဓာတ်အားခွဲရုံမှ ၃၃ကေဗွီဓာတ်အားလိုင်းဆက်သွယ်၍ ၂. ၅အမ်ဗွီအေ ၃၃/၃. ၃ကေဗွီဓာတ်အားခွဲရုံ(၁)ခုတည်ဆောက်ခြင်းလုပ်ငန်းအား Turn Key စနစ်ဆောင်ရွက်ခြင်းကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၂-၇-၂၀၁၆ရက်
တင်ဒါပိတ်မည့်ရက် - ၁၂-၈-၂၀၁၆ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀နာရီ

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရုံးအမှတ်(၄၄)၊ နေပြည်တော်**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း လှေလှော်ပြိုင်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၁**

ဆီးဂိမ်းပြိုင်ပွဲများနှင့် နိုင်ငံတကာလှေလှော်ပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရန်ရည်ရွယ်၍ မျိုးဆက်သစ်အားကစားသမားများရရှိရေးအတွက် နယ်မြေဆင်း ရွက်ပုန်းသီးရှာဖွေဖော်ထုတ်ရန် နိုင်ငံတော်အတွက်အားထားရမည့် နိုင်ငံ့လက်ရွေးစင်လှေလှော်ကစားသမားများ စဉ်ဆက်မပြတ်ရရှိရေးနှင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်နှင့် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကျေးရွာလူငယ်များ အလွတ်တန်းနှင့် ကျောင်းသား ကျောင်းသူအဆင့်ပြိုင်ပွဲကို ဇူလိုင် ၈ ရက်က လက်ျာကြီးကျေးရွာအုပ်စု ခတ္တိယချောင်းအတွင်း ကျင်းပသည်။

ယင်းပြိုင်ပွဲကို လက်ျာကြီးကျေးရွာအတွင်းရှိ လက်ျာကြီးကျေးရွာအုပ်စု၊ မလက်တိုကျေးရွာအုပ်စု၊ အနီးကျေးရွာအုပ်စု၊ လေးအိမ်စုကျေးရွာအုပ်စုနှင့် ဓနုဖြူမြို့နယ်၊ ပန်းတနော်မြို့နယ်နှင့် ညောင်တုန်းမြို့နယ်တို့မှ လှေလှော်အားကစားနည်း စိတ်ဝင်စားသည့် အမျိုးသား ၅၉ ဦး၊ အမျိုးသမီး ခြောက်ဦး စုစုပေါင်း ၆၅ ဦး ဝင်ရောက်ယှဉ်ပြိုင်သည်။

မြန်မာ့လက်ရွေးစင် လှေလှော်အားကစားသမားများ ပေါ်ထွန်းလာရေးကိုမျှော်မှန်း၍ ယင်းပြိုင်ပွဲမှ အနိုင်ရရှိသူများအား ပြန်လည်စိစစ်ကာ ခန္ဓာကိုယ်ကြံ့ခိုင်မှု၊ သက်လုံကောင်းမှု၊ ကျန်းမာသန်စွမ်းမှု၊ စိတ်ဓာတ်ကြံ့ခိုင်မှုများကို ဆန်းစစ်ခြင်း၊ အားကစားနည်းနှင့်ကိုက်ညီသော ခန္ဓာကိုယ်အချိုးအစားရှိ/မရှိကို မှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူး၍ မှတ်တမ်းတင်ခြင်းများ ပြုလုပ်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဦး (အားကစား)၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းတို့နှင့် လူရွေးချယ်ရေးအဖွဲ့ဝင်များသည် ခတ္တိယချောင်းအတွင်း ကျင်းပသည့်နေရာသို့ လိုက်လံကြည့်ရှုဆောင်ရွက်ခဲ့သည်။

အဆိုပါနယ်မြေကွင်းဆင်း လူရွေးချယ်လှေလှော်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကာ လှေလှော်အားကစားနည်းများအတွက် စိတ်ကြိုက်ရွေးချယ်ထားသော အားကစားသမားများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ ပဏာမလက်ရွေးစင် အရန်အင်အားဖြင့် ဆက်လက်ပြုစုပျိုးထောင်လေ့ကျင့်ပေး၍ နိုင်ငံ့လက်ရွေးစင်ဖြစ်သည်အထိ ထိထိရောက်ရောက်လေ့ကျင့်ပေးသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်တွင် ယခုလက်ရှိစခန်းသွင်းလေ့ကျင့်နေသော မြန်မာ့လက်ရွေးစင်အများစုသည် ဧရာဝတီတိုင်းဒေသကြီးမှဖြစ်သည့်အားလျော်စွာ အစဉ်အလာရှိသော ယခုလိုလှေလှော်ခြင်းနှင့် အကျွမ်းတဝင်နီးစပ်သောနယ်မြေဒေသများသို့ကွင်းဆင်း၍ လှေလှော်အားကစားသမားကောင်းများ ရရှိနိုင်ရေးနှင့် မျိုးဆက်သစ်စဉ်ဆက်မပြတ်ရေးတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ဖိုးသော်ဇင်)**

# "ဂုဏ်ယူဝမ်းမြောက်ခြင်း"

## ကမ္ဘောဇဘဏ်လီမိတက် ၏
## ဘဏ်ခွဲ "၄၀၀" မြောက်

ကို ၂၇ . ၆. ၂၀၁၆ ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်း၊ ၂၀၁၆ ခုနှစ်၊ မေလနှင့် ဇွန်လအတွင်း ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့၌ နိုင်ငံတကာဘဏ် ကိုယ်စားလှယ်ရုံး ဖွင့်လှစ်ခွင့်လိုင်စင်များ ရရှိခဲ့ခြင်းနှင့် နိုင်ငံခြားဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခြင်းများအတွက် **ကမ္ဘောဇဘဏ်လီမိတက်** နှင့် ထပ်တူ အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ဖော်ပြအပ်ပါသည်။

AUNG THAMARDI
GOLD & JEWELLERY

**ဦးအောင်ဆန်းဝင်း+ဒေါ်အေးမော်စီ**
**အောင်သမာဓိစိန်ရွှေရတနာဆိုင်**
**၂၂လမ်း၊ ၈၈× ၈၉လမ်းကြား၊ မန္တလေးမြို့**


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်**
**စီမံခန့်ခွဲရေးဦးစီးဌာန**
**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်။**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်၊ ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် ရန်ကုန်တွင် အောက်ပါဖြည့်စွက်လုပ်ငန်းစီမံကိန်းများအတွက် အစိုးရအသိအမှတ်ပြု မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

(က) ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာဌာန CT စက်ထားရန် RC (တစ်ထပ်)အဆောက်အဦ ဆောက်လုပ်ခြင်း၊ (၄၅'×၃၅')၊ CTစက်အသုံးပြုရသည်အထိ အတွင်းအပြင် မီးကြိုးသွယ်တန်းခြင်း။

(ခ) (၂၄)ခန်းတွဲ အရာထမ်းဆောင် လျှပ်စစ်မီးကြိုးသွယ်တန်းခြင်းနှင့် ကွန်ကရစ်လမ်းခင်းခြင်း(၃၄၀'×၁၂'×၆")၊ မီးရရှိရေးအတွက် ပြင်ပမီးကြိုးသွယ်တန်းခြင်း၊ 3Phaseမီတာ(၁)လုံး၊ Sub Meter(၂၄)လုံး၊ ဓာတ်တိုင်(၃)တိုင် သွယ်တန်းခြင်း။

(ဂ) ပထမနှစ် သုံးထပ်စာသင်ဆောင် ကွန်ကရစ်လမ်းခင်းခြင်း၊ (၆၁'×၁၀'×၆")ပင်မဆောင်အဟောင်းနှင့် ဆက်သွယ်သည့် အမိုးအကာသံပန်းခေါက်တံခါးတပ်ဆင်ခြင်း၊ ဗိုလ်ထိုင်အိမ်သာ(၃)လုံးတပ်ဆင်ခြင်း၊ ဓာတ်ခွဲခန်းသုံးကြွေဘေစင်အလုံး(၂၀) တပ်ဆင်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်း။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁၃-၇-၂၀၁၆ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂-၈-၂၀၁၆ရက် ညနေ ၄း၃၀နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချခြင်းနှင့် တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်မြို့ ဖြစ်ပါသည်။

၄။ တင်ဒါနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များ သိရှိလိုပါက တင်ဒါရွေးချယ်ရေးအဖွဲ့(၆၄၅၇၄၃၊ ၆၄၅၇၅၃၊ ၆၄၅၇၄၆)သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပစ္စည်းဝယ်ယူရေးကော်မတီ**
**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်**
**စီမံခန့်ခွဲရေးဦးစီးဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်အတွက် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်တွင် အောက်ပါ အကြီးစားမွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

ဆောင်ရွက်မည့်လုပ်ငန်းများ

၁။ လျှိုမြောင်ဖို့ခြင်းလုပ်ငန်း၊ ရေထိန်းအုတ်နံရံကာခြင်း၊ အုတ်ရေမြောင်းပြုလုပ်ခြင်း
၂။ ကျောင်းရှေ့မျက်နှာစာကွန်ကရစ်လမ်းခင်းခြင်း
၃။ Lecture Theatre (၂)လုံး အတွင်း/အပြင်ဆေးသုတ်ခြင်း
၄။ အုတ်တံတိုင်းကာရံခြင်း

အိတ်ဖွင့်တင်ဒါပုံစံများကို ၁၃-၇-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်း သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂-၈-၂၀၁၆ရက် ညနေ ၄း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၁-၅၇၁၂၇၁၊ ၀၁-၅၇၁၂၇၃သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၀၊ မြေကွက်အမှတ်-၅၀၆၊ မြေကွက်တည်နေရာအမှတ်(၅၀၆)၊ ဗိုလ်လရောင်လမ်း၊ ၃၀ရပ်ကွက်၊ ဒဂုံမြောက်(ဦးခင်မောင်စန်း)(MBU-၀၇၆၅၂၂) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးခင်မောင်စန်းအပေါ် တရားပြိုင်ထားကာ ဦးဇမိန်းလျှံနာ(ခ)ဦးဝင်းအောင်မှ တရားလိုပြုရန် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ တရားရုံးတွင်အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီ ရရှိခဲ့သဖြင့် တရားရှုံးအမည်ပေါက်ကိုယ်စား ဘီလစ်ဒေါ်နီလာခင်[၁၂/မဂဒ(နိုင်)၀၉၈၉၀၁]မှ တရားမကြီးမှုအမှတ် (၂၀/၂၀၁၆)(၁၀-၃-၂၀၁၆) ရက်စွဲပါ စီရင်ချက်တရားမဇာရီမှုအမှတ်(၂၉/၂၀၁၆)၏ နေ့စဉ်မှတ်တမ်းနှင့် ဘီလစ်ခန့်အပ်ကြောင်း အကြောင်းကြားစာတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**


**ရွှေကြေးစည် မှ (ကျိုက်ထီးရိုး ဝါဆိုပွဲ)**
▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ ထမ့်စမ်းဂူ
▲ မန္တလေး၊ ပြင်ဦးလွင်၊ ဒီးဒုတ်ရေပြောကန်၊ ကျောက်စိမ်းဘုရား
▲ ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ၊ စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင်အနီ၊ ကျောက်စိမ်းဘုရား
▲ (ကျိုက်ထီးရိုး၊ မော်လမြိုင်၊ ကော့ခဲ၊ ဇင်းကျိုက်ရေတံခွန်) (ဘားအံလိုဏ်ဂူဘုရားများ) နေ့ချင်းပြန်
▲ ရွှေတောင်ပြုံးပွဲနှင့်ဘုရားဖူး (ကြိုတင်လက်မှတ်ရောင်းပါပြီ) (ရွှေ)
အမေတ်ခဉ် ဧသောကြာ
ဖုန်း 01-240860/01-372290 ဖုန်း 09-49282825,09-421029191


**အမည်ပြောင်း** အဖ ဦးဇော်ဌေးလွင်၏ သား အထက(၁)ပုဇွန်တောင်၊ ဒသမတန်း(B)မှ မောင်လပြည့်(ခ)မောင်အောင်ပြည့်ကျော်အား မောင်မြတ်သူရကျော်ဟု အမည်ပြောင်းလဲခေါ်တွင်ပါရန်။

**ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း**

နေပြည်တော်နေ မနန်းငွေအောင်(ခ)မအိအိစိုးသည် မိဘဆွေမျိုးများနှင့် ခင်ပွန်းဖြစ်သူ၏ ပြောဆိုဆုံးမမှုအားနားမထောင်ဘဲ နေအိမ်မှ ဆင်းသွားပါသဖြင့် ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေငြာအပ်ပါသည်။ ၎င်းနှင့် ပတ်သက်သည့် ကိစ္စများအား မိသားစုမှ လုံးဝတာဝန်မယူပါ။

ခင်ပွန်း - ဦးခင်လတ်
မိခင် -ဒေါ်မြစိန်၊ ညီမ- မနန်းသန္တာ

**အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင်မူးယစ်ဆေး**

# ကြံတစ်ဆစ်ချင်း စိုက်ပျိုးနည်းစနစ် စံပြကြံစိုက်ခင်းပြပွဲ ပြုလုပ်



**ထီးချိုင့် ဇူလိုင် ၁၁**

ကသာခရိုင် ထီးချိုင့်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ကြံတစ်ဆစ်ချင်းတန်(၈၀ )ထွက်စိုက်ပျိုးနည်းစနစ်အောင်မြင်ဖြစ်ထွန်းနေသည့် ဖုန်ကုန်းလေးရွာနေ ကြံတောင်သူဦးအေးမောင်၏ စံပြစိုက်ခင်းပြပွဲကို ဇူလိုင် ၈ ရက် နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့ရာ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးမောင်မောင်နှင့်ဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစည်သူနေမျိုးနှင့်ဌာနဆိုင်ရာများ၊ စိတ်ပါဝင်စားသူ ကြံတောင်သူ ၈၀ ခန့်တက်ရောက်လေ့လာခဲ့ကြသည်။

အဆိုပါပြပွဲတွင် ခရိုင်မန်နေဂျာ ဦးမောင်မောင်က ပြပွဲပြုလုပ်ရခြင်းနှင့် ပတ်သက်၍ မိမိတို့ စိုက်ပျိုးရေးဌာနမှ ခေတ်မီစိုက်ပျိုးနည်းစနစ်များကို ယခုလိုလက်တွေ့ပြသပေးခြင်းအားဖြင့် ကြံစိုက်တောင်သူများအနေဖြင့် ယုံကြည်စိတ်ချစွာ စိုက်ပျိုးစေနိုင်ရန် ရည်ရွယ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ခရိုင်စိုက်ပျိုးရေး ကြံသီးနှံတာဝန်ခံ ဒေါ်မြင့်မြင့်ရီက အထွက်တိုးခေတ်မီသိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် (၁၀)မျိုးကိုရှင်းလင်းရာလက်တွေ့တွင် တောင်သူများလိုက်နာဆောင်ရွက်နိုင်သည့်ဒေသနှင့်ကိုက်ညီသော နဝဒေး-၄ ကြံမျိုးကိုပြောင်းလဲစိုက်ပျိုးရန်၊ စိုက်မြောင်းကို ထွန်ရေးညက်ညက် ထယ်ရေးနက်နက်ဖြင့် နှစ်ပေခန့် ပြုပြင်စိုက်ပျိုးရန် သို့မှသာ လမိုင်းချိန်တွင်ပင် ထွက်နှုန်းပိုမိုကောင်းမွန်သည့်အပြင် အပင်များယိုင်လဲမှုမဖြစ်ကြောင်း၊ စိုက်တန်းကိုလည်း ခြောက်ပေအကျယ်စိုက်ပျိုးပါက လေဝင်လေထွက်ကောင်းခြင်း၊ နေရောင်ခြည်ကောင်းစွာရရှိခြင်း ပင်ပွားနှုန်းကောင်းခြင်းအပြင် ပိုးမွှားရောဂါကျရောက်မှုနည်းပါးခြင်း၊ အဓိကအနေဖြင့်ပေါင်းမြက်ရှင်းရာတွင် စက်ဖြင့်အလွယ်တကူဝင်ထွက်သွားလာရှင်းလင်းနိုင်ခြင်း၊ ရေသွင်းရေထုတ်လွယ်ကူခြင်းစသည့်အပင်ပြုစုမှုလုပ်ငန်းများကို အလွယ်တကူလုပ်ဆောင်နိုင်ခြင်း သာမန်စိုက်ပျိုးမှုထက် ကုန်ကျစရိတ် အနည်းငယ်ပိုသော်လည်း ဝင်ငွေအနေဖြင့် သုံးဆပိုမိုရရှိပြီး တောင်သူတစ်ဦးချင်းဝင်ငွေတိုးသည့် စိုက်ပျိုးနည်းဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့်တောင်သူများက သိလိုသည်များကိုမေးမြန်းပြီးအောင်မြင်ဖြစ်ထွန်းနေသည့် ကြံစိုက်ခင်းများအား လေ့လာကြည့်ရှုခဲ့ကြကြောင်းသိရသည်။

**ခွဲမာန်(ထီးချိုင့်)**

# မြင်တော်ကျေးရွာတွင် စက်ရေတွင်းတူးဖော်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ဝက်လက် ဇူလိုင် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် မြင်တော်ကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန JICA အစီအစဉ်ဖြင့် ပူးပေါင်းဆောင်ရွက်နေသော လေးလက်မ စက်ရေတွင်း တူးဖော်နေမှုကို ဇူလိုင် ၇ ရက်တွင် ရွှေဘိုခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမောင်ထူး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်၊ ခရိုင်ကျေးလက် ဦးစီးမှူးဦးမြင့်နှင့် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးအောင်လွင်ဦးတို့က ကွင်းဆင်းစစ်ဆေးကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

မြင်တော်ကျေးရွာ လေးလက်မ စက်ရေတွင်းကို ဇွန် ၂၉ ရက်က စတင်တူးဖော်ခဲ့ရာ ဇူလိုင် ၇ ရက်၌ အနက်ပေ ၅၈၀ တွင် ရေကောင်းရရှိခဲ့ပြီး ယခုအချိန်တွင် လေးလက်မ သံပိုက် ၂၇ လုံးချခြင်း၊ တွင်းဆေးမှုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေကြောင်း၊ ဆက်လက်၍ ရေပန့်ချခြင်း၊ ရေကန်၊ ရေစက်ရုံများ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဟု စီမံကိန်းတာဝန်ခံ (ဦးစီးအရာရှိ ) ဦးတင့်လွင်က ရှင်းလင်းပြောပြသည်။

ယခုကဲ့သို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် JICAအဖွဲ့အစည်းတို့ ပူးပေါင်း၍ သောက်သုံးရေဖူလုံအောင် စက်ရေတွင်းတူးဖော်ပေးသဖြင့် မြင်တော်ကျေးရွာနေပြည်သူများ ဝမ်းမြောက်ဝမ်းသာဖြစ်နေကြောင်း ယင်းရွာမှ ရပ်မိရပ်ဖ ဦးအောင်ဝင်းက ပြောသည်။

**နန်းမြင့်(ဝက်လက်)**

# မိတ္ထီလာတွင် တက္ကသိုလ်ပေါင်းစုံ အင်္ဂလိပ်စကားပြောစွမ်းရည်ပြိုင်ပွဲ ကျင်းပ




**မိတ္ထီလာ ဇူလိုင် ၁၁**

မိတ္ထီလာမြို့ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၌ တက္ကသိုလ်ပေါင်းစုံ အင်္ဂလိပ်စကားပြောစွမ်းရည် ပြိုင်ပွဲ ( Universities English Speaking Contest ) ကို ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီက ယင်းတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ပထမအကြိမ် တက္ကသိုလ်ပေါင်းစုံ အင်္ဂလိပ်စကားပြောစွမ်းရည်ပြိုင်ပွဲကို မိတ္ထီလာတက္ကသိုလ်မှာ ကျင်းပခဲ့ပြီး မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်မှာ ဒုတိယအကြိမ်အဖြစ် ပြိုင်ပွဲကျင်းပဖြစ်ကြောင်း သိရသည်။

ကျောင်းသား၊ ကျောင်းသူတွေ အင်္ဂလိပ်ဘာသာစကားအပေါ် စိတ်ဝင်တစား လေ့လာလာစေဖို့နဲ့ မြန်မာနိုင်ငံကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ၊ နိုင်ငံခြားခရီးသွားဧည့်သည်တွေ ဝင်ထွက်မှုများပြားလာတာနဲ့အမျှ အင်္ဂလိပ်ဘာသာစကား တတ်ကျွမ်းနားလည်သူတွေပိုမိုလိုအပ်လာမှာဖြစ်လို့ မျိုးဆက်သစ် အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်သူတွေ အများအပြားပေါ်ထွက်လာဖို့စတဲ့ရည်ရွယ်ချက်တွေနဲ့ ယခုလိုတက္ကသိုလ်ပေါင်းစုံ အင်္ဂလိပ်စကားပြောစွမ်းရည်ပြိုင်ပွဲကို ကျင်းပတာဖြစ်ပါတယ်" ဟု ပြိုင်ပွဲဖြစ်မြောက်ရေး ဦးဆောင်ကြိုးပမ်းသည့် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် ကျောင်းသားမောင်ဝဏ္ဏက ပြောကြားခဲ့သည်။

ယင်း အင်္ဂလိပ်စကားပြောစွမ်းရည်ပြိုင်ပွဲတွင် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာကြည်သွင်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲ ကျင်းပရေးကော်မတီဝင် မောင်ဝဏ္ဏက ပြိုင်ပွဲကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းပြိုင်ပွဲတွင် မိတ္ထီလာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(မိတ္ထီလာ)၊ စီးပွားရေးတက္ကသိုလ်(မိတ္ထီလာ)၊ ကွန်ပျူတာတက္ကသိုလ်(မိတ္ထီလာ)၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ ဆေးတက္ကသိုလ် (မန္တလေး)၊ ဆေးတက္ကသိုလ် (မကွေး)၊ နည်းပညာတက္ကသိုလ်(ကျောက်ဆည်)တို့မှ ကျောင်းသူ၊ ကျောင်းသား ရှစ်ဦးပါဝင်ယှဉ်ပြိုင်ပြီး ဆုရရှိသူများအား ဂုဏ်ပြုဆုများကို တာဝန်ရှိသူများက ချီးမြှင့်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

# ဘားအံမြို့နယ်တွင် ရော်ဘာစိုက်ပျိုးရန်အတွက် တောင်သူများအား ချေးငွေများထုတ်ချေးပေး


**ဘားအံ ဇူလိုင် ၁၁**

ကရင်ပြည်နယ် ဘားအံမြို့နယ် ထောင်ကလပ်ကျေးရွာတွင် မြို့နယ်သမဝါယမအသင်းစုနှင့် မြို့နယ်သမဝါယမအသင်း ဦးဆောင်မှုဖြင့် သမဝါယမချေးငွေ ပံ့ပိုးမှုအဖွဲ့သည် ထောင်ကလပ်ကျေးရွာ အလင်းတန်းရော်ဘာစိုက်ပျိုးထုတ်လုပ်ရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းသို့ ဇူလိုင် ၁၀ ရက် နံနက် ၁၁ နာရီက ထူးမြတ်သစ္စာစာကြည့်တိုက်၌ စိုက်ပျိုးချိန် ပထမခြောက်လအတွက် ရော်ဘာစိုက်ပျိုး တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေကျပ် ၂၇၃၃၁၇၇၁ အားထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရော်ဘာစိုက်ပျိုးရန်အတွက် စိုက်ပျိုးစရိတ်ချေးငွေများကို ဘားအံမြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌဦးတင်အေး၊ မြို့နယ်သမဝါယမ အသင်းမှ ဦးစီးအရာရှိဦးလှထွန်းတို့က အလင်းတန်း ရော်ဘာစိုက်ပျိုးထုတ်လုပ်ရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းဥက္ကဋ္ဌ ဦးစောတင်မောင်စိန်ထံသို့ စနစ်တကျထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရော်ဘာစိုက်ပျိုးစရိတ်ချေးငွေများကို အသင်းသားတောင်သူ ၁၀၆ ဦးအတွက် တစ်ဦးလျှင် ငွေကျပ်သုံးသိန်းကို အတိုးနှုန်း ၁၊၅၀၊ နှုန်းဖြင့် ခြောက်လထုတ်ချေးပေးခြင်းဖြစ်ပြီး ကျေးလက်နေပြည်သူများစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရာတွင် အထောက်အကူပြုစေရန် ရော်ဘာစိုက်ပျိုးဧက ၅၀၀ စိုက်ပျိုးနိုင်ရန်နှင့် တောင်သူများအား အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးသည့်အပြင် ရော်ဘာစိုက်ပျိုးရာတွင် အဓိကလိုအပ်သောမြေဩဇာများကို အချိန်မီဝယ်ယူနိုင်ရန် ချေးငွေများ ထုတ်ချေးသည့်အတွက် ထောင်ကလပ်ကျေးရွာပြည်သူများမှာ ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိကြောင်း အသင်းဥက္ကဋ္ဌ ဦးတင်မောင်စိန်၏ ပြောကြားချက်အရ သိရသည်။

**တင်တင်ထွေး(ပြန်/ဆက်)**



ပဲခူးတိုင်းဒေသကြီးညောင်လေးပင်မြို့နယ် မဒေါက်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီက ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့ ကျောင်းဝင်းအတွင်း အမှိုက်ကောက်ခြင်း၊ တံမြက်လှည်းခြင်း၊ ခြင်ခိုအောင်းနိုင်သော မြက်ပင်ချုံပုတ်များ ရှင်းလင်းဖယ်ရှားခြင်း၊ ရေဝပ်သောနေရာများမြေဖို့ခြင်း၊ ကျောင်းပန်းခြံအတွင်းရှိ ပေါင်းမြက်နုတ်ခြင်း၊ သစ်ပင်ပန်းမန်များ စိုက်ပျိုးခြင်းတို့ကို ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်ဆွေဝင်းဦးဆောင်၍ ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုပေါင်းဆောင်ရွက်နေကြစဉ်။ သတင်းနှင့်ဓာတ်ပုံ- မြို့နယ်(ပြန်/ဆက်)

# ယာဉ်မှတ်ပုံတင်ခြင်းလုပ်ငန်းနှင့် ယာဉ်မောင်းလိုင်စင်လုပ်ငန်းများကို နယ်လှည့်ကွင်းဆင်း၍ နေ့ချင်းပြီးဆောင်ရွက်

**ရေနံချောင်း ဇူလိုင် ၁၁**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ရှိ မြို့နယ်အားကစားကွင်းခန်းမကြီး၌ ဇူလိုင် ၉ ရက်က ယာဉ်မှတ်ပုံတင်ခြင်းလုပ်ငန်းနှင့် ယာဉ်မောင်းလိုင်စင်လုပ်ငန်းများကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးရုံး (မကွေး)မှ ဦးစီးအရာရှိ ဒေါ်ခင်စန်းဝေနှင့် ဝန်ထမ်းများ၊ မြန်မာ့အာမခံလုပ်ငန်း(မကွေးတိုင်းဒေသကြီး) မှ ဝန်ထမ်းများ၊ လုပ်ငန်းလိုင်စင်ဌာနမှ ဝန်ထမ်းများပူးပေါင်း၍ နယ်လှည့်ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ မော်တော်ယာဉ် ၃၄ စီး၊ မော်တော်ဆိုင်ကယ် ၅၃၁ စီးနှင့် သုံးဘီးဆိုင်ကယ် ၃၆ စီးတို့အား ယာဉ်မှတ်ပုံတင်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးနိုင်ပြီး (သ) လိုင်စင်နှစ်လဲသူနှစ်ဦးနှင့် (က)လိုင်စင်လျှောက်ထားသူလေးဦးတို့ကို နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ယာဉ်မောင်းလိုင်စင် နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မော်တော်ဆိုင်ကယ် ယာဉ်မှတ်ပုံတင်သက်တမ်းတိုးလာရောက်လုပ်ဆောင်သူတစ်ဦးကလည်း "ယနေ့လို စနေနေ့မျိုးမှာ ရေနံချောင်းမြို့ အထိလာရောက်ကွင်းဆင်းလုပ်ကိုင်ပေးတဲ့အတွက် တစ်ဖွဲ့လုံးကို ကျေးဇူးတင်မိပါတယ်။ နေ့ချင်းပြီး ဆောင်ရွက်ပေးတော့ ကျွန်တော်တို့အတွက် ပိုအဆင်ပြေတယ်။ ရုံးပိတ်ရက်လည်းဖြစ်ပြန် မကွေးမြို့အထိလည်းသွားစရာ မလိုတော့ဘူးဆိုတော့ ကျွန်တော်တို့အတွက် အချိန်မကုန်ဘူး။ ငွေပိုမကုန်တော့ဘူးပေါ့" ဟု ပြောကြားခဲ့သည်။

**ငြိမ်းငြိမ်းအိ (ပြန်/ဆက်)**

# အုတ်ဖိုမြို့နယ် အုတ်ဖိုမြို့ပတ်တာ တာပုံစံကျအခိုင်အမာပြုပြင်

à မြင့်နိုင်(ပြည်)



သာယာဝတီခရိုင်အတွင်း ၂၀၁၅ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လ ရေကြီးစဉ်ကာလများတွင် ဂမုန်းချောင်းနှင့် ကတက်ချောင်းမှ ရေကြီးမှုကြောင့် အုတ်ဖိုမြို့အား ရေကြီးမှုမှ ကာကွယ်ထားသည့် အုတ်ဖိုမြို့ပတ်တာတွင် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သဖြင့် ယခုနှစ် မိုးရာသီမတိုင်မီမှစ၍ ပြန်လည်ပြုပြင်ဆောင်ရွက်နေကြောင်းသိရသည်။

အုတ်ဖိုမြို့ပတ်တာသည် အုတ်ဖိုမြို့ မြောက်ဘက်ရှိ ဂမုန်းချောင်းနှင့် ကတက်ချောင်းမှ ရေများ မိုးရာသီရေကြီးချိန်တွင် မြို့တွင်းသို့ မဝင်ရောက်စေဘဲ အုတ်ဖိုမြို့ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန် ၁၉၇၅ ခုနှစ်ခန့်က တည်ဆောက်ခဲ့သော အလျား သုံးမိုင်၊ တာထိပ်အကျယ် ၁၀ ပေ၊ ပျမ်းမျှအမြင့် ခုနစ်ပေ၊ အောက်ခြေအကျယ် ၃၀ ပေရှိ ဒေသမှထိန်းသိမ်းထားသော တာတမံဖြစ်သည်။


အုတ်ဖိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး၏ တင်ပြချက်အရ ၂၀၁၄ ခုနှစ်တွင် မူလတာအား တာပုံစံကျပြုပြင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။ သို့ရာတွင် ၂၀၁၅ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လ ရေကြီးချိန်တွင် ရေတိုက်စားမှုကြောင့် တာခြေတွင် နိမ့်ကျခြင်း၊ တာထိပ်တွင် အက်ကွဲကြောင်းများဖြစ်ပေါ်ခြင်း၊ ထူးပေါက်ခြင်းများ ဖြစ်ပေါ်ခဲ့သည်။

၂၀၁၅ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် ဂမုန်းချောင်းနှင့် ကတက်ချောင်းရေကြီးမှုကြောင့် အုတ်ဖိုမြို့ပတ်တာ အပျက်အစီးများအား ၂၀၁၆ ခုနှစ် မိုးရာသီမတိုင်မီ တာပုံစံကျ ပြန်လည်ပြုပြင် ဆောင်ရွက်မှသာလျှင် ယခုနှစ် မိုးရာသီအတွင်း အုတ်ဖိုမြို့အား ရေဘေးအန္တရာယ်မှ ကင်းဝေးစေနိုင်မည် ဖြစ်သည်။

အုတ်ဖိုမြို့ပတ်တာ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း လုပ်ငန်း ပမာဏမှာ အလျား သုံးမိုင်၊ မြေကြီး ၅၀၄၄၂ ကျင်းဖြစ်ပါသည်။ ၂၀၁၆-၂၀၁၇ ခုနှစ် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေ (B.E)ဖြင့် ၂၀၁၆ ခုနှစ် မေ ၁၇ ရက်နေ့မှစ၍ လုပ်ငန်းစတင်ဆောင်ရွက်လျက်ရှိသည်။

သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်ရှိ ရေကြီးမှုကြောင့် ပျက်စီးခဲ့သော အုတ်ဖိုမြို့ပတ်တာအား တာပုံစံကျပြန်လည်ပြုပြင်ပေးခြင်းဖြင့် အုတ်ဖိုမြို့အား ရေကြီးနစ်မြုပ်မှုမှ ကင်းဝေးစေမည်ဖြစ်သည့်အတွက် မြို့နေပြည်သူလူထု၏ လူနေမှုဘဝ တိုးတက်မြင့်မားလာမည်ဖြစ်ပါကြောင်း။ ။

အုတ်ဖိုမြို့နယ်၊ အုတ်ဖိုမြို့ပတ်တာ တည်နေရာပြပုံ




**လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေ**

| စဉ် | လုပ်ငန်းအမည် | လုပ်ငန်းပမာဏ | | (၃၀.၆.၂၀၁၆) နေ့ထိ ပြီးစီးမှု | | | စက်ယန္တရား (စီးရေ) |
|---|---|---|---|---|---|---|---|
| | | အလျား (မိုင်) | မြေကြီး (ကျင်း) | အလျား (မိုင်) | မြေကြီး (ကျင်း) | ပြီးစီးမှု (ရာခိုင်နှုန်း) | |
| ၁ | အုတ်ဖိုမြို့ပတ်တာ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း | ၃.၀၀ | ၅၀၄၄၂ | ၁.၅၅ | ၂၅၉၅၆ | ၅၁ | Back Hoe (၆)စီး |
| | | | | | | | Tracked Dozer (၁)စီး |
| | | | | | | | Dump Truck (၁၄)စီး |
| | | | | | | | Water Bowser (၁)စီး |
| | | | | | | | Sheep Foot Roller (၂)စီး |

# အောင်မြင်ဖြစ်ထွန်းနေသော သီးနှံ စံပြစိုက်ကွက်များအား ကွင်းဆင်းကြည့်ရှု



**မိုးနဲ ဇူလိုင် ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေး ခရိုင် မိုးနဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်အဖြစ် သီးနှံစိုက်ကွက်များ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ရွှေရင်အေးစံပြ မိုးစပါးပျိုးဘောင်စနစ်ဖြင့် ပျိုးထောင်ထားရှိသော နမ့်မော်ဆွမ့်ကျေးရွာ တောင်သူဦးတိမာ စပါးခင်းကိုလည်းကောင်း၊ လွိုင်ချိုကျေးရွာ တောင်သူလုံးပုံည စိုက်ပျိုးထားသော စံပြမြေပဲစိုက်ခင်းနှင့် ဝမ်ယေး ကျေးရွာတောင်သူ ဦးစိုင်းမွန်း စိုက်ပျိုးထားသည့် စံပြပြောင်းစိုက်ခင်းကိုလည်းကောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်သိန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးငိုဘွယ်နှင့် ဝန်ထမ်းများသည် ဇူလိုင် ၉ ရက်က ကျေးရွာအရောက် ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

သီးနှံစိုက်ပျိုးသော တောင်သူများ၏ လိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■

# ဖာပွန်မြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ကိုင်သော သမဝါယမအသင်းအတွက် ချေးငွေများပေးအပ်

**ဖာပွန် ဇူလိုင် ၁၁**

ကရင်ပြည်နယ် ဖာပွန်မြို့နယ် သမဝါယမအသင်းစု လီမိတက်၏ ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် China EXIM Bank ချေးငွေပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၇ ရက်က ဖာပွန်မြို့နယ် အလေးမအားကစားရုံ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ဖာပွန်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက ဖာပွန်ဒေသ၏ သမဝါယမလုပ်ငန်းများနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ဒုတိယညွှန်ကြားရေးမှူး ဦးဆန်းအောင်က သမဝါယမလုပ်ငန်းနှင့် စပ်လျဉ်းသည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ကရင်ပြည်နယ်သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌဦးမြင့်အေးက အသင်းအဆင့်ဆင့်၏ လုပ်ငန်းတာဝန်များ၊ ချေးငွေဆိုင်ရာကိစ္စရပ်များအားလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ China EXIM Bank ချေးငွေ ပြန်လည် ပေးဆပ်ရာတွင် ဦးစွာပေးသွင်းသည့် အသင်းနှစ်သင်းအတွက် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် တစ်ပြည်နယ်လုံးတွင် ချေးငွေဦးစွာပေးသွင်းနိုင်သည့် ဖာပွန်မြို့နယ်အတွက် ဂုဏ်ပြုဆုတို့အား ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ပြည်နယ်ဒုတိယညွှန်ကြားရေးမှူးတို့မှ ပေးအပ်ပေးပြီး ဖာပွန်မြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ကိုင်သော သမဝါယမအသင်း ၂၆ သင်းအတွက် China EXIM Bank ချေးငွေကျပ် ၂၁၃၁ ဒသမ ၀၆၅ သိန်းကို ပြည်နယ်သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌက ပေးအပ်ရာ ဖာပွန်မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌက လက်ခံရယူသည်။

အခမ်းအနားသို့ ဖာပွန်ခရိုင်အုပ်ချုပ်ရေးမှူး၊ ကရင်ပြည်နယ်သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ ကရင်ပြည်နယ်သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ၊ ဖာပွန်မြို့နယ် အုပ်ချုပ်ရေးမှူး၊ ဖာပွန်မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ၊ ဖာပွန်မြို့နယ်သမဝါယမအသင်းစုမှ အမှုဆောင်များနှင့် အခြေခံသမဝါယမအသင်းမှ အသင်းသားများ တက်ရောက်ကြသည်။

**သိန်းစိုးမြင့်(ပြန်/ဆက်)**

**ဆောင်းပါး**



# အချိန်တန်အိမ်ပြန်နိုင်ဖို့

ခဲ့သက်အောင် (Shiga)

ဤဆောင်းပါးပါ အကြောင်းအရာများကို စာရေးသူလွန်ခဲ့သော ကိုးနှစ်ခန့်ကစီးပွားရေးပညာရပ်ဖြင့်ပညာတော်သင်သွားခဲ့စဉ်က သိရှိလေ့လာခဲ့ရသောအကြောင်းအရာဖြစ်ခဲ့ပေမယ့် အခြေအနေအရလွန်ခဲ့သော သုံးနှစ်ခန့်မှသာ ပါတီပေါင်းစုံမှ နိုင်ငံရေးစိတ်ဝင်စားသူများကိုပို့ချသည့်သင်တန်းအလုပ်ရုံဆွေးနွေးပွဲအတွက်အကျဉ်းရုံးပြီး ဖော်ထုတ်တင်ပြခဲ့ဖူးပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်၏မဟာချိုင်ခရီးစဉ်မှာ မြန်မာရွှေ့ပြောင်းလုပ်သားတွေရဲ့မြင်ကွင်းကို အများနည်းတူ စိတ်မကောင်းခြင်းများစွာဖြင့် မြင်တွေ့ခဲ့ရပြီးသည့်နောက် ယခုဆောင်းပါးကိုရေးခဲ့ခြင်းဖြစ်ပါသည်။

ASEAN အချက်အလက်များအရ ထိုင်းနိုင်ငံ၏ တစ်ဦးချင်းပြည်တွင်းထုတ်ကုန်တန်ဖိုး (GDP)သည် မြန်မာနိုင်ငံထက်ခြောက်ဆခန့်များပြီး၊ တစ်ဦးချင်းပြည်တွင်းထုတ်ကုန်တန်ဖိုးများလည်း ၄ ဒသမ ၅ ဆခန့်များသည်ကို တွေ့ရပါသည်။ အခြားသွင်းကုန်ထုတ်ကုန်တန်ဖိုးများမှာအဆ ၂၀ ခန့်နှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုက ခြောက်ဆမှ ၁၀ ဆခန့်အထိ ထိုင်းနိုင်ငံကပိုများနေသည်ကို တွေ့ရပါသည်။ အခြေခံလုပ်ခလစာမှာလည်း မြန်မာနိုင်ငံ၏ တစ်ရက်လုပ်ခ ကျပ် ၃၆၀၀ ထက် သုံးဆခန့် ထိုင်းဘတ်ငွေ ၃၀၀ (ကျပ် ၁၀၀၀၀ ခန့်)ရှိပြီး အခြားသက်ဆိုင်ရာကျွမ်းကျင်သူ၊ မကျွမ်းကျင်သူအဆင့်ဆင့်အလိုက် လုပ်ခလစာများမတူညီကြပါ။ စားသောက်စရိတ်နှင့်နေထိုင်သွားလာစရိတ်များမှာမူ ယေဘုယျအားဖြင့် မြန်မာနိုင်ငံထက် သက်သာနေသည်ကိုတွေ့ရပြီး မြန်မာနိုင်ငံ၌ ငွေဖောင်းပွမှုနှုန်း ပိုမိုမြင့်မားနေသည့်အကြောင်းရင်းတစ်ရပ်ကြောင့်ဖြစ်သည်ဟုယူဆရသည်။

အဆိုပါ မတူညီသောစီးပွားရေးနောက်ခံအကြောင်းတရား အခြေခံအချက်အလက်တွေကြောင့်လဲ မြန်မာနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမား လေးသန်းခန့် တရားဝင်ကော၊ တရားမဝင်ပါ ပြောင်းရွှေ့လုပ်ကိုင်သည်မှာ မဆန်းလှပါ။ အကောင်းဘက်ကကြည့်ပါက မိမိနိုင်ငံသား လေးသန်းခန့်အပြင် လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နိုင်ငံတို့မှ သန်းချီသော ရွှေ့ပြောင်းအလုပ်သမားများကိုအလုပ်ပေးထားနိုင်သည့် စီးပွားရေးအရွယ်အစားကြီးတည်ရှိနေတာကိုပင် တစ်ဖက်ကကျေးဇူးတင်ရပါမည်။ မြန်မာနိုင်ငံ၏ အလုပ်အကိုင်ရှားပါးမှုနှင့် လုပ်ခလစာနည်းပါးမှုကြောင့် ပိုလျှံနေသော အလုပ်လက်မဲ့များကို အသုံးချ၍ စီးပွားရေးတိုးတက်မှုအရကော စီးပွားရေးအရွယ်အစားအရပါ ကြီးမားသည့် ထိုင်းနိုင်ငံအတွက် ဈေးသက်သာသော လုပ်အားကိုရရှိနေသည်ကို တွေ့ရပါသည်။ စာရေးသူအနေဖြင့် ထိုင်းနိုင်ငံသည် အဆိုပါပတ်လည်အိမ်နီးချင်းနိုင်ငံတို့မှ လုပ်အားထောက်ပံ့နိုင်မှု (Labour supply)၊ ကြီးမားသည့် စက်မှုလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများ တည်ထောင်ထားနိုင်မှု၊ သန်း ၃၀ ကျော်သော ကမ္ဘာလှည့်ခရီးသည်များကို ဝန်ဆောင်မှုပေးရန်လိုအပ်မှု၊ များပြားလှသည့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီး မြှုပ်နှံမှု (၁ ဒသမ ၃ billion (2013))များကို လက်ခံရရှိနေသည့်အတွက် အဆိုပါ ပတ်ဝန်းကျင်နိုင်ငံမှ လုပ်အားအင်အားစုကို အကောင်းဆုံးနေရာချထားပြီး ထိုင်းနိုင်ငံနှင့် ထိုင်းလူမျိုးများအတွက် အကောင်းဆုံးအကျိုးအမြတ်ကို ရရှိစေနိုင်မည့် စီးပွားရေးမော်ဒယ်ပုံစံကိုဆယ်စုနှစ်ချီ၍ ဖြည်းဖြည်းနှင့်မှန်မှန်ပြောင်းလဲ တည်ဆောက်နိုင်ခဲ့သည်ဟု မြင်ပါသည်။

စီးပွားရေးပညာရပ်၏ အခြေခံသဘောတရားအရ ပြည်တွင်းထုတ်ကုန်ကိုယေဘုယျအားဖြင့် စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍနှင့် စီးပွားရေးအသစ်ခေါ် နည်းပညာအခြေပြု စီးပွားရေးစသည့်ကဏ္ဍများ ဖြင့်ပေါင်းစပ်ဖွဲ့စည်းထားပါသည်။ အဆိုပါ ကဏ္ဍအသီးသီး၏ ယေဘုယျကုန်ထုတ်စွမ်းအား (Productivity)မှာ လယ်ယာကဏ္ဍထက်စက်မှုကဏ္ဍမှ ငါးဆခန့်များပြီး ဝန်ဆောင်မှုကဏ္ဍမှာ စက်မှုကဏ္ဍထက်နောက်ထပ် ငါးဆခန့်များသဖြင့် ဝန်ဆောင်မှုကဏ္ဍမှာစိုက်ပျိုးရေးကဏ္ဍထက် ၂၅ ဆခန့်များသည်ကို တွေ့ရပါသည်။ နည်းပညာအခြေပြု စွန့်ဦးတီထွင်သည့် ဝန်ဆောင်မှုကဏ္ဍကုန်ထုတ်စွမ်းအားမှာ အများဆုံးဖြစ်ပြီး အတိုင်းအဆမရှိပါ။ သို့ဖြစ်၍ ထိုင်းနိုင်ငံအနေနှင့် ထိုင်းနိုင်ငံ၏ အကျိုးစီးပွားနှင့် ထိုင်းလူမျိုးတို့အတွက် အကောင်းဆုံးစွမ်းအားစုခွဲဝေမှုပုံစံ (Resource allocation) မှာကျွမ်းကျင်မှုနှင့် နည်းပညာအလိုက် အကောင်းဆုံးကုန်ထုတ်စွမ်းအား (Productivity) ကိုပေးနိုင်မည့်ကဏ္ဍ (ဝန်ဆောင်မှုနှင့် နည်းပညာအခြေပြုဝန်ဆောင်မှု)သို့မိမိနိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ် အများစုကိုတဖြည်းဖြည်းနှင့် လေ့ကျင့်သင်ကြားပေးပြီး အများဆုံးပို့ဆောင်ခွဲဝေသည့်ပုံစံကို ခိုင်ခိုင်မာမာ တည်ဆောက်ထားခြင်းဖြစ်ပါသည်။ လစ်လပ်သွားသည့် စိုက်ပျိုးရေးကဏ္ဍ၊ ငါးဖမ်းလုပ်ငန်း၊ကုန်ထုတ်လုပ်ငန်းများမှ လုပ်အားကိုအိမ်နီးချင်းနိုင်ငံများမှ ရွှေ့ပြောင်းလုပ်သားများဖြင့်တဖြည်းဖြည်းချင်းနှင့် ခိုင်ခိုင်မာမာအစားထိုးလုပ်ကိုင်စေပါသည်။ ၎င်းကဲ့သို့ ကဏ္ဍကြီးများအလိုက် ပြောင်းလဲမှုပုံစံ (Structure Transformation)



ကို လုပ်ကိုင်နိုင်ခြင်းမှာထိုင်းနိုင်ငံ၏ ကဏ္ဍအလိုက်စီးပွားရေး တိုးတက်စွမ်းဆောင်နိုင်မှု၊ စီးပွားရေးအရွယ်အစား (GDP) ချဲ့ထွင်နိုင်မှုနှင့်အိမ်နီးချင်းနိုင်ငံများ၏ လုပ်သားရောင်းလိုအား (Labour Supply) ရှိနေမှုတို့ကြောင့်ဖြစ်ပြီး ဆက်လက်၍လည်းအဆိုပါစီးပွားရေးပုံစံ (Model)ကိုသာ လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါမည်။ စာရေးသူတို့ နိုင်ငံအနေဖြင့် အဆိုပါအခွင့်အရေးမျိုးရရှိခဲ့ပါကလည်း အဆိုပါပုံစံကိုသာ လုပ်ကိုင်ရန်တိုက်တွန်းပါမည်။အကယ်၍ (လက်တွေ့အရတော့ မဖြစ်နိုင်ပါ) အိမ်နီးချင်းရွှေ့ပြောင်းလုပ်သားများ ပြည်တော်ပြန်ကုန်ပါက အထက်ပါအတိုင်း ဆယ်စုနှစ်ချီ၍ ကုန်ထုတ်စွမ်းအားမြင့်မားသောကဏ္ဍသို့လေ့ကျင့်သင်ကြားရွှေ့ပြောင်းပေးခဲ့သော ထိုင်းလုပ်သားများကို လယ်ယာသားငါး၊ စက်မှုကဏ္ဍများသို့ဆင်း၍ ပြန်အလုပ်လုပ်ခိုင်းပါက မည်သူမျှဆင်းချင်တော့မည်မဟုတ်ပါ။

အားလုံးမှတ်မိကြပါလိမ့်မည်။ မြန်မာနိုင်ငံ၌ ၂၀၁၁ ခုနှစ် စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်မည်ဆိုရော၊ ထိုင်းဝန်ကြီးချုပ်ယင်လတ်လက်ထက်၌ အနည်းဆုံးလုပ်ခကိုဘတ် ၃၀၀ သို့ တိုးမြှင့်ပြီး အခြေခံရွှေ့ပြောင်းလုပ် သားအင်အားစုကို ထိန်းသိမ်းခဲ့ပါသည်။ ၎င်းအတွက်ထိုင်းလုပ်ငန်းရှင်များထံမှ ကန့်ကွက်မှုကြီးမားစွာ မကြုံခဲ့ရသည့်အပြင်မိမိတို့ မြန်မာနိုင်ငံအနေဖြင့် ဘတ် ၃၀၀ နီးပါး တိုးမြှင့်ပေးလာနိုင်ခဲ့လျှင်လည်း ၎င်းတို့အနေဖြင့် တစ်နေ့လုပ်ခကိုဘတ် ၅၀၀ သို့တိုးမြှင့်ပေးရန်ထိုင်းနိုင်ငံ၏စီးပွားရေးအရွယ်အစားနှင့်အမြတ်ပမာဏအရကွက်လပ် (Space)များစွာ ကျန်ရှိနေပါသေးသည်။တကယ့်လက်တွေ့တွင်မူ အစိုးရမှဘတ် ၃၀၀ သတ်မှတ်ထားသော်လည်း မြန်မာရွှေ့ပြောင်းလုပ်သားအများစုမှာ မခံစားရပါ။ မိမိတို့၏လုပ်အားရောင်းလိုအား (Labour supply)ကြောင့်လည်း ဘတ် ၃၀၀ တော့ မပေးနိုင်ပါ။ မကျေနပ်လျှင်ပြန်သွားဟူသော စကားကိုသာထိုင်းလုပ်ငန်းရှင်များထံမှ ကြားရပါလိမ့်မည်။ TV ဖန်သားပြင်ပေါ်မှာကဲ့သို့ 'အိမ်ပြန်ချင်ပြီ' ပြန်ရန်လည်းမဖြစ်နိုင်ပါဆိုသည့် အခြေအနေများကိုသာ နှစ်ပေါင်းများစွာ တွေ့မြင်နေရပါဦးမည်။ မိမိတို့၏နိုင်ငံစီးပွားရေးတိုးတက်ရန် ကြိုးပမ်းနေသလို ရှေ့ရောက်နေသည့် နိုင်ငံအနေနှင့်လည်း ရပ်စောင့်နေမည်မဟုတ်သောကြောင့် ကွာခြားမှုများ ဆက်လက်တည်ရှိနေ၍ဖြစ်ပါသည်။

ဤနေရာတွင်စာရေးသူအနေဖြင့် ပညာတော်သင်တက်ရောက်စဉ်ကာလက ရွှေ့ပြောင်းလုပ်သား ပြဿနာအနေဖြင့် ဦးဆောင်နိုင်ငံဟုဆိုနိုင်သည့် ဖိလစ်ပိုင်နိုင်ငံမှ Anna ဆိုသည့် ဘွဲ့လွန်သုတေသနကျောင်းသူ၏ ရွှေ့ပြောင်းလုပ်သားနှင့်ပတ်သက်သောစာတမ်းကိုအထူးဖော်ပြလိုပါသည်။(၎င်းစာတမ်းကိုကိုးကားမှုအတွက်လည်းဤ နေရာမှအသိပေးတောင်းဆိုပါသည်။) ကျမ်းပြုစုသူ၏ကြီးကြပ်သူပရော်ဖက်ဆာ၏နှိုးဆော်မှုဖြင့် စာတမ်းကိုသုတိပြုမိရာမှ Anna အနေနှင့်ဖိလစ်ပိုင်နိုင်ငံမူဝါဒချမှတ်ဆောင်ရွက်သူများအတွက် အင်မတန်ရိုးရှင်းပြီး ထိရောက်သည့်ယူဆချက်တစ်ရပ်ကို လုပ်ဆောင်ခဲ့ပါသည်။မြန်မာနိုင်ငံအတွက် ဤသုတေသနယူဆချက်မှာတစ်နေ့အသုံးဝင်လာလိမ့်မည်ဟုယူဆ၍လည်း မိမိ၏ကျမ်းစာဖြင့် (Soft copy) ကို လဲလှယ်ခဲ့ပါသည်။ ကျမ်းစာအကြောင်းမပြောခင် ဖိလစ်ပိုင်နိုင်ငံ၏ နောက်ခံအကြောင်းကိုအနည်းငယ်ရှင်းပြလိုပါသည်။

မြန်မာနိုင်ငံထက်ပို၍ ရှည်ကြာသော စပိန်နိုင်ငံ၏ကိုလိုနီလက်အောက်ခံအနေဖြင့် နှစ်ပေါင်း သုံးရာကျော် နေထိုင်ခဲ့ရသည်ဟုဆိုသည်။ လူဦးရေသန်း ၁၀၀ နီးပါးရှိပြီး နိုင်ငံ၏ကြွေးမြီမှာလည်း အာဏာရှင်စနစ်ဆိုးမွေအဖြစ် ဒေါ်လာဘီလီယံ ၁၀၀ ခန့်ရှိနေသည်ဟုဆိုသည်။ တစ်ဖက်၌ ကိုလိုနီစနစ်၏ကောင်းမွေအဖြစ်အများစုမှာ အင်္ဂလိပ် စကားပြောဆိုနိုင်သောကြောင့် ကမ္ဘာ့နိုင်ငံပေါင်း ၁၉၈ နိုင်ငံတွင် ဖိလစ်ပိုင်လူမျိုး ၁၀ သန်းကျော်ခန့် သွားရောက်လုပ်ကိုင်နေပြီး တိုင်းပြည်သို့ နှစ်စဉ်ပြန်ပို့ငွေဒေါ်လာ ၁၀ ဘီလီယံခန့်ရှိသည်ဟုဆိုသည်။ ဖိလစ်ပိုင်ဆရာဝန်များ နိုင်ငံခြားသို့ သူနာပြုအနေဖြင့် သွားရောက်အလုပ်လုပ်ကိုင်နေသည်ကိုလည်း သိရှိရ၍ ပရော်ဖက်ဆာနှင့်အတူ ကိုယ်တိုင်အံ့အားသင့်ခဲ့ရပါသည်။

၎င်းကဲ့သို့သော အခြေအနေနောက်ခံအကြောင်းတရား၌ ကျမ်းပြုစုသူသည် ဖိလစ်ပိုင်နိုင်ငံ၏ ပြည်တွင်း ထုတ်ကုန်တန်ဖိုး (GDP)၊ တစ်ဦးချင်းပြည်တွင်းထုတ်ကုန်တန်ဖိုး (Per Capita GDP) နှင့် ဖိလစ်ပိုင်လူမျိုးများ အများဆုံးသွားရောက်အလုပ်လုပ်ကိုင်သည့် နိုင်ငံတစ်ခုချင်းစီ၏ ပြည်တွင်းထုတ်ကုန်တန်ဖိုး (GDP)၊ တစ်ဦးချင်းပြည်တွင်းထုတ်ကုန်တန်ဖိုး (Per Capita GDP) များကိုအသေးစိတ်တိုင်းတာပါသည်။ ၎င်းနောက်ဖိလစ်ပိုင်နိုင်ငံ၏ အခြေခံအလုပ်သမားလစာ၊ မကျွမ်းကျင်နှင့် ကျွမ်းကျင်လုပ်သားများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်သည့်အဆင့်မြင့်ဝန်ထမ်းများ၏ လစာဝင်ငွေများကိုဖိလစ်ပိုင်နှင့်အခြားနိုင်ငံများအကြားကွာခြားမှုကို ဆက်လက်အသေးစိတ်တိုင်းတာပါသည်။ အခြားဆက်စပ်နေသည့် အချက်အလက်များကို ထည့်သွင်းတွက်ချက်ပြီးနောက် ဖိလစ်ပိုင်မူဝါဒချမှတ်သူများအတွက် အင်မတန်ရိုးရှင်းသည့်ကောက်ချက်တစ်ခုကိုချခဲ့ပါသည်။ အဆိုပါကောက်ချက်မှာ နိုင်ငံရပ်ခြားသို့သွားရောက်လုပ်ကိုင်နေသော ဖိလစ်ပိုင်ရွှေ့ပြောင်းလုပ်သားများကို ဆက်လက်သွားရောက်လုပ်ကိုင်ခြင်းမှ ရပ်တန့်စေလိုပါက (သွားရောက်ပြီးပြန်လာရန်မဟုတ်သေးပါ။) ဖိလစ်ပိုင်၏ ပြည်တွင်းထုတ်ကုန်တန်ဖိုး (GDP) နှင့် တစ်ဦးချင်းပြည်တွင်းထုတ်ကုန်တန်ဖိုး (Per Capita GDP) ကို အနည်းဆုံး မည်မျှတိုးတက်အောင်လုပ်ဆောင်ရမည်ဆိုသော ရိုးရှင်းထိရောက်သည့် တိုင်းတာချက်ကိုတင်ပြနိုင်ခဲ့ပါသည်။

မိမိတို့မြန်မာနိုင်ငံအနေဖြင့်လည်း ထိုင်းနိုင်ငံကဲ့သို့ ပြည်ပဩဇာခံကိုလိုနီအဖြစ်ရှောင်လွှဲနိုင်ခဲ့ခြင်း၊ ၁၉၈၅ ခုနှစ်ကတည်းက လက်ခံခဲ့သော နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၊ ဂျပန်နိုင်ငံနှင့် အခြားနိုင်ငံကြီးတို့မှ စက်မှုလုပ်ငန်းများအတွက် အခြေခံအဆောက်အအုံ၊ မြေနေရာ၊ ကျွမ်းကျင်လုပ်သား၊ လျှပ်စစ်ဓာတ်အားပံ့ပိုးပေးနိုင်မှု၊ နိုင်ငံခြားသားများကို လိုက်လျောညီထွေစွာ ဆက်ဆံတတ်သည့် ပြုံးရွှင်သော ထိုင်းလူမျိုးများ၏ဝန်ဆောင်မှုစသည့်စသည့် အချက်များမရှိခဲ့သော်လည်း လက်ရှိအခြေအနေအရ လူဦးရေခြင်းမှာလည်း နီးစပ်တူညီမှု၊ ဗုဒ္ဓဘာသာချင်းလည်း တူညီမှု၊ ထိုင်းနိုင်ငံတွင် မဲနမ်ချောင်ဖယားမြစ်ရှိသလိုမြန်မာမှာလည်း ဧရာဝတီမြစ်ရှိနေပါသည်။ ထို့အပြင် အယုဒ္ဓယနှင့်တူသည့် ပဲခူးမြို့၊ ဆူခိုထိုင်းထက်သာသည့် ပုဂံ၊ ချင်းမိုင်နှင့်တူသည့် မေမြို့နှင့် တောင်ကြီး၊ ဖူးခက်၊ ပတ္တရား၊ ခရာဘီတို့နှင့်ယှဉ်နိုင်သည့် ငပလီ၊ မြိတ်ကျွန်းစုနှင့်ရှည်လျားသော ပင်လယ်ကမ်းရိုးတန်း၊ လာချာဘန်းဆိပ်ကမ်းနှင့်တူသည့် သီလဝါဆိပ်ကမ်းစသည့် အခြေခံအချက်အလက်ကောင်းများအပြင်၊ ရေခဲတောင်ဒေသ၊ ကျောက်မျက်များစွာထွက်ရှိသည့် ဒေသအပြင် သဘာဝဓာတ်ငွေ့များလည်း များစွာပိုမိုထွက်ရှိနေပါသေးသည်။ ထိုင်းနိုင်ငံသားများ၏ ဉာဏ်ရည်မှာလည်း မြန်မာနိုင်ငံသားများထက်ထူးပြီး တော်နေသည်မဟုတ်ပါ။ အင်္ဂလိပ်စကားတွင် ကိုလိုနီလက်အောက်ခံဖြစ်ခဲ့သည့်မြန်မာနိုင်ငံကပင် သာနေပါသေးသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံမှရွှေ့ပြောင်းထွက်ခွာမှုကို ရပ်တန့်ရန်အတွက် အလုပ်အကိုင်အရေအတွက်နှင့် လုပ်ခလစာတိုးမြှင့်ပေးနိုင်မည့် အနည်းဆုံးလက်ရှိGDP ထက် သုံးဆနှင့် တစ်ဦးချင်းအနိမ့်ဆုံးလုပ်ခကို သုံးဆမှ သုံးဆ အထိတိုးမြှင့်ရန်လိုအပ်ပါမည်။ ၎င်းအနေအထားတွင်ပင် လက်ရှိဝင်ငွေခွဲဝေမှုကွာဟချက်နှင့် ပိုမို၍ကြီးထွားလာမည့် GDP အခြေအနေပို၍ ပို၍ ကွာဟလာနိုင်သည့်ဝင်ငွေခွဲဝေမှုကို ထည့်မတွက်သေးပါ။ ရွှေ့ပြောင်းလုပ်သားများ မြန်မာနိုင်ငံသို့ပြန်လည်ဝင်ရောက်လုပ်ကိုင်နိုင်ရန်မဆွဲဆောင်နိုင်ခင်လက်ရှိ လူ့စွမ်းအားအရင်းအမြစ်ကို အကောင်းဆုံးလေ့ကျင့်သင်ကြားပေးပြီး အမြင့်ဆုံးကုန်ထုတ်စွမ်းအားစုကို ထုတ်လုပ်ပေးနိုင်မည့်ကဏ္ဍသို့အများဆုံး ပို့ဆောင်ခွဲဝေလုပ်ကိုင်စေရန်ဖြစ်ပါသည်။ အနီးစပ်ဆုံးဥပမာမှာ ဧရာဝတီတိုင်းမှကောက်စိုက်လုပ်သားများကို လေ့ကျင့်သင်ကြားပေးပြီး ကုန်ထုတ်စွမ်းအားပိုမိုမြင့်မားသည့် အထည်ချုပ်နှင့် အခြားစက်မှု လုပ်သားသို့လည်းကောင်း၊ အထည်ချုပ်နှင့် စက်မှုလုပ်သားတို့ကိုပို၍ ကုန်ထုတ်စွမ်းအားမြင့်သော ဝန်ဆောင်မှုကဏ္ဍသို့ လေ့ကျင့်သင်ကြားပေးပြီး ပြောင်းရွှေ့စေခြင်းကို တဖြည်းဖြည်းနှင့် ဆယ်စုနှစ်ချီပြီး ရွှေ့ပြောင်းလုပ်ကိုင်စေခြင်းဖြစ်ပါသည်။ အထက်တွင်ဖော်ပြထားသည့်အတိုင်း ရှေ့ရောက်မည့်နိုင်ငံများကလည်း ရပ်နေမည်မဟုတ်ပါ။ လက်ရှိအနေအထားအရ မြန်မာနိုင်ငံသားများအားလုံး အငြင်းပွားနေမှုများကို လျှော့ချပြီး တက်ညီလက်ညီနှင့် ဆယ်စုနှစ်ချီ၍ ရန်းကန်မှသာတော်ရုံကျမည့် အနေအထားတွင်ရောက်ရှိနေပါ၍ အားလုံးကြိုးစားကြပါရန်တိုက်တွန်းလိုက်ရပါသည်။

# သရက်ချောင်းမြို့နယ်ရှိ သိမ်းဆည်းမြေများ ပြန်လည်လွှဲပြောင်းပေးအပ်

**သရက်ချောင်း ဇူလိုင် ၁၁**
သရက်ချောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အတွင်း သိမ်းဆည်းမြေများ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ဇူလိုင် ၈ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာ ယနေ့အခမ်းအနားမှာဖြင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် စက်မှုဝန်ကြီးဌာန အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်းမှ ပြန်လည်စွန့်လွှတ်သည့် ဧရိယာ ၁၀၆ ဒသမ ၅၀ ဧက အနက် ၁၆၈ ဧကကို တောင်သူ ၁၇ ဦးအားလည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ပြန်လည်စွန့်လွှတ်သည့် ဧရိယာ သုည ဒသမ ၆၅ ဧက အနက် သုည ဒသမ ၄၈ ဧကကို တောင်သူငါးဦးအားလည်းကောင်း ယာယီလုပ်ပိုင်ခွင့် (ပုံစံ-၃) ဖြင့် ယာယီလုပ်ပိုင်ခွင့်ပြုသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လက်ရှိ ဒီမိုကရေစီအစိုးရအနေဖြင့် ပြည်သူကို မျက်နှာမူသည့် ပြည်သူ့အစိုးရ ဖြစ်သည်နှင့်အညီ အသုံးပြုရန်မရှိသည့် ပြန်လည်စွန့်လွှတ်မြေများကို သက်ဆိုင်သူများ လက်ဝယ်သို့ အမြန်ပေးအပ်နိုင်ရေးအတွက် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီမှ ချမှတ်ထားသော မူဝါဒ၊ လုပ်ငန်းစဉ်များနှင့် ညွှန်ကြားချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ပြီး ပြည်သူ့အကျိုးကို ဖော်ဆောင် သွားမည်ဖြစ်ကြောင်းလည်း ယင်းနေ့က ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်ပြီးတောင်သူများသို့ စွန့်လွှတ်မြေများအား ယာယီလုပ်ပိုင်ခွင့် (ပုံစံ-၃) များကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ကလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းလင်းတို့ကလည်းကောင်း ပေးအပ်ခဲ့ရာ အဆိုပါ ယာယီလုပ်ပိုင်ခွင့် (ပုံစံ-၃)များကို တောင်သူ ၂၂ ဦးက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

ယင်းနောက်တောင်သူများကိုယ်စား ပြင်းဖြူသားကျေးရွာမှ တောင်သူဦးဖေလင်းက ယခုလိုမျိုး စွန့်လွှတ်မြေများ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သည့်အတွက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တကွ သက်ဆိုင်ရာဌာနများကိုလည်း ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ စွန့်လွှတ်မြေများ လက်ခံရရှိသည့် တောင်သူများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **နိုင်ဝင်း(ပြန်/ဆက်)**



ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် မိုးရာသီကာလ ဧရာဝတီမြစ်ရေတိုးနေသည့်အတွက် မြစ်ကြောင်းတစ်လျှောက်ပြေးဆွဲနေသော ဗန်းမော်–မန္တလေး အမြန်ရေယာဉ်များတွင် ခရီးသည်များအတွက် အရေးပေါ် ကြိုတင်ကာကွယ်ရေးပစ္စည်းများဖြစ်သည့် အသက်ကယ်အင်္ကျီ၊ ဘောကွင်း၊ အသက်ကယ်ကြိုးနှင့် မီးသတ်ဆေးဘူးများထားရှိမှု ရှိ၊ မရှိကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသူနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရ–စ–ကအဖွဲ့နှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က စစ်ဆေးနေစဉ်။သတင်းနှင့်ဓာတ်ပုံ- စောကလျာ(ထီးချိုင့်)

## ချောင်းဆုံမြို့နယ် မုရစ်ကြီးကျေးရွာအတွက် ကျေးရွာမြေငှားဂရန်ပေးအပ်

**ချောင်းဆုံ ဇူလိုင် ၁၁**
မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်း ကျေးလက်နေပြည်သူများအား ခိုင်မာသည့်မြေယာ ပိုင်ဆိုင်မှုအထောက်အထား(မြေငှားဂရန်)များရရှိရန် မုရစ်ကြီးကျေးရွာအတွက် ကျေးရွာမြေငှားဂရန်ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၉ ရက် နံနက် ၉ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်စိုးက မြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက်ပေးရမည့် ကျေးရွာ အစီအစဉ်များအလိုက် ကွင်းဆင်းတိုင်းတာ ဆောင်ရွက်မှုများကို လုပ်ဆောင်ခဲ့သည်။

မုရစ်ကြီးကျေးရွာအတွင်း ကျေးရွာမြေ ၂ ဒသမ ၆၈ ဧကတွင် မြေယာအမှတ်တွဲပေါင်း ၃၅ တွဲ စိစစ်ကာ မြေယာဥပဒေ၊ နည်းဥပဒေနှင့် ညီညွတ်သည့်မြေယာများကို ယခုနှစ်အတွင်းမြေငှားဂရန် ၃၅ ခုအား ထုတ်ပေးနိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက်တာဝန်ရှိသူများက ကျေးရွာပြည်သူများအား မြေငှားဂရန်များ အသီးသီးပေးအပ်ခဲ့ကြပြီး ကျေးရွာရပ်မိရပ်ဖဦးအောင်မြိုင်က မြေငှားဂရန်ရရှိသည့်တွက် ကိုယ်ပိုင်မြေဖြင့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခွင့်များ ရရှိသည့်အပြင် အခွင့်အရေးများစွာ ရရှိနိုင်မည်ဖြစ်ကြောင်း မြေငှားဂရန်ရရှိသည့်အတွက် ဝမ်းသာဂုဏ်ယူမိ ကြောင်း ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# ညောင်ဦးမြို့နယ်၌ ၂၀၁၆ ခုနှစ် မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေများ အပြီးသတ် ထုတ်ချေး



**ညောင်ဦး ဇူလိုင် ၁၁**
ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်ရှိ တောင်သူများထံ မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးရန်အတွက် ညောင်ဦးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ချေးငွေကျပ်သိန်းပေါင်း ၂၂၀၀၀ ခန့် လျာထားသတ်မှတ်ခဲ့ပြီး ချေးငွေထုတ်ချေးပေးရမည့် ကျေးရွာအုပ်စု ၇၃ စုမှ တောင်သူဦးရေ ၁၂၇၂၅ ဦးအား မိုးစပါးတစ်ဧကလျှင် ငွေကျပ်တစ်သိန်းခွဲနှင့် အခြားသီးနှံစိုက်ပျိုးမှုအတွက် တစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀ နှုန်း ထုတ်ချေးပေးခဲ့ကြောင်းသိရသည်။ ယခုနှစ်အတွက် မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို သတ်မှတ်ကာလအတွင်း အပြီးသတ်ထုတ်ချေးပေးနိုင်ခဲ့ပြီဖြစ်ကြောင်း ညောင်ဦးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ခွဲမှမန်နေဂျာ ဦးငွေထွန်းထံမှ သိရသည်။

"ကျွန်တော်တို့ ညောင်ဦးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေနဲ့ ယခု ၂၀၁၆ ခုနှစ် မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးမှုနဲ့ ပတ်သက်လို့ ချေးငွေထုတ်ချေးရန် လျာထားငွေဟာ ငွေကျပ်သိန်းပေါင်း ၂၂၀၀၀ ခန့် သတ်မှတ်လျာထားခဲ့ပြီး မြို့နယ်အတွင်း ချေးငွေထုတ်ချေးပေးရမည့် ကျေးရွာအုပ်စုပေါင်းက ၇၃ စု၊ တောင်သူဦးရေအားဖြင့် ၁၂၇၂၅ ဦးခန့် ရှိခဲ့ပါတယ်။ ဒီနှစ်မှာလည်း ကျွန်တော်တို့မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေနဲ့ ကျွန်တော်တို့မြို့နယ်မှာရှိတဲ့ တောင်သူတွေ မိုးရွာတဲ့အချိန် အချိန်မီအခါမှီ သီးနှံစိုက်ပျိုးခွင့်ရရှိဖို့နဲ့ တောင်သူတွေအနေနဲ့ စိုက်ပျိုးသီးနှံ ထုတ်ကုန်တွေဖွံ့ဖြိုးတိုးတက်လာစေဖို့ရန်အတွက် ရည်ရွယ်ပြီးတော့ မေ ၁၇ ရက်ကတည်းက ချေးငွေတွေ စတင်ထုတ်ချေးပေးခဲ့ပါတယ်။

"နောက်ပြီး ဒီနှစ် နိုင်ငံတော်အစိုးရသစ်လက်ထက်မှာ တောင်သူတွေကို ချေးငွေထုတ်ချေးပေးမှုတွေ အနည်းငယ်တိုးမြှင့်ထုတ်ချေးပေးခဲ့ပါတယ်။ ဒီနှစ် ကျွန်တော်တို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေနဲ့ ချေးငွေထုတ်ချေးပေးမှုဟာဆိုရင် စပါးစိုက်ဧက ၂၁၇၅ ဧက ရှိပြီး အခြားသီးနှံစိုက်ပျိုးမှု ဧက ၈၅၁၆၃ ဧက ခန့်ကို ချေးငွေကျပ်သိန်းပေါင်း ၂၀၂၉၅ ဒသမ ၁၀ သိန်း ထုတ်ချေးပေးခဲ့ရတယ်။ မေလကတည်းက စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးခဲ့တာဖြစ်လို့ သတ်မှတ်ကာလဖြစ်တဲ့ ဇူလိုင်ပထမပတ်မှာ တောင်သူများအားလုံးကို အပြီးသတ်ထုတ်ချေးပေးနိုင်ခဲ့တာ ဖြစ်ပါတယ်" ဟု ဘဏ်မန်နေဂျာဦးငွေထွန်းက ဆက်လက်ပြောကြားသည်။

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၁၆ ခုနှစ် မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးပေးခြင်းကို မြို့နယ်အတွင်းရှိ တောင်သူများ မိုးရာသီကာလ အချိန်မီစိုက်ပျိုးနိုင်ရန်နှင့် စိုက်ပျိုးသီးနှံထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက် မြင့်မားလာစေရန်ရည်ရွယ်၍ မေ ၁၇ ရက်မှစတင်၍ တောင်သူများလက်ဝယ် အရောက် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးခဲ့သည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## အ.မ.က မိုးကောင်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ဟောပြောပွဲ၊ နံရံကပ်၊ ဓာတ်ပုံပြပွဲ ကျင်းပ

**မော်လိုက် ဇူလိုင် ၁၁**
ကျောင်းနေရွယ်ကလေးငယ်များ စာပေဗဟုသုတပြည့်ဝစေရန်နှင့် စာဖတ်သည့် အလေ့အထကောင်းများ ဖြစ်လာစေရန် ရည်ရွယ်၍ မော်လိုက်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးပြီး လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ဇူလိုင် ၈ ရက် နံနက် ၁၁ နာရီတွင် မြို့မ(၂)အုပ်စု အောင်ရတနာရပ်ကွက် မိုးကောင်း အခြေခံပညာမူလတန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ဟောပြောပွဲ၊ နံရံကပ်ပြပွဲ၊ ဓာတ်ပုံပြပွဲကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားတွင် မော်လိုက်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မိုးခက်က စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ၊ စာဖတ်သူနှင့် စာမဖတ်သူတို့၏ စာပေဗဟုသုတ ကွာခြားပုံများ၊ ကျောင်းအားလပ်ရက်များတွင် မိမိကျောင်း၊ ရပ်ကွက်ရှိ စာကြည့်တိုက်နှင့် ခရိုင်ပြည်သူ့စာကြည့်တိုက်များတွင် လာရောက်ဖတ်ရှုလေ့လာနိုင်ကြောင်း ဟောပြောခဲ့သည်။

ယင်းနောက် ဒို့ကျေးရွာဂျာနယ်ထဲမှ 'ကွမ်းစားခြင်း၏ အန္တရာယ်' ခေါင်းစဉ်ဖြင့် စာဖတ်ဝိုင်းပြုလုပ်၍ ကလေးငယ်များအား စာဖတ်စွမ်းရည်ပြိုင်ပွဲများ ပြုလုပ်ကာ ဆုရရှိသူ ကျောင်းသား၊ ကျောင်းသူလေးများအား အမှတ်တရပစ္စည်းများ ပေးအပ်ခဲ့ကြသည်။ ကျောင်းစာကြည့်တိုက်နှင့် ရပ်ကွက်စာကြည့်တိုက်အတွက် စာအုပ် စာစောင်နှင့်ဂျာနယ်များ ပေးအပ်လှူဒါန်းခဲ့ကြပြီး နံရံကပ်၊ ဓာတ်ပုံပြပွဲများအား ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

**မော်လိုက်သားလေး**

## ဆည်တော်ကြီး ရေလှောင်တမံမှ ဆည်ရေပေးဝေနေသည့်အတွက် အမရပူရမြို့နယ် အရှေ့တောနယ်ရှိ တောင်သူများ မိုးစပါးအတွက် ပျိုးထောင်မှုများ အဆင်ပြေ

**အမရပူရ ဇူလိုင် ၁၁**
ယခုအခါ အမရပူရမြို့နယ် အရှေ့တောနယ်တစ်ဝိုက်တွင် မိုးစပါးစိုက်ပျိုးနိုင်ရန် ဆည်တော်ကြီးရေလှောင်တမံမှ ရေလွှတ်ပေးလျက်ရှိရာ တောင်သူများပျိုးထောင်ခြင်း၊ စိုက်ပျိုးခြင်းများပြုလုပ်ရာတွင် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

တိုးပွားလာသော လူဦးရေအတွက် စားနပ်ရိက္ခာ ဖူလုံရေးဆောင်ရွက်မှုတွင် အဆင့်မြင့် စိုက်ပျိုးနည်းပညာတို့ဖြင့် မြှင့်တင်နေကြရသည်။ မြေမအားလူမနား စီမံချက်နှင့်သွားဆိုသော စီမံချက်နှင့်အညီ အမရပူရမြို့နယ်တွင် ဆောင်ရွက်လျက်ရှိသည်။ နွေစပါးရိတ်သိမ်းပြီး မိုးစပါးကို စနစ်တကျစိုက်ပျိုးနိုင်ရန် ပျိုးထောင်ခြင်းနှင့် ထယ်ရေးပြင်ခြင်းများ ပြုလုပ်ပေးလျက်ရှိသည်။

အမရပူရ အရှေ့တောနယ်တစ်ဝိုက်ကို အမရပူရဆန်အိုးဟု တင်စားနိုင်သည်အထိ လယ်ကိုအဓိကအားထား စိုက်ပျိုးကြသည်။ တောင်သူအများစုမှာ နွေကာလတွင် နွေစပါးနှင့်နှမ်းကို ရေပေးဝေမှုအလိုက်ချိန်ဆ စိုက်ပျိုးလေ့ရှိသည်။ မိုးစပါးမှာ မိုးရာသီ ရေပေါများသည့်အတွက် လယ်ကို အများစုစိုက်ပျိုးကြသည်။ လက်ရှိကာလတွင် မိုးစပါးအတွက် ရွှေသွယ်ရင်၊ ရွှေမနော်၊ ပုလဲသွယ်ထွက်တိုးစပါးမျိုးများနှင့် အခြားမျိုးများကို ပျိုးထောင်လျက်ရှိသည်။ ရာသီခါမီ စိုက်ပျိုးနိုင်ရန်အတွက် စက်စွမ်းအားနှင့် အတူ မိရိုးဖလာ နွားရှဉ်းများဖြင့်ပါ ပျိုးထောင်လျက်ရှိကြောင်း သိရသည်။ **တိမ်တမန်**



## (၆၉) နှစ်မြောက်အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီပြိုင်ပွဲကျင်းပ

**ပခုက္ကူ ဇူလိုင် ၁၁**

(၆၉) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ပန်းချီရေးဆွဲပြိုင်ကို ဇူလိုင် ၉ ရက် နံနက် ၉ နာရီက ပခုက္ကူမြို့ အ-လ-က ၃ ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို မြို့နယ်အဆင့် ပညာရေးဌာနက ကျင်းပပေးခြင်းဖြစ်ပြီး အထက်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲတွင် ၆၄ ဦး၊ အလယ်တန်းဆင့် တွင်၆၇ ဦး၊ မူလတန်းအဆင့်တွင် ၁၁ ဦးနှင့် ပန်းချီပြိုင်ပွဲတွင် အထက်တန်းအဆင့် ၁၂ ဦး၊ အလယ်တန်းအဆင့် ၃၇ ဦး၊ မူလတန်းအဆင့်တွင် ၁၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

နိုင်ငံတော်မှ သတ်မှတ်ထားသောနေ့ကြီးရက်ကြီးများနှင့် ပတ်သက်၍ ကျောင်းသားလူငယ်များအား အထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပပေးခြင်းဖြင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ရင်ဝယ်ကိန်းအောင်းလာနိုင်ကြမည်ဖြစ်ကြောင်း ကျောင်းသားမိဘတစ်ဦးက ပြောကြားသည်။

**ကိုဇော်(ခတု)**

## မိုးစပါးရွှေဘိုပေါ်ဆန်းမွှေး ဈေးကွက်တည်ငြိမ်လျက်ရှိသော်လည်း နွေစပါးဈေးနှုန်း ငွေကျပ်တစ်သိန်းထိ ကျဆင်းနေ

**ရွှေဘို ဇူလိုင် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်ဒေသ၌ အစိုးရသစ် ရက် ၁၀၀ အတွင်း မိုးစပါး ရွှေဘိုပေါ်ဆန်းမွှေး ဈေးကွက်တည်ငြိမ်လျက်ရှိသော်လည်း နွေစပါးဈေးနှုန်း ငွေကျပ်တစ်သိန်းထိ ကျဆင်းနေကြောင်း ဒေသခံလယ်သမားများထံမှ သိရသည်။

အဆိုပါ ရွှေဘိုခရိုင်ဒေသ၌ နွေစပါးများ ဧကသုံးသိန်းကျော် စိုက်ပျိုးထားလျက်ရှိရာ စပါးများရင့်မှည့်လာ၍ စပါးများကို လှိုင်လှိုင်ရိတ်သိမ်းလျက်ရှိရာ စပါးရောင်းလိုအားများပြားမှု၊ ဝယ်လိုအားနည်းပါးမှုတို့ကြောင့် နွေစပါးဈေးနှုန်းသည် စပါးအမျိုးအစားနှင့် အရည်အသွေးအလိုက် စပါးတင်း တစ်ရာလျှင် ငွေကျပ်ငါးသိန်းခြောက်သောင်းကျော်အထိ ရှိနေရာမှ ယနေ့အချိန်တွင် ငွေကျပ်လေးသိန်း ခြောက်သောင်းကျော်နှင့်သာ အရောင်းအဝယ်ဖြစ်နေကြပြီး မိုးစပါး ရွှေဘိုပေါ်ဆန်းမွှေးသည် စပါးတင်းတစ်ရာလျှင် ငွေကျပ်တစ်ဆယ့်တစ်သိန်းခွဲဝန်းကျင် ဈေးနှုန်းနှင့် ဈေးကွက်တည်ငြိမ်လျက်ရှိနေသည်။



"ဒီရက်ပိုင်းတွေမှာ နေ့စဉ်ရက်ဆက်ဆိုသလို နေမပူဘဲ မိုးတွေအုံ့နေပြီး မိုးအနည်းငယ်ရွာနေမှုတို့ကြောင့် နွေစပါးခြောက်သွေ့စေဖို့ စပါးနေပူလှမ်းရန် အခက်အခဲဖြစ်နေပါတယ်။ ပြီးတော့ နွေစပါးကို လှိုင်လှိုင်ရိတ်သိမ်းနေပါတယ်။ လယ်သမားတွေက ရောင်းချင်နေတာများပြီး ဝယ်လိုအားနည်း၍ ဝယ်လက် ရှားပါးနေပါတယ်။ နွေစပါးစတင်ရိတ်တုန်းက စပါးတင်း တစ်ရာကို ငွေကျပ်ငါးသိန်းခြောက်သောင်းကျော်နဲ့ အရောင်းအဝယ်ဖြစ်နေပါတယ်။ ယခုတော့ ငွေကျပ်လေးသိန်းခြောက်သောင်းလောက်ဖြစ်တဲ့အတွက် နွေစပါး ငွေကျပ်တစ်သိန်းလောက် ဈေးနှုန်းကျဆင်းလာနေပါတယ်"ဟု ခင်ဦးမြို့နယ် သာဂရကျေးရွာ လယ်သမားကြီး ဦးဘိုလေးက ပြောကြားသည်။

**(ရောင်နီတင်ဝင်း)**

## မရမ်းကုန်းမြို့နယ်တွင်ပြည်သူအတွက်လိုအပ်ချက် သက်ဆိုင်ရာဌာနအလိုက်ဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၁၁**

မရမ်းကုန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ဌာနဆိုင်ရာများနှင့် ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၏ သောကြာနေ့ အပတ်စဉ်ပုံမှန်လုပ်ငန်းညှိနှိုင်းအစည်းအဝေးများတွင် မြို့နယ်အတွင်းရှိ ပြည်သူများအတွက် သက်ဆိုင်ရာဌာနအလိုက် ဆောင်ရွက်ပေးရန် လိုအပ်မှုများကို ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှ တစ်ဆင့်တင်ပြလာမှုများအား အစဉ်အလေးထားဆောင်ရွက်ပေးလျက်ရှိရာ မိုးရာသီကာလ မိုးလေရာသီဥတုဒဏ်ကြောင့်လဲပြိုကျနိုင်သည့် အန္တရာယ်ရှိသစ်ပင်များ၊ လျှပ်စစ်ဓာတ်အားလိုင်းကြိုးများနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းဆောင်ရွက်ပေးရန် တင်ပြလာမှုအား မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးပန်းဥယျာဉ်ဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်နေ ပြည်သူများစုပေါင်း၍ ဇူလိုင် ၉ ရက်က မရမ်းကုန်း(၁)ရပ်ကွက် သမိုင်းမြို့သစ်ဘူတာနှင့် လွတ်လပ်ရေးဘုန်းကြီးကျောင်းအနီးရှိ လေဒဏ်အန္တရာယ်ရှိသည့်သစ်ပင်များ၊ လျှပ်စစ်ကြိုးနှင့် မလွတ်ကင်းသည့် သစ်ပင်များအား ခုတ်ထွင်ရှင်းလင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျေးရွာနေပြည်သူများသောက်သုံးရေအဆင်ပြေစေရန် မြေသားရေလှောင်ကန်တူးဖော်



**ဝက်လက် ဇူလိုင် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် မဲကုန်းကျေးရွာမှ ဒေသခံပြည်သူများ သောက်သုံးရေလုံလောက်စွာ ရရှိစေရေးအတွက် အလျားပေ ၁၀၀× အနံပေ ၁၀၀×အနက် ၆ ပေရှိ မြေသား ရေကန်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၈ ဒသမ ၅ သန်းဖြင့် တူးဖော်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ကျေးရွာ မြေသားရေကန်တူးဖော်ဖို့ရာအတွက် (၁၀၀×၁၀၀×၆)ပေ အတွက်သာ ခွင့်ပြုချထားပေးခဲ့သော်လည်းပဲ ကျွန်တော်တို့ ကျေးရွာပြည်သူလူထုနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့တာ အလျား ပေ၂၅၀ × ပေအနံ ၂၀၀ × အနက် ၆ ပေအထိ တူးဖော်ဆောင်ရွက်ပြီးစီးပြီဖြစ်ပါတယ်။ ရေကန်ကို ခြံစည်းရိုးကာဖို့နဲ့ ရေတုံကင်လေးခုကိုလည်း ဌာနခွင့်ပြုနဲ့ ဆက်လက်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ လုပ်ငန်းအားလုံးပြီးစီးရင်တော့ ကျွန်တော်တို့ကျေးရွာအတွက် သောက်သုံးရေကို မိုးရာသီတွင်မက နွေရာသီမှာပါ ပေါများဖူလုံစွာ သုံးစွဲနိုင်တော့မှာပါ။ အခုလိုကန်ကြီးကို ရေလှောင်ကန်ပမာဏကြီးကြီးနဲ့ ရေတုံကင်ပါ တပ်ဆင်ပေးမှာဖြစ်လို့ ကျွန်တော်တို့ကျေးရွာအတွက် များစွာအဆင်ပြေပါတယ်" ဟု မဲကုန်းကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးမြင့်သိန်းက ပြောသည်။

အဆိုပါ မြေသားရေကန်တူးဖော်ပြီးစီးမှုအခြေအနေကို ရွှေဘိုခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်၊ ခရိုင်ကျေးလက် ဦးစီးမှူး ဦးမြင့်နှင့် အဖွဲ့ဝင်များက ဇူလိုင် ၇ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**

## ရက်၁၀၀စီမံချက်ဖြင့် မေတ္တာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်

**ဆိပ်ဖြူ ဇူလိုင် ၁၁**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရပ်ကွက်နေ ပြည်သူများနှင့် ခရီးသွားပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ ခရီးလမ်းအဆင်ပြေစွာ သွားလာမှုလွယ်ကူစေရေးအတွက် မေတ္တာလမ်းအား ရက် ၁၀၀ စီမံချက်တွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။



အဆိုပါမေတ္တာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး မေတ္တာလမ်း၏ အရှည်ပေ ၁၄၈၀၊ လမ်းအကျယ် ၁၂ ပေ၊ လမ်းထု ၃ လက်မကို ခွင့်ပြုရန်ပုံငွေ ကျပ် ၁၈၂ သိန်းဖြင့် ဆောင်ရွက်ပေးကြောင်း သိရသည်။

ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးအောင်ဇံနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးသိန်းတို့က ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး မေတ္တာလမ်းသည် အနော်ရထာလမ်းနှင့် ဗိုလ်ချုပ်လမ်းကို အဓိက ဆက်သွယ်ပေးထားသည့် မြို့တွင်းလမ်းတစ်လမ်းဖြစ်သည်။

**စိုးလင်းနိုင်**(IPRD)

## နမ့်ဟူးကူကျေးရွာတွင် တောင်သူများအား ပညာပေးဆွေးနွေးပွဲပြုလုပ်

**ခိုလမ် ဇူလိုင် ၁၁**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် ခိုလမ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှဦးစီး၍ တောင်သူများ စိုက်ပျိုးရေးနည်းပညာဗဟုသုတရရှိစေရန် တောင်သူများ ပညာပေးဆွေးနွေးပွဲကို ယင်းနေ့မွန်းတည့် ၁၂နာရီတွင် ဟိုနောင်ကျေးရွာအုပ်စု နမ့်ဟူးကျေးရွာ ခရစ်ယာန်ဘုရားကျောင်း၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် မြို့ဦးစီးမှူးဦးလေးဝင်းက သီးနှံဖျက်ပိုးမွှားများ၊ ကြွက်အန္တရာယ်ကာကွယ်နှိမ်နင်းတတ်စေရန်၊ တောင်သူများ စပါးမျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးလာစေရန်၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးခြင်းဖြင့် စပါးများပိုမိုအတိုးထွက်လာစေရန်၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲတတ်စေရန်၊ သိပ္ပံနည်းကျစိုက်နည်းစနစ်လက်ခံကျင့်သုံးလာခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ ဆွေးနွေးပြောကြားသည်။ ဆက်လက်ပြီး တောင်သူများက သိရှိလိုသည့်အချက်များကို တင်ပြဆွေးနွေးရာ မြို့နယ်ဦးစီးမှူးဦးလေးဝင်းက ပြန်လည်ဖြေရှင်းပေးခဲ့ကြောင်း သိရသည်။

ယင်းနောက် ခိုလမ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးနှင့် ဝန်ထမ်းများက တောင်သူများအား စိုက်ပျိုးရေးနည်းပညာပေး လက်ကမ်းစာစောင်များဝေငှပေးပြီး ဆွေးနွေးပွဲသို့ တောင်သူ ၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခိုလမ်(ပြန်/ဆက်)**

## နွားထိုးကြီးမြို့နယ်စည်ပင်မှ ယာဉ်အန္တရာယ်ကင်းရေး မှန်ခုံးတပ်ဆင်

**နွားထိုးကြီး ဇူလိုင် ၁၁**

နွားထိုးကြီးမြို့စည်ပင်က နွားထိုးကြီးမြို့ထဲ ယာဉ်အန္တရာယ်ကင်းရေးအတွက်အမှတ် ၅ ရပ်ကွက်နှင့် အမှတ် ၃ ရပ်ကွက် လမ်းဆုံတွင် မှန်ခုံးမှန်ဝိုင်းကို ဇူလိုင် ၈ ရက်က တပ်ဆင်ခဲ့ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထိုက်အောင်က ပြောသည်။

ယင်းလမ်းဆုံမှာ လေးလမ်းဆုံမျက်ကွယ်ဖြစ်ခြင်းကြောင့် ယင်းမှန်ခုံးမှန်ဝိုင်းဖြင့် ယာဉ်သွားလာမှုကို မှန်မှကြည့်၍ သွားလာရန် တပ်ဆင်ပေးခြင်းဖြစ်ကြောင်း သိရသည်။ ယင်းသို့တပ်ဆင်ခြင်းမှာ မြို့စည်ပင်ရန်ပုံငွေဖြင့် နွားထိုးကြီးတွင် ပထမဦးဆုံးတပ်ဆင်ခြင်းဖြစ်သည်။

**ဌေးမြင့်မောင်**

# လက်တွေ့အသုံးချဆေးနည်းတိုများ(၅)

**ခ** ကြည်လွင်မြင့်(မုဒြာ)

**ဆရာရေ မင်္ဂလာပါ။ ငယ်ငယ်ကတည်းက အခုထိမပျောက်သေးတဲ့ရောဂါ မြန်မာ အခေါ်အရ ဘီလူးစီးတဲ့ရောဂါဖြစ်နေတာ ကြာပြီဆရာ။ အိပ်နေရင်းကနိုးလာပြီး လှုပ်မရဘူး။ ပါးစပ်က အော်လို့လဲမရဘူး။ တစ်ခါတစ်ခါ တော်တော်လန့်ပါတယ်၊ ဘယ်လိုလုပ်ရမလဲဆရာ။**

အိပ်ပျော်နေရင်း လျှာကြီးအရင်းက လျှာခင်လေးမှာ လေပိတ်ပြီးဖြစ်တဲ့ရောဂါလို့ ယူဆရပါတယ်။ မွေးရာပါ လည်ပင်းအနေအထားမမှန်လို့ ဖြစ်တာလို့ ယူဆပေမယ့် မြန်မာ့ဆေးပညာအယူအဆအရ လေစာ စားမိတဲ့ညတွေမှာ ပိုဖြစ်လေ့ရှိပါတယ်။ (ဥပမာ-ကြက်ဟင်းခါးသီး၊ မျှစ်၊ ရွှေဖရုံသီး၊ ပိန်းဥ၊ အာလူး၊ ကုလားပဲ၊ ငါးခြောက်၊ ပုစွန်ခြောက်) ညစာမှာ လေစာမပါအောင် ရှောင်စားသင့်ပါတယ်။ ဘီလူးစီးတာကနေ ကာကွယ်ဖို့ ညအိပ်ရာဝင်ခါနီး ခြေဖဝါးကို ဆားပွတ်ပါ။ ဒူးအထက်ကနေ အောက်ကို ရေများများလောင်း ခြေဆေးပါ။ ကောင်းကောင်း အိပ်ပျော်အောင် ကြက်သွန်နီဥကြီး ပါးပါးလှီး၊ ခြေဖဝါးနှစ်ဖက် အလယ်မှာကပ်ပါ။ မကျွာအောင် ပတ်တီး ဒါမှမဟုတ် အဝတ် စနဲ့စည်းထားပါ။ ပက်လက်အိပ်တဲ့အချိန်မှာ လျှာခင်ခေါက်ပြီး ဘီလူးစီးတာ ဖြစ်လေ့ရှိတာကို လေ့လာသူတွေက တွေ့ရှိရတဲ့အတွက် ဘေးစောင်းအိပ်ပျော်အောင်ကျင့်အိပ်ရင် ပိုပြီးသက်သာနိုင်ပါတယ်။ မြောက်အရပ်ကို ဦးခေါင်းထား မအိပ်ပါနဲ့။ အရှေ့အရပ် ဒါမှမဟုတ် တောင်အရပ်ကို ခေါင်းပြုအိပ်ရင် ပိုပြီး ကောင်းပါတယ်။



**ကျွန်တော့်အဖေ ခါးနာနေတာ သုံးရက်ရှိပါပြီ။ ဆေးခန်းပြတာလဲ မသက်သာပါ။ ဆေးနည်းလေး ပြောပြပါ။**

မုန်ညင်းဆီ ဒါမှမဟုတ် နှမ်းဆီကို မီးနဲ့နွေးပြီး လိမ်းပါ။ ပြီးရင် ဆားကို အဝတ်နဲ့ထုပ်၊ အပူပေးပြီး ကြပ်ထုပ် ထိုးပေးပါ။ သက်ရင်းကြီးရွက်ရနိုင်ရင် မီးကင်ပြီး ခုနစ်ရွက်လောက် ခါးမှာပတ်ပြီးတော့ကပ်ပြီး အဝတ်နဲ့စည်းပါ။ ကြာကြာစည်းရင် အပူလောင်တတ်ပါတယ်။

**မိုးရာသီရောက်တိုင်း ကျွန်မတို့အိမ်နားမှာ ခူယားကောင်တွေ အလွန်ပေါပါတယ်။ မလာအောင် ဘယ်လိုလုပ်ရပါမလဲ။ ပြီးတော့ ခူယားကောင်ထိရင် အလွန်ယားပြီး အဖုတွေ ထွက်ပါတယ်။ ဘာဆေးလိမ်းရမလဲရှင့်။**

ခူယားက ပြာကြောက်ပါတယ်။ ပြာဖြူးထားပါ။ ထုံးလဲကြောက်ပါတယ်။ ထုံးမှုန့်ဖြူးထားပါ။ ခူယားကောင်ထိတဲ့နေရာမှာ ထုံးတို့ပေးရင် အယားသက်သာပါတယ်။



**ဆရာကြီးရှင့် ကျွန်မအစားမှားပြီး ရုတ်တရက် သွေးပေါင်တက်တာ အပေါ်သွေး ၁၃၅၊ အောက်သွေး ၁၁၀ ဖြစ်သွားပါတယ်။ ဆေးသောက်ပြီး အခုတော့ နည်းနည်းပြန်ကျသွားပါပြီ။ ခေါင်းကိုက်ကျန်နေခဲ့ပါတယ်။ ပျောက်နိုင်မယ့်နည်း ပြောပြပေးပါ။**

ခေါင်းကိုက်ပျောက်အောင် နားထင်နှစ်ဖက်မှာ ချင်းတက်ကို ပါးပါးလှီးပြီး ကပ်ထားပါ။ ဒန့်သလွန်ရွက်ကိုထောင်း အရည်ညှစ် ဟင်းစားဇွန်းနှစ်ဇွန်းကို ပျားရည်တစ်ဇွန်းစပ်ပြီး သောက်ပါ။

**အသည်းရောင်အသားဝါရောဂါ ဆေးနည်းပေးစေလိုပါတယ်။ ဖခင် ဆေးရုံတင်ထားရလို့ပါ။**

တိုင်းရင်းဆေးအမှတ်(၁) နဲ့ အမှတ်(၁၆) စပ်တိုက်ပါ။ တိုင်းရင်းဆေးခန်းမှာ ဝယ်ယူပါ။ တစ်နည်း တောဇီးဖြူပင်ကို ထန်းလျက်နဲ့ပြုတ်တိုက်ပါ။ တစ်နေ့ကို မတ်ခွက်တစ်ခွက်စာတိုက်ပါ။ ဆေးရုံတက်နေရင် ဆေးရုံကဆေးပဲ တိုက်ပါ။ ခာတ်စာအဖြစ် ဘဲသားဆန်ပြုတ်တိုက်ပါ။

**ဆရာ ထိပ်ကပ်နာဆေးနည်း ပြောပြပေးပါလားရှင့်။**

မုရိုးပင်(ခေါ်) ငဖြူကြီးပင် (အပင်က အစေးကို အိုးမှာသုတ်ပြီး နွားနို့ကျိုရင် ခဲစေလို့ နို့ခဲပင်လို့လည်းခေါ်တယ်) အရွက်၊ အရိုးတွေကို အခြောက်လှန်းပြီး အမှုန့်ပြုလုပ်၊ မီးကြီးခဲပေါ်ဖြူးပြီး မှိုင်းရှူပေးရင် ထိပ်ကပ်နာခေါ် (နှပ်ပုပ်နာ)ပျောက်နိုင်ပါတယ်။

**သားနှစ်ယောက် အအိပ်ကြမ်းလို့ ခြင်ထောင် အပြင်ရောက်ပြီး ခြင်နဲ့ပုရွက်ဆိတ်အကိုက်ခံရပါတယ်။ ကိုက်ပြီးအဖုက တော်ရုံနဲ့မပျောက်ဘဲ အမာရွတ်ကျန်ခဲ့လို့ပါ။ ပျောက်နိုင်တဲ့နည်းလေး ပြောပေးစေ လိုပါတယ်။**

အဖုတွေဖြစ်ရင် သံပရာသီး ခြမ်း နဲ့ပွတ်၊ သံပရာရည်နဲ့ သနပ်ခါးစပ်ပြီး လိမ်းပေးပါ။ အမာရွတ်ပျောက်အောင် ကွမ်းသီးခြမ်းသွေးလိမ်းပါ။

**အစာအိမ်ရောင်တာ ဘာစားရမလဲ ဆရာ။**

အစာအိမ်ရောင်ရင် ထမင်း၊ မာတဲ့ အစာ မစားဘဲ ဆန်ပြုတ်သောက်ပါ။ ဆန်လက်တစ်ဆုပ်နဲ့ ပဲရာဇာ(ပဲနီလေး) လက်တစ် ဆုပ်ရောပြုတ်သောက်ပါ။ ငှက်ပျောသီး ဖီးကြမ်းအခွံအတွင်း အသားကို ခြစ်ယူပြီး ပျားရည်တစ်ဇွန်းနဲ့ စပ်ပြီး စားရင် အစာအိမ်ရောင်ရောဂါ သက်သာစေပါတယ်။

**သည်းခြေအိတ်ကျောက်တည်ရောဂါရှိပါတယ်။ ခွဲစိတ်ရမယ့်အဆင့်လဲ မဟုတ်ဘူးပြောပါတယ်။ သက်သာစေနိုင်မယ့် ဆေးနည်းလေးသိလိုပါတယ်။**

ပန်းသီးကို နေ့စဉ် စားနိုင်သမျှစားပြီး တစ်ပတ်တစ်ကြိမ် ဆားခါးနဲ့ဝမ်းနုတ်ပေးရင် ပျောက်ကင်းစေနိုင်တယ်လို့ဆိုပါတယ်။ တစ်လခွဲကြာစားရမယ်လို့ ဆိုပါတယ်။

နောက်တစ်နည်း။ ပေပင်ကအရွက် (ပေစာရေးတဲ့အရွက်)ကို ကတ်ကြေးနဲ့ ပါးပါးညှပ် လက်တစ်ဆုပ်လောက်ကို ရေနွေးမတ်ခွက်နှစ်လုံးစာနဲ့ သုံးပုံတစ်ပုံခန့်ရအောင်ကျို၊ နေ့တိုင်းသောက်ပေးရင် သည်းခြေကျောက်ကြေစေနိုင်တယ်လို့ဆိုပါတယ်။

**ကျောက်ကပ်မှာ ကျောက်တည်ရောဂါအတွက် ဆေးနည်းသိလိုပါတယ်။**

ကုန်းထိကရုံးပင် (ဆူးပါတဲ့အပင်)ပြုတ်သောက်ပါ။ သုံးခွက်တစ်ခွက်တင်ကျိုပြီး နေ့တိုင်း မတ်ခွက်တစ်လုံးစာသောက်ပါ။ သံမနိုင် ကျောက်မနိုင်ပင်၊ ကျောက်ကွဲပင်တွေပြုတ်သောက်ရင်လဲ ကျောက်ကျနိုင်ပါတယ်။ အကြမ်းပန်းကန်တစ်လုံးစာ တစ်နေ့နှစ်ကြိမ်သောက်ပါ။ များလွန်းရင် မကောင်းပါ။ ငါးပြေမနဲ့စောင်းလျားသီး ရောချက်စား၊ သုံးရက်ဆက်စားရင် ကျောက်ကပ်က ကျောက်ကျတယ်။ တချို့ကျတော့ အဲဒီထက်အကြိမ်ပိုစားမှ ကျသူတွေလည်းရှိပါတယ်။

**ကွမ်းစားလွန်းလို့ သွားနဲ့သွားဖုံးတွေ ညိုမည်းနေပါတယ်။ ဘယ်လို ပြန်လုပ်ရမယ်ဆိုတာကို ညွှန်ပြပေးပါ။**

သံပရာသီးစိတ်နဲ့ နေ့တိုင်းတိုက်ပေးပါ။ သံပရာရည်နဲ့ဆားခါးငုံပေးရင်လဲ ကွမ်းချိုးကျွတ်တယ်လို့ဆိုပါတယ်။

**ကျွန်တော် မကြာခဏပျို့ပျို့ပြီးအန်ချင်သလိုဖြစ်နေတယ်။ အနံ့အသက်မကောင်းတာ ရရင် ဖြစ်တယ်။ ဘာကြောင့်ပါလဲ။**

ဝမ်းထဲမှာ လေပူရှိရင် အန်ချင်၊ ပျို့ချင်ဖြစ်တတ်ပါတယ်။ ဆားကို ဒယ်အိုးနဲ့နီရဲအောင်လှော်၊ ဆားလှော်အနည်းငယ်ကို သံပရာရည်နဲ့ဖျော်လျက်ပေးပါ။

**ကလေးက အအေးပတ်ပြီး မကြာခဏဖျားပါတယ်။ မွေးရာပါအဆုတ်လေပွန်ရောင် ရောဂါလို့ ပြောပါတယ်။ အခုကျောင်းဖွင့်ချိန်နီးပြီဖြစ်လို့ ဘယ်လိုကာကွယ်သင့်တယ်ဆိုတာ ပြောပေးပါ။**

အဝတ်ကို နွေးထွေးအောင်ဝတ်ပေးပါ။ ကုန်းကန်စွန်းရိုးနီပင်ကို ပြုတ်ပြီး အရည်ကို အကြမ်းပန်းကန်တစ်လုံးစာ နေ့တိုင်းတိုက်ပါ။ ပြုတ်ပြီးကန်စွန်းရွက်ကို အသုပ်ပြုလုပ်ကျွေးပါ။ ရှောက်သီးစိတ်ကို အခွံပါ ရေနွေးမတ်ခွက်နဲ့စိမ် အုပ်ထား၊ အအေးခံပြီး ရေကျက်အေးပြုလုပ်တိုက်ရင် အအေးပပ်တာ သက်သာပါတယ်။

**ခြေဖဝါးမှာ အသားမာဖြစ်နေတာကြာပါပြီ။ ကြီးလာလို့ ဘယ်လိုပြုလုပ်ရမယ်ဆိုတာကို ဖြေပေးပါ။**

ငှက်ပျောသီးဖီးကြမ်းအခွံကို အသားမာနဲ့ရွယ်တူ ညှပ်ပါ။ အသားဘက်ကနေ ကပ်ပြီး ပလာစတာကပ်ထားပါ။ ရေချိုးရင် အသစ်လဲပါ။ ငါးရက် ဆက်ကပ်ရင် အသားမာကျွတ်ထွက် နိုင်ပါတယ်။ ကြွက်နို့ကိုလည်း အဲဒီနည်းအတိုင်း ပျောက်ကင်းနိုင်ပါတယ်။

**တင်းတိပ်စွဲနေလို့ ဆေးနည်းသိလိုပါတယ်။**

အမျိုးသမီးတွေ သွေးဆုံးခါနီးအချိန်မှာ တင်းတိပ်ထွက်လေ့ရှိပါတယ်။

(၁) ကြိတ်မှန်ရွက်သတ္တုရည် မကြာခဏ ဆွတ်ပေးပါ။
(၂) ဒန္တသုခပင် အရွက်စိမ်းရည်နဲ့ သနပ်ခါးစပ်ပြီး ညအိပ်ရာဝင်ချိန်လူးပြီး အိပ်ပါ။
(၃) ငဖြူကြီးပင်အစေးနဲ့ သနပ်ခါး ရောစပ်လိမ်းပါ။
(၄) ရှားစောင်းလက်ပပ်အနှစ်နဲ့ကပ်ထားပြီး မျက်နှာသစ်ပေးပါ။
(၅) ဒန္တကူးနီပင်အခေါက်ကို မှန်မှန်သွေးလိမ်းပါ။
(၆) ဂုံမင်းသီး၊ နန်းလုံးကြိုင်အသီး ကျွမ်းအောင်မီးဖုတ်ပြီး နှမ်းဆီစစ်စစ်နဲ့ဖျော် လိမ်းပါ။ (ရှေးဆေးမြီးတိုကျမ်းပါနည်း)



# ဘားအံမြို့တွင် အမျိုးသမီးများအား အသက်မွေးဝမ်းကျောင်းသင်တန်း ဖွင့်လှစ်ပေးမှုကြောင့် အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိလာ

**ဘားအံ ဇူလိုင် ၁၁**

ကရင်ပြည်နယ်ဘားအံမြို့ အမျိုးသမီးများအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းမှ အမျိုးသမီးများအားအသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပေးခဲ့ခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလျက်ရှိကြောင်း သိရသည်။

အဆိုပါ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းတွင် အမျိုးသမီးသင်တန်းသူ ၈၀ အား အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလုပ်ငန်းများဖြစ်သည့် လွယ်အိတ်များ၊ ခေါင်းပေါင်းများ၊ ခြုံထည်များ၊ ဖုန်းလွယ်အိတ်များ၊ ကရင်ကျား၊ မခါးတို၊ ခါးရှည်အင်္ကျီများ၊ သုံးနံ့စပ်ပုဆိုးများ၊ ကျား မလုံချည်များ ဂျပ်ခုတ်ရက်လုပ်ခြင်းလုပ်ငန်းများကို ဆရာမများက စနစ်တကျ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

"ကရင်ပြည်နယ် ဘားအံခရိုင်အတွင်းတွင် နေထိုင်လျက်ရှိသော လက်မှုပညာ ဂျပ်ခုတ် ရက်လုပ်ခြင်းလုပ်ငန်းများကို ဝါသနာပါ၍ စိတ်ပါဝင်စားသူများအား ပညာအရည်အချင်း အကန့်အသတ်မရှိ အခမဲ့သင်ကြားပေးလျက်ရှိပြီး ယခုဖွင့်လှစ်ပေးသော သင်တန်းသည် ရှစ်ကြိမ်မြောက် ဖွင့်လှစ်ပေးသောသင်တန်းဖြစ်ပြီး လွယ်အိတ်တစ်လုံး ရက်လုပ်ရန်အတွက် ချည်မျှင်ဖိုးကုန်ကျငွေ ၁၆၀၀ ရှိကြောင်း၊ ချည်မျှင်များကို ချည်ချခြင်း၊ ချားဆွဲခြင်း၊ စင်ပေါ်တင်၍ ဂျပ်ခုတ်ခြင်းပြုလုပ်ပြီးလျှင် ကျောင်းသား၊ ကျောင်းသူများ အသုံးပြုနိုင်သည့် လွယ်အိတ်တစ်လုံးရရှိပြီးလွယ်အိတ်တစ်လုံးလျှင် ကျပ် ၅၀၀၀ ဖြင့် ရောင်းချရကြောင်း၊ လွယ်အိတ်ရက်လုပ်ခြင်း လုပ်ငန်းကို တစ်ကြိမ်လျှင်သင်တန်းသူ ၂၅ ဦးဖြင့် သင်ကြားပေးလျက်ရှိကြောင်း၊ အမျိုးသမီးများအနေဖြင့် တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခွင့်ရရှိသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပြည့်ဝစွာရရှိစေကြောင်း နည်းပြဆရာမ ဒေါ်ဝင်းဝင်းထွန်း၏ ပြောပြချက်အရ သိရသည်။

**တင်တင်ထွေး(ပြန်/ဆက်)**

■

## လှိုင်းဘွဲ့မြို့၌ စပါးဖျက်ပိုးမွှားများအန္တရာယ် ကြိုတင်ကာကွယ်ရေး ပညာပေးဆောင်ရွက်



**လှိုင်းဘွဲ့ ဇူလိုင် ၁၁**

လှိုင်းဘွဲ့မြို့နယ် ရှမ်းရွာသစ်မြို့ မဲသမူးကျေးရွာအုပ်စု မဲကတောခီးကျေးရွာတွင် တောင်သူများ စိုက်ပျိုးထားသော စုပေါင်းပျိုးခင်းတွင် စပါးဖျက်ပိုးမွှားများအန္တရာယ်ကြိုတင်ကာကွယ်ရေးပညာပေးခြင်းနှင့် ဆေးဖျန်းခြင်းများကို ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါတောင်သူများအား ပညာပေးခြင်းဆောင်ရွက်ရာသို့ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်မှူး ဦးဇော်လင်း၊ ပြည်နယ်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်သန်းသန်းလွင်၊ ရှမ်းရွာသစ်မြို့အုပ်ချုပ်ရေးမှူး ဦးဇော်သန်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်မောင်နှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

တောင်သူများအား ပညာပေးဟောပြောရာတွင် စပါးပျိုးထောင်ချိန်ဖြစ်သည့်အတွက် စပါးရွက်နုများတွင် ငမြောင်တောင်ပိုးများ ကျရောက်တတ်သည့်အတွက် ပိုးမွှားများအလွန်များပြားစွာ မကျရောက်စေရေးနှင့် တောင်သူများ နစ်နာဆုံးရှုံးမှုများမရှိစေရေးအတွက် ပိုးသတ်ဆေးများကို တောင်သူများက စနစ်တကျပက်ဖျန်းပြီး သုံးစွဲခဲ့သောပိုးသတ်ဆေးဗူးများအား စနစ်တကျမြှုပ်နှံဖျက်ဆီးစေလိုခြင်းစသော အကြောင်းအရာများအား ပညာပေးဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် ပြန်/ဆက်**

## သမဝါယမအသင်းစုချုပ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေး

**ထားဝယ် ဇူလိုင် ၁၁**

တနင်္သာရီတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၉ ရက် နံနက် ၉ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီးသမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးသဘာပတိဥက္ကဋ္ဌ ဦးသိန်းဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးကျော်မိုးတင့်က အမှာစကားပြောကြားပြီး အုပ်ချုပ်မှုဒါရိုက်တာဦးခင်မောင်ချစ်က တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာကိုလည်းကောင်း၊ ဒါရိုက်တာအဖွဲ့ဝင် ဦးလှိုင်ဝင်းက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် နှစ်ချုပ်အစီရင်ခံစာကိုလည်းကောင်း ဖတ်ကြားတင်ပြ၍ လုပ်ငန်းအစီရင်ခံစာနှင့် နှစ်ချုပ်စာရင်းများကို သဘာပတိက အတည်ပြုချက်ရယူသည်။

ဆက်လက်၍ အသင်းသားစာရင်းစစ် ဦးမြင့်ဝေက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အသင်းသားစာရင်းစစ် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး အတည်ပြုချက်ရယူ၍ အသင်းသားများ၏ အကြံပြုချက်များအပေါ် ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တာဝန်ရှိသူများက ထားဝယ်၊ မြိတ်၊ ကော့သောင်းခရိုင်များသို့ အသေးစားပုံ့ပိုးချေးငွေများကို ပေးအပ်ပြီး အစောဆုံးတာဝန်ကျေပေးဆပ်နိုင်သည့် ပုလောမြို့နယ်သမဝါယမအသင်းစုနှင့် သင်တန်းတွင် ထူးချွန်ဆုရရှိသော သရက်ချောင်းမြို့နယ် သမဝါယမဦးစီးဌာန၊ ဌာနခွဲစာရေး ဒေါ်ယဉ်ယဉ်မြတ်တို့အား ဆုနှင့် ဂုဏ်ပြုမှတ်တမ်းများပေးအပ်၍ သဘာပတိဥက္ကဋ္ဌက အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**(ထားဝယ်ခရိုင်ပြန်/ဆက်)**

## သရက်မြို့တွင် ပညာသင်ထောက်ပံ့စရိတ် ပေးအပ်ပွဲ ကျင်းပ

**သရက် ဇူလိုင် ၁၁**

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေယူထားသည့် ပုံကျစျေးသည်နှင့် အနေးယာဉ်မောင်းများ၏ သားသမီးများအား ပညာသင်ထောက်ပံ့စရိတ်ပေးအပ်ခြင်း အခမ်းအနားကို မွန်းလွဲ (၁)နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးသိန်းနိုင်က ပညာသင်စရိတ်ထောက်ပံ့ရခြင်း ရည်ရွယ်ချက်အား အကျယ်တဝင့် ပြောကြားပြီး အထက်တန်းဆင့် ကျောင်းသား၊ ကျောင်းသူ ၇၆ ဦးအတွက် တစ်ဦးလျှင် ဗလာစာအုပ်သုံးဒါဇင်၊ ဘောပင်ခြောက်ချောင်း၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၀၁ ဦးအတွက် တစ်ဦးလျှင် ဗလာစာအုပ် နှစ်ဒါဇင်နှင့် ဘောပင်လေးချောင်း၊ မူလတန်းသင် ကျောင်းသား၊ ကျောင်းသူ ၁၁၅ ဦးအတွက် တစ်ဦးလျှင် ဗလာစာအုပ်တစ်ဒါဇင်နှင့် ဘောပင် နှစ်ချောင်းစီ ထောက်ပံ့ပေးခဲ့သည်။

အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအား မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးဇော်မိုးအောင်က ပေးအပ်၍လည်းကောင်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းနိုင်တို့က ပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**



## ညောင်ဦးမြို့နယ်လက်ပံခြေပေါ်ကျေးရွာတွင် မြေကြီးမြေပုံ မှန်ကန်နိုင်ရေး ကွင်းဆင်းတိုင်းတာခြင်းများ ဆောင်ရွက်

**ညောင်ဦး ဇူလိုင် ၁၁**

ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဦးအောင်မြင့်နိုင်၏ စီမံညွှန်ကြားမှုဖြင့် တောင်သူလုပ်ကွက်ဧရိယာများ မှန်ကန်စွာလုပ်ကိုင်ဆောင်ရွက်နိုင်စေရန်နှင့် နောင်တစ်ချိန်တွင် ခေတ်နှင့်အညီ (Digital Map)လုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိရောက်မှန်ကန်စေရန်ရည်ရွယ်၍ ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက မြေတိုင်းစာရေးဝန်ထမ်းများက ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ကျေးရွာသို့ သွားရောက်၍ မြေကြီးမြေပုံ မှန်ကန်နိုင်ရေး မြေတိုင်းတာခြင်းလုပ်ငန်းများ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ကျေးရွာ၌ မြေကြီးမြေပုံမှန်ကန်နိုင်ရေး မြေတိုင်းတာခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ငါ့သရောက်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြေတိုင်းစာရေးဝန်ထမ်းများက ကွင်းအမှတ်(၁၃၂၅)၊ ကွင်းအမည် သရက်ကုန်းကွင်းသို့ ကွင်းဆင်းပြီး တောင်သူများ သီးနှံစိုက်ပျိုးရာတွင် မြေဧရိယာမှန်မှန်ကန်ကန် ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် မြေတိုင်းတာခြင်းလုပ်ငန်းများအား စနစ်တကျ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

## အခြေခံပညာကျောင်းများတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး အခမဲ့ဆောင်ရွက်ပေး

**တာချီလိတ် ဇူလိုင် ၁၁**

တာချီလိတ်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်းပြုလုပ်ပေးလျက်ရှိရာ ဇူလိုင် ၁၀ ရက် နံနက်က တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း၌ အသက် ၁၀ နှစ်ပြည့်ပြီးသည့် ကျောင်းသား၊ ကျောင်းသူ ၂၈၂ ဦးအား ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ကျောင်းသား၊ ကျောင်းသူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းပြုလုပ်ပေးခဲ့ခြင်းဖြစ်ပြီး ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်၊ တာချီလိတ်၊ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ ပါဝင်ကူညီ၍ နိုင်ငံသား စိစစ်ရေးကတ်ပြားမပြုလုပ်ရသေးသူ ကျောင်းသား ၁၄၀ နှင့် ကျောင်းသူ ၁၄၂ ဦး စုစုပေါင်း ၂၈၂ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်ပြားကို နေ့ချင်းပြီး အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တာချီလိတ်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူးက မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တာချီလိတ်ခရိုင်အတွင်းရှိ တာလေမြို့၊ မိုင်းယောင်းမြို့၊ ကျိုင်းလပ်မြို့နယ်နှင့် မိုင်းဖြတ်မြို့နယ်ရှိ ကျန်ရှိနေသောကျောင်းများသို့လည်း ဆက်လက် ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**၁၁၁**

## မိတ္ထီလာတွင် ဒေသခံပြည်သူ ၇၃၅ ဦးအား အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေး အခမဲ့ထိုးပေး

**မိတ္ထီလာ ဇူလိုင် ၁၁**

မိတ္ထီလာတွင် မြန်မာနိုင်ငံကျန်းမာရေးအသင်း (မိတ္ထီလာမြို့နယ်) က ကြီးမှူးကျင်းပသည့် အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေး အခမဲ့ထိုးပေးခြင်းလုပ်ငန်းဖွင့်ပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီက ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပခဲ့ပြီး ဒေသခံပြည်သူ ၇၃၅ ဦးအား ယင်းကာကွယ်ဆေးများ အခမဲ့ထိုးပေးကြောင်းသိရသည်။

ယင်းကာကွယ်ဆေးအခမဲ့ထိုးခြင်းလုပ်ငန်းဖွင့်ပွဲတွင် ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာမြတ်ခိုင်က အဖွင့်အမှာစကားပြောကြားပြီး ဒေါက်တာနန္ဒာမြင့် အထူးကုဆရာဝန်(ဆေးပညာ) က အသည်းရောင်အသားဝါ(ဘီ)ရောဂါအကြောင်း သိကောင်းစရာများကို အသိပညာပေးဟောပြောခဲ့သည်။ ဆက်လက်၍ အသည်းရောင်အသားဝါ(ဘီ)ရောဂါကာကွယ်ဆေး အခမဲ့ထိုးပေးခြင်းလုပ်ငန်းစဉ်အကြောင်းကို မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၊ မြို့နယ်အသင်းဥက္ကဋ္ဌ ဦးဝင်းအောင်က ရှင်းလင်းပြောကြားကာ ဒေသခံပြည်သူ ၇၃၅ ဦးအား ယင်းရောဂါ ကာကွယ်ဆေးများအခမဲ့ထိုးပေးခဲ့သည်။

ယနေ့ အသည်းရောင်အသားဝါ(ဘီ)ရောဂါကာကွယ်ဆေးထိုးနှံသည့် ဒေသခံပြည်သူ ၇၃၅ ဦးအား လာမည့် ဩဂုတ်လ ၇ ရက်နှင့် စက်တင်ဘာလ ၁၀ ရက်များတွင် ယင်းရောဂါကာကွယ်များ အခမဲ့ထပ်မံထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ဝါးခယ်မမြို့နယ်အတွင်း လမ်း၊ တံတား လုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ဝါးခယ်မ ဇူလိုင် ၁၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် လမ်းဦးစီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိသော မြို့နယ်အတွင်းရှိ တံတားချဉ်းကပ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ၊ ရွှေလောင်း-ဝါးခယ်မကားလမ်းအား အကျယ် ၁၂ ပေမှ ၁၈ ပေအထိ တိုးချဲ့ဆောင်ရွက်မည့် လုပ်ငန်းများနှင့် တံတားများ ရေတိုက်စားမှုဒဏ်မှ ကာကွယ်နိုင်ရေးလုပ်ငန်းများ လုပ်ဆောင်နေမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုး၊ လမ်းဦးစီးဌာနမှ ဦးစီးအရာရှိ (မြို့ပြ) ဦးရန်မျိုးအောင်၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် တာဝန်ရှိသူများက ဇူလိုင် ၁၀ ရက် နံနက်က ကွင်းဆင်း စစ်ဆေးပေးခဲ့ကြကြောင်း သိရသည်။



ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဆောင်သော လမ်း၊ တံတား အရည်အသွေး စစ်ဆေးရေးအဖွဲ့သည် ရွှေလောင်း-ဝါးခယ်မ ကားလမ်း အကျယ် ၁၂ ပေမှ ၁၈ ပေအထိ တိုးချဲ့ရာတွင် အသုံးပြုမည့် ကျောက်များ စုဆောင်းထားရှိမှု၊ အရည်အသွေး ပြည့်မှီ၊ မမှီကိုလည်းကောင်း လုပ်ငန်းများစနစ်တကျ ပြီးမြောက်စေရန် စစ်ဆေးပေးခဲ့ကြကြောင်း သိရသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**

## မွေးနေ့မင်္ဂလာဆုတောင်းလွှာ

B. E. C. Bright Star ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ဝင်း Director(Soe Diamond Power Co.,Ltd.)၏(12.7.2016)ရက်နေ့တွင် ကျရောက်သောမွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင်ချစ်သောမိသားစုနှင့်အတူ ဘဝခရီးလမ်းကိုအောင်မြင်စွာလျှောက်လှမ်းနိုင်ပြီး၊ B.E.C ကျောင်းခွဲသစ်များစွာလည်း ထပ်မံဖွင့်လှစ်နိုင်ပြီး၊အနာဂတ်မျိုးဆက်သစ်လူငယ်များအတွက် ကောင်းမွန်သော ပညာရေးလုပ်ငန်းများ အောင်မြင်စွာထမ်းဆောင်နိုင်ပါစေကြောင်း အသက်ရာကျော်ရှည်ပြီး ကျန်းမာ၊ချမ်းသာပါစေကြောင်း၊ Brightstar Education Centre B.E.C INTERNATIONAL SCHOOL Centre (1),(2),(3),(4) ချစ်လှစွာသော ခင်ပွန်းဦးမြင့်စိုး Managing Director (Soe Diamond Power Co.,Ltd) မိခင်ကြီးဒေါ်လှကြည် (METRO)၊ မဟေမာစိုး (ခေတ္တ U. S. A) Associate Degrees in Bussiness, Administration & Liberal Arts. Degree of Hospitality Management ၊မစန္ဒီစိုး (Bachelor of B . M) University of Northampton ၊မောင်ရာဇာစိုး @ဘက်ဂ်ီယိုစိုး IGCSE၊B.E.C ကျောင်းမှ ဆရာ/မ များ၊ ကျောင်းသား/သူ များ၊ ဝန်ထမ်းများမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ဇူလိုင်သားဖအတွက် မွေးနေ့ဆုတောင်း

ချစ်ခင်ပွန်း ဦးဇော်ဝင်း(ခ)ဦးဇော်ဝင်းအောင် (ဝင်းမိသားစု ဂဝံကျောက် ရောင်းဝယ်ရေး) မော်ဘီမြို့နှင့် ချစ်သမီး သဇင်ဝင်းအောင်(BE-IT)တို့၏ ဇူလိုင်လတွင် ကျရောက်သော မွေးနေ့မှစ၍ အသက်ရာကျော်ရှည်ပြီး သာသနာ့အကျိုး၊ နိုင်ငံအကျိုးကို သယ်ပိုးနိုင်သော ချစ်ခင်ပွန်းနှင့် ချစ်သမီးများဖြစ်ကြပါစေ။

ချစ်ဇနီး ဒေါ်ဝင်းဝင်းမော် (ဝင်းမိသားစု ဂဝံကျောက် ရောင်းဝယ်ရေး)
သားကြီး ဇော်ဝေထူး (BE-MP)မော်ဘီမြို့
သမီးငယ် ကြာညိုသင်း

## ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)
## ဟောပြောပွဲကျင်းပမည်

| | |
|---|---|
| ဟောပြောပွဲခေါင်းစဉ် | - ဥရောပယူနီယံမှ ဗြိတိန်နိုင်ငံထွက်ရှိမှု၏ ဘဏ္ဍာရေးအကျိုးဆက်များ |
| ဟောပြောမည့်သူ | - ဒေါက်တာမောင်မောင်သိမ်း [ဒုတိယဝန်ကြီး(ငြိမ်း)၊ ဘဏ္ဍာရေးဝန်ကြီးဌာန] |
| ကျင်းပမည့်နေ့နှင့် အချိန် | - ၂၀၁၆ခုနှစ်၊ ဇူလိုင်လ ၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၈း၀၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီအထိ။ |
| ကျင်းပမည့်နေရာ | - ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းခန်းမ၊ ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ |
| ဆက်သွယ်ရမည့်သူ | - ဦးအောင်နိုင်ထွန်း၊ (၀၉-၄၂၁၁၀၂၂၈၂၊ ၀၁-၈၆၁၀၃၆၂) MICPAရုံးခန်း (၀၉-၃၁၇၁၈၁၄၉) |

**APM Group**
**(Car Rental)**
မြို့တွင်း/နယ်ဝေး/လချုပ်
ကားလေးမျိုးစုံ
ဈေးနှုန်းချိုသာစွာဖြင့် အငှား လိုက်သည်။
**Ph: 01-546788,09-960027766**

**ကား** မျိုးစုံ
(Alphard/Crown/MarkII/...
Hiace ...
Ph : 09795549249၊ 095418126

**MIHARA CAR RENTAL**
ဖြဝတီ – ပဲသောက် ခရီးစဉ် အပတ်စဉ်
(၂)ညအိပ် (၃)ရက် – ၉၅,၀၀၀ / ကျပ် (၃)ညအိပ် (၄)ရက် – ၁၃၀,၀၀၀ / ကျပ်
ခရီးစဉ်မျိုးစုံအတွက် ကားစင်းလုံးငှား ဝန်ဆောင်မှုပေးပါသည်။ (၃)ယောက်မှ (၁၄)ယောက်စီး အထိ
**Ph: 09-49218700, 09-5025400, 09-43124072**

Home Since 1996
Think of House, think of Home
ဝါဆိုပွဲတော်ကာလအထူး




၁ ကျင်းဝယ် → ၁ ကျင်း လက်ဆောင်
Buy Floor Get Wall



ဝယ်ယူသည့်ကျင်းအလိုက် လက်ဆောင်ပစ္စည်းများကို စီစဉ်ထားပါသည်

** Selected items only
** Terms & conditions applied

Branch Showroom > No.11, မင်းကြီးလမ်း၊ အင်းစိန်ဆေးရုံဘေး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ 09 79 700 7074 09 79 700 7084

FAME **Nature-A®**
Carotenoid complex
သဘာဝ ဆေး
TMR 009439 (1014)
၂/ ၂၀၁၅ ...
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME **Phototec®**
Natural antioxidant for eye
မျက်စိဆေး
TMR 008234 (1115)
၂/ ၂၀၁၅ ...
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified

**SAMSUNG** **Galaxy J6**

## ပိုမိုကောင်းမွန်သော ဘဝအတွက် Galaxy J5 | J7 2016




SAMSUNG Galaxy J7 2016
SAMSUNG Galaxy J5 2016

ဒေတာသုံးစွဲမှု ကုန်ကျစရိတ် ကိုသက်သာစေမည့်
Ultra-Data Saving mode*

မြန်မာနိုင်ငံတွင် လိုင်းဆွဲအားအကောင်းဆုံး
Best Signal

မေတ္တာလက်ဆောင်
16GB Micro SD Card

(*ဒေတာလျှော့ချမှုတွင် Youtube နှင့် Web Browser သုံးစွဲခြင်း အတွက်သာလျှော့ချပေးသည်။ Facebook နှင့် COC သုံးစွဲခြင်း မပါဝင်ပါ။)

samsungmobilemyanmar samsungmyanmar samsungmyanmar
Call Center 01 2399 888 (Mon-Sun) 8AM to 6PM
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။
SAMSUNG

# 5TH MYANMAR PLAS PRINT PACK FOODTEK AGROTEK

မြန်မာနိုင်ငံ၏ ပလတ်စတစ်၊ပုံနှိပ်၊ကုန်ထုပ်ပိုးမှု၊ စိုက်ပျိုးရေးနှင့်စားသောက်ကုန် အစရှိသည့်စက်မှုလုပ်ငန်းပြပွဲကြီး

ကုန်စည်ပြပွဲကိုလာရောက်ပါက ဒိုင်နှင့် တိုက်ရိုက် ဆွေးနွေးမေးမြန်းညှိနှိုင်းနိုင်ပါသည်။

- ၂၅၀ ကုမ္ပဏီမှပါဝင်ပြသမည်။
- နိုင်ငံပေါင်း ၁၃ နိုင်ငံ

စက်ပစ္စည်းမျိုးပေါင်း ၆၀၀ ကျော်နှင့်တကွအပိုပစ္စည်းများပြသမည့်စက်မှုကုန်ပြပွဲကြီး။

SAVE THE DATE

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ၊ ၁၅ရက်နေ့ မှ ၁၈ ရက်နေ့ထိ

- ၁၅ ရက်နေ့ မှ ၁၇ ရက်နေ့ ၊ နံနက် ၁၀နာရီ မှ ညနေ ၄း၃၀ ထိ ။
- ၁၈ ရက်နေ့ ။ နံနက် ၁၀နာရီ မှ ၂ နာရီ ထိ။

MEP Myanmar Event Park
Shin Saw Pu Rd, Yangon, Myanmar
www.myanmar-expo.com/plasprintpack
myokyiphyutun25@gmail.com 01-9010753 / 01-9010754




အွန်လိုင်းတွင်ကြိုတင်စာရင်း ပေးသွင်းနိုင်ပါသည်။
www.myanmar-expo.com/plasprintpack/visitorReg.asp

PASS
ကြိုတင်စာရင်းပေးသွင်းခြင်းဖြင့်မြန်ဆန်စွာဝင်ရောက်နိုင်ခြင်း၊ပြပွဲလမ်းညွှန်စာအုပ်ထုတ်ယူနိုင်ခြင်း နှင့် လက်ဆောင်များထုတ်ယူနိုင်ခြင်း ။

Organizer: Yorkers Trade & Marketing Service Co., Ltd.
Co-Organizer: Myanmar Plastics Industry Association (MPIA)
Official Supporter: Republic of the Union of Myanmar Federation of Chambers of Commerce & Industry (U.M.F.C.C.I.)
Myanmar Printers & Publishers Association (MPPA)
Myanmar Food Processors and Exporters Association (MFPEA)
Event Management: Chan Chao International Co., Ltd.




ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
MECHINICAL CAR PARKING










TPW
No. (31), Room (5), 7 Miles, Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46

အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။



Armstrong
ဆေးရုံဆေးခန်း ကျန်းမာရေးဌာနများအတွက် အသင့်တော်ဆုံး
HEALTHCARE SOLUTION FLOORING




Marketed by: Home Distribution Group
Building – N , Room No. (33,34) သီရိရတနာ လက်ကားဈေး၊ သုဓမ္မာလမ်း၊ အောင်မင်္ဂလာ အဝေးပြေး ကားဝင်းအနီး၊မြောက်ဥက္ကလာပ၊
09 79 700 70 88
09 79 700 70 99



## ရောင်းမည်

သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်(၃)လမ်း၊ (၆)လမ်း၊ (၉)လမ်းရှိ မြေညီထပ်မှ (၆)လွှာအထိ တိုက်ခန်းများကို ဈေးနှုန်းချိုသာစွာဖြင့် အမြန်ရောင်းမည်။ (B.C.C ရရှိပြီး)
ဖုန်း-၀၉-၅၄၅၁၁၈၁၁၊ ၀၉-၇၇၀၉၅၆၇၇၊ ၀၉-၅၀၀၂၉၃၁



## စက်သုံးဆီအရောင်းဆိုင်များရောင်းမည်။

မန္တလေးတိုင်းဒေသကြီး၊မိတ္ထီလာမြို့(၁၁သမ၂၂ ၈က)နှင့်စဉ့်ကိုင်မြို့(၁၁သမ ၅၈က)တို့တွင် တရားဝင်လိုင်စင်ဖြင့်လက်ရှိဖွင့်လှစ်ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်(၂)ဆိုင်အား ရောင်းရန်ရှိပါသည်။ ဖုန်း – ၀၉– ၅၁၀၇၀၅၈ ၊ ၀၉– ၇၉၇၅၂၄၆၃၆
၀၉–၂၆၃၆၂၁၅၀၄ ၊ ၀၉– ၇၈၈၉၀၆၅၆၀



## ပိုင်ရှင်ကိုယ်တိုင် ရောင်း/ငှားမည်

၁။ ရွှေပြည်သာ၊ အမှတ်(၄)လမ်းမကြီး၊ (လမ်းမတန်းမေးတင်)၊ မင်းမဟာဓာတ်ဆီဆိုင်အနီး၊ လယ်ဂရန်မြေ(လ. နလျှောက်၍ စက်ရုံ၊ အလုပ်ရုံများ လုပ်ကိုင်ခွင့်ရှိ)၊ စုစုပေါင်း(၁၂. ၅)ဧက ပိုင်း၍ ရောင်းမည်။ တစ်ဧက ကျပ်သိန်း-၃၅၀၀ (ရောင်း)၊ ညှိနှိုင်း (ငှား)
၂။ မရမ်းကုန်း၊ အောင်သိဒ္ဓိလမ်းမကြီးပေါ်ရှိ ပေ (၆၀×၅၂) ဂရန်မြေ မင်းဓမ္မလမ်းဘက်အခြမ်းနှင့်နီး၊ ကျပ်၁၅သိန်း (ငှား)
၃။ မင်္ဂလာဒုံကြံခင်းစု၊ သိဒ္ဓိလမ်းနှင့်သစ္စာလမ်း မျက်နှာနှစ်ဖက်ပွင့် ပေ(၇၅×၂၄၀)၊ ညှိနှိုင်းဈေး (ငှား)

ဆက်သွယ်ရန်ဖုန်း-၀၉-၉၇၅၇၅၁၈၁၉



## ရွှေပြည်သာလမ်းမတန်းမြေကွက်ရောင်းမည်

စီးပွားရေးလုပ်ငန်းကောင်း၊ မဟာမြိုင်လမ်းမပေါ် (ဘုရင့်နောင်လမ်းဆုံနှင့် ကိုက် ၁၀၀အကွာ) ၂၀၆ပေ × ၁၂၀ပေ၊ ပါမစ်မြေ ၉/၃ ရပ်ကွက်၊ ပန်းခြံ ၁၁၊ ၉၉ မီနီဘတ်စ်ဂိတ်ဆုံး
သိန်း (၈၅၀) ညှိနှိုင်း။ : 0943021001


မြို့ ရွာ တစ် ခွင် သာ စေ ချင် မီး တွင် မ ပေါ့ နှင့်




ပါမောက္ခချုပ် (ငြိမ်း)၊ ပါမောက္ခ (ငြိမ်း)နှင့် ဝါရင့်ဆရာကြီးများကိုယ်တိုင် ဦးစီးသင်ကြားသော
UMG COLLEGE မှဖွင့်လှစ်သည့် HND (UK) သင်တန်းများ

သင်တန်းပြီးဆုံးသည်နှင့်တစ်ပြိုင်နက် လုပ်ငန်းခွင်လက်တွေ့ Internship Training ပါ ပြုလုပ်ပေးမည့် အခွင့်အရေးကို ရယူဖမ်းဆုပ်လိုက်ပါ။

- Business Management
- Information Technology
- Mechanical Engineering
- Civil Engineering
- Electrical and Electronic Engineering



UK, Australia, Singapore အစရှိသော နိုင်ငံတကာတက္ကသိုလ်များတွင် Top-up Course များကို ဆက်လက် တက်ရောက်နိုင်ပြီး B.A(Hons) (သို့) B.Sc(Hons) ဘွဲ့ကို ရယူနိုင်မည့် အခွင့်အရေး

သီရိမင်္ဂလာဈေးဟောင်း၊ ပထမထပ်(ယာ)၊ ကမ်းနားလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - (၀၁) ၂၁၅၆ ၇၈-၉ (လိုင်းခွဲ - ၂၁၃၊ ၂၁၉)
မိုဘိုင်း - ၀၉ ၉၇၇၈ ၃၅၃၃၆၊ ၀၉ ၉၇၇၈၃၅၂၂၂၊ ၀၉ ၂၅၆၄ ၅၀၀၀၉

HND edexcel Approved Centre
www.facebook.com/umgcollege
Website: www.umgcollege.com

GOLDEN STAR
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph: 01 707062, 09 799100100
01 703790, 09 797100100

မြပိုးသား ထူးထူးခြားခြားဒါနခရီးစဉ်များ
Ph: 09425334456, 0949323965, 0949578205

NELC
Don't Worry, Just Speak!
NELC

* တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ အတွက်
Communicative English Classes
- Intro
- Level -1,2,3
- Listening /Speaking -1 & 2
- Grammar
- IELTS Foundation

Enroll Now!




စသည့် English Language အတန်းများကို
NELC တွင်တက်ရောက်နိုင်ပါသည်။

မြေနီကုန်း - 526311, 523680  ဗိုလ်အောင်ကျော် - 01 256516~7  မန္တလေး - 09 91023900
ပြင်ဦးလွင် - 09 400306019  လားရှိုး - 082 26611  တာချီလိတ် - 084 52572

MCC.p
MCC Polytechnic College များဖွင့်ပါပြီ



ဘွဲ့၊ ဒီဂရီများအထိ ဆက်လက်သင်ယူနိုင်သော ဒီပလိုမာ သင်တန်းများကို တက်ရောက်နိုင်ပါပြီ

BTEC - HND (Level - 4 and Level - 5) အင်ဂျင်နီယာ ဒီပလိုမာ
- Construction & the Built Environment (Civil Engineering)
- Mechanical Engineering
- Electrical and Electronic Engineering

BTEC - HND (Level - 4 and Level - 5) ကွန်ပျူတာ ဒီပလိုမာ
- Computing & Systems Development

MITT ဆက်သွယ်ရေး အင်ဂျင်နီယာ ဒီပလိုမာ/ဘွဲ့၊ ဒီဂရီ
- Telecommunication Engineering Diploma/ Degree

ဖွင့်ရက် 18 July

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် ဘွဲ့ရပြီးသူများ၊ အစဝေးသင်တက်ရောက်သူများ၊ အလုပ်တဖက်နဲ့ မအားလပ်သူများအတွက် အချိန်ပြည့်/အချိန်ပိုင်း သင်တန်း အမြန်တက်ရောက်နိုင်ပါပြီ။ Full Time (Mon-Fri) / Part Time (Sat-Sun)

BTEC edexcel Middlesex University London HUAWEI

MCC Polytechnic College (Yangon) - 01-245762, 01-652236, 01-652237, 01-249152
MCC Polytechnic College (Mandalay) - 09-91034062, 09-402671562, 02-77930
MCC Polytechnic College (Naypyitaw) - 09-31354842, 09-254148940
MCC Polytechnic College (Monywa) - 09-965676777, 09-265333120,
MCC Polytechnic College (Pathein) - 09-451 888 373, 09- 773 510 899
MCC Polytechnic College (Yatanarpon) - 02-5178112, 02-5178132, 02-5178113

ရွှေကံနှင့်ရီ
(MOVING HOUSING SERVICE)
အိမ်ပြောင်း၊ အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း
အိမ်ခန်း၊ ဆိုင်ခန်း၊ ရုံးခန်း၊ ဂိုဒေါင်၊ စက်ကိရိယာ၊ ဌာနဆိုင်ရာရုံးခန်းများ ပြောင်းရွှေ့လိုပါက 10', 14', 15', 16', 17', 24', 10 ဘီး၊ 12 ဘီး ကားများနှင့် အလုပ်သမားများ တပါတည်း ပြောင်းရွှေ့ပေးနေသည်။
(မြို့တွင်း / နယ်ဝေး)
Ph: 09 2532 77776, 09 2532 66667
09 2532 66668, 09 2532 66669

ဒဂုံမြို့သစ်
အရှေ့ပိုင်း
အိပ်တဝ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

SCI™
STYLE · CONCEPT · INNOVATION
Cabinet Gallery
Have you found the best deals in Kitchen & Wardrobe?





Buy Kitchen Cabinet



Get Free
Rinnai Hood + FAGOR Gas Hob



အမှတ်(၁၃/အေ)၊ ကမ္ဘာအေးဘုရားလမ်း (ဂန္ဓမာလမ်းထောင့်အနီး)၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှေ့၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph : 09 73126362, 01 665467


သစ် ပင် စိုက် ပါ ဒို့ က မ္ဘာ သာ ယာ လှ ပ စိမ်း မြ မြ




ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
**အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း**

၁။ အောက်ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါ အမှတ် | ပစ္စည်း/လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၄၈/မမ/CE<br>၄၉/မမ/CE | တိုင်းအမှတ် (၈) မော်လမြိုင်<br>- ထားဝယ်နှင့် ဆိပ်ကမ်းဘူတာကြား မိုင် ၃၇၁ တွင် ၂၀ ပေ Span Slab တံတား တည်ဆောက်ခြင်း<br>- တောင်ဘုံ-ပလိုင်ကီးကြား မိုင် ၂၅၈/၁၈-၁၉ ရှိ တံတားအမှတ် (၁၇၇) ၆ ပေ Arch တံတားအား Span Girder တံတားအဖြစ် ပြောင်းလဲတည်ဆောက်ခြင်း |
| ၂ | ၅၀/မမ/CE<br>၅၁/မမ/CE<br>၅၂/မမ/CE | တိုင်းအမှတ် (၉) ဟသ်ာတ<br>- ယိုးဒယားတက်-လှည်းဆိပ်ဘူတာကြား မိုင် ၁၅၈/၁-၂ ရှိ တံတားအမှတ် (၈၈) ကမ်းကပ်နံ့(၂)ခု အသစ် ပြန်လည်တည်ဆောက်ခြင်း<br>- မြို့ကွင်းတံတား ဆင့်တုံးနှင့် ကြမ်းခင်းတုံးများ အသစ်လဲလှယ်ခြင်း<br>- မြို့ကွင်းတံတား ဟသ်ာတဘက်ခြမ်း ကမ်းကပ်နံ့ ကျောက်ကြီးစီ မြေထိန်းနံရံ ပြုလုပ်ခြင်း |
| ၃ | ၅၃/မမ/CE | တိုင်းအမှတ်(၁၀)ပခုက္ကူ<br>- လက်ပံ-ကန်ကြား မိုင် ၆၄၇/၀-၁ တွင် ၆ ပေ Span Slab တံတား အသစ် တည်ဆောက်ခြင်း |
| ၄ | ၅၄/မမ/CE | တိုင်းအမှတ် (၉) ဟသ်ာတ<br>- မြို့ကွင်းတံတား ဟသ်ာတဘက် ကမ်းကပ်နံ့ ရေဆန်ဘက် သံလမ်းဗိုင်ရိုက်၍ ကျောက်ကြီးစီထပ်ခြင်း |
| ၅ | ၄၀/မမ/CE | - 75 lb Point & Crossing (၂)မျိုး (45)Set ဝယ်ယူရန် |

တင်ဒါပိတ်မည့် နေ့/အချိန် - အမှတ်စဉ်(၁)မှ(၃) ၂၅.၇.၂၀၁၆ (တနင်္လာနေ့ ) (၁၄ . ၃၀)နာရီ
အမှတ်စဉ်(၄)မှ(၅) ၁၁.၈.၂၀၁၆ (ကြာသာပတေးနေ့)(၁၄ . ၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်( ၁၁. ၇ .၂၀၁၆)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ် ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-294352,291994




**"ရွှေစည်"**
အိမ်ပြောင်း၊ အိမ်ရွှေ့နှင့်
ကုန်စည်ဝန်ဆောင်မှု
လုပ်သားပါ ညှိနှိုင်းဈေးဖြင့်
ဝန်ဆောင်မှုပေးသည်။
09-73122029, 09-8615420

**GW** 0973226006 0973133528 0973077569
အိမ်ပြောင်းအိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ
ဝန်ဆောင်မှုပေးသည်။ နယ်
အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559



**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဗိုလ်မှူးကြီးလှသောင်းမြင့်(ငြိမ်း)

**D.S.A (11) Intake**

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ကညန**

**ဒုတိယဥက္ကဋ္ဌ(ငြိမ်း) မထသ(ဗဟို)**

**အသက်(၇၀)**

သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ လမ်းမတော်ရပ်နေ (ဦးကျော်သန်း-ဒေါ်ရင်)တို့၏ သားငယ်၊ ရန်ကုန်မြို့၊ ပါရမီနေ ဦးရွှေကိုး-ဒေါ်တင်တင်မြင့်တို့၏သားသမက်၊ အမှတ် (၆၆)၊ မြလမ်းသွယ်(၂)၊ရတနာအိမ်ရာ၊ သာကေတမြို့နယ်နေ (ဒေါ်စန်းစန်းမြ)နှင့်ဒေါ်သက်နွယ်ဦးတို့၏ ချစ်လှစွာသောခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီး ဇင်မင်းအောင်-ဒေါ်ပပစန်းမြင့်၊ ဦးအောင်သူရကျော်-ဒေါ်စိမ်းမြမြ၊ ဦးမောင်မောင်ဝဏ္ဏကျော်-ဒေါ်ရင်မာဦးတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မောင်ဖွဲ့ထိုက်လွန်း၊ မောင်ကောင်းခန့်ကျော်၊ မပျိုးထိုက်လွန်းတို့၏ ချစ်လှစွာသော ဘိုးဘိုးသည် ၁၀-၇-၂၀၁၆ (တနင်္လာနေ့) ည ၈း၄၅နာရီတွင် ရန်ကုန်ဆေးရုံကြီး နှလုံးရောဂါကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၆ (အင်္ဂါနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးကြီးလှသောင်းမြင့် (ငြိမ်း)

**အသက် (၇၀)**

**စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၁)**

ပဲခူးတိုင်းဒေသကြီး၊ သုံးဆယ်မြို့နေ (ဦးကျော်သန်း-ဒေါ်ရင်)တို့၏ သား၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အမှတ် (၆၆)၊ မြလမ်းသွယ် (၂)၊ ရတနာအိမ်ရာနေ ဗိုလ်မှူးကြီး လှသောင်းမြင့်(ငြိမ်း) အသက် (၇၀)သည် ၁၀-၇-၂၀၁၆ ရက် ည ၈း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်**

**မိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ကြည်း-၁၁၅၂၇ ဗိုလ်မှူးကြီးလှသောင်းမြင့်(ငြိမ်း)

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ကညန**

**ဒုတိယဥက္ကဋ္ဌ(ငြိမ်း) မထသ(ဗဟို)**

**စစ်တက္ကသိုလ်အမှတ်စဉ်(၁၁) အသင်းဥက္ကဋ္ဌ**

**အသက်(၇၀)**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့နေ (ဦးကျော်သန်း-ဒေါ်ရင်)တို့၏သားငယ်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာနေ ဦးရွှေကိုး-ဒေါ်တင်တင်မြင့်တို့၏သားသမက်၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရတနာအိမ်ရာ၊ မြလမ်းသွယ်(၂)၊ အမှတ်(၆၆)နေ (ဒေါ်စန်းစန်းမြ)နှင့် ဒေါ်သက်နွယ်ဦးတို့၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးကြီးလှသောင်းမြင့်(ငြိမ်း)သည် ၁၀-၇-၂၀၁၆ (တနင်္လာနေ့) ည ၈း၄၅နာရီတွင် ရန်ကုန်ဆေးရုံကြီး နှလုံးရောဂါကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၆ရက် ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းနှင့် မိသားစုများနှင့်ထပ်တူ ဝမ်းနည်းပါကြောင်း ဖော်ပြအပ်ပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၁၁)**

**သူငယ်ချင်းများနှင့်မိသားစုများ**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးလှသောင်းမြင့်

**ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြလမ်းသွယ်(၂)လမ်း၊ ရတနာအိမ်ရာ၊ အမှတ်(၆၆)နေ ဒေါ်သက်နွယ်ဦး၏ချစ်လှစွာသောခင်ပွန်း ဦးလှသောင်းမြင့် (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)သည် ၁၀-၇-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးခင်ဆွေ (B.E Electronic 1985)**

**RC (1) ကျောင်းသားဟောင်း**

သူငယ်ချင်း ခင်ဆွေသည် ၅-၇-၂၀၁၆ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ခရစ်လမ်း အုတ်ခုံ၊ လမ်း (၅၀) မှ သူငယ်ချင်းများ**

---

## ဆရာဦးအောင်မြင့် အသက်(၆၀)

**အ-လ-ပြ၊ အ-ထ-က (ဆင်ဖြူကျွန်း)**

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်း၊ မြောက်ရွာတောကျေးရွာအုပ်စုနေ ဦးကြည်ဝင်း-ဒေါ်ခင်ဆွေမြင့်၊ ဦးရဲမြင့်တို့၏ညီ၊ ဒေါ်သန်းသန်းနု [က-စ-လ(၂)၊ ဇလွန်]၏အစ်ကို၊ ဆရာမ ဒေါ်ညိုညိုဝင်း(အ-ထ-ပြ၊ ငြိမ်း)၏ခင်ပွန်း၊ ဗိုလ်မှူးအောင်ကောင်းမြတ်-ဒေါ်မွန်မွန်သန့်၊ ဦးစံထား (အေးရိပ်ညို ကိုယ်ပိုင်အထက်တန်းကျောင်း)-ဒေါ်အိပိုင်မို့မို့ကျော် (MAB Bank၊ မကွေး)၊ မောင်သက်ဆွေ (UCSM)တို့၏ဖခင်သည် ၁၀-၇-၂၀၁၆ (တနင်္ဂနွေနေ့) ည ၉း၃၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၆ (တနင်္လာနေ့)တွင် မြောက်ရွာတောသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် တပည့်အားလုံးတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အနိစ္စ

**ဘီးလင်းမြို့နယ်အသင်း(ရန်ကုန်)**

## ဦးတင်မောင်ဦး(သထုံ/ဘီးလင်း)

**အသက် (၇၂)နှစ်**

**M.E (MN-Japan)**

**အလုပ်ရုံမှူး(ငြိမ်း)၊ စက်မှုအင်ဂျင်နီယာဌာန၊ရန်ကုန်စက်မှုတက္ကသိုလ်**

U.S.A၊ ကယ်လီဖိုးနီးယားနေ (ဦးဘီယာ-ဒေါ်ကြင်ပန်)တို့၏ သား၊ ဒေါ်သီတာဆွေ၏ခင်ပွန်း၊ ရာသက်ပန်အသင်းဝင်များဖြစ်သော ဒေါ်ညွန့်ညွန့်ကျင်-ဦးတင်အောင်၊ ဒေါ်အေးအေး-ဦးဖိုးသိန်း၊ ဦးတင်လွမ်း-ဒေါ်စန်းနေနွယ်၊ Dr.လှလှကျင်-Dr.တင်မောင်လှ၊ (Dr. အောင်မော်)၊ Dr.ခင်ငွေးကျင်-Dr. ဝင်းနိုင်၊ (ဦးခင်ဇော်)-ဒေါ်သီသီဦး၊ Dr. တင်မောင်သူ-ဒေါ်တင်တင်မွန်တို့၏ မောင်/အစ်ကို ရာသက်ပန်အသင်းဝင် အမှတ်(၆၀၂)ဦးတင်မောင်ဦးသည် ၈-၇-၂၀၁၆ (သောကြာနေ့) ဒေသစံတော်ချိန် ဝ၀း၃၅နာရီတွင် ကွယ်လွန်သွားပါကြောင်း အသင်းသူ/အသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

## ဒေါ်သန်းရွှေ (၇၁)နှစ်

**အထက-၁၊ ဒဂုံ-ငြိမ်း**

ဧရာဝတီတိုင်း၊ ဒေးဒရဲမြို့နေ (ဦးအုံး-ဒေါ်သောင်း)တို့၏ သမီးကြီး၊ အမှတ် (၂၈)၊ အခန်းအမှတ်(၃/က)၊ ရေတာရှည်လမ်းသစ်နေ ဦးသန်းထွန်း၏ ဇနီး၊ ကိုစိုးမိုးမြင့်-မနီလာသန်းထွန်းတို့၏ချစ်လှစွာသောမိခင်၊ မသဲစန္ဒီထွန်း၊ မောင်ခန့်ထွန်းတို့၏အဘွား ဒေါ်သန်းရွှေသည် ၁၁-၇-၂၀၁၆ ရက် မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၆ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၇-၂၀၁၆ ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဟင်္သာတအသင်း(ရန်ကုန်)**

## ဒေါ်တင်တင်ဝင်း (၆၅)နှစ်

ဟင်္သာတမြို့နေ ဦးတင်ကို(ဥက္ကဋ္ဌ၊ ပထမပုဂ္ဂလိကဘဏ်ခွဲ)၏ဇနီး အသင်းဝင် ဒေါ်တင်တင်ဝင်းသည် ၇-၇-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၆ရက်တွင် ဟင်္သာတမြို့၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ၊ အသင်းသားများအား အကြောင်းကြားသိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဟင်္သာတအသင်း(ရန်ကုန်)

---

**သာသနာ့ဒါယကာကြီး**

## သီရိသုဓမ္မမဏိဇောတဓရ ကေသီပန် ဦးလှမြင့်

**(အမျိုးသားစာပေဆုရှင်)**

**အသက် (၈၄) နှစ်**

ရန်ကုန်မြို့နေ (ဦးအောင်မြင့်)-ဒေါ်မြသိန်း၊ ဦးအေးစိုး-ဒေါ်ခင်ဝင်းမြင့်၊ ဦးရန်ငြိမ်း-ဒေါ်ကြင်စော၊ ဦးမင်းအောင်-ဒေါ်သန်းသန်းဝင်းတို့၏ ကျေးဇူးရှင်ဦးလေးဖခင်ကြီး၊ မြေး ၁၁ ယောက်တို့၏အဘိုး သီရိသုဓမ္မမဏိဇောတဓရ အမျိုးသားစာပေဆုရှင် သာသနာ့ဒါယကာကြီး ကျေးဇူးရှင် ကေသီပန်ဦးလှမြင့်သည် ၁၁-၇-၂၀၁၆ (တနင်္လာနေ့) နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၇-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ တာမွေမြို့နယ်၊ မာန်အောင်ရပ်ကွက်၊ (ဘောက်ထော်)အေးသာယာလမ်း၊ ခြံအမှတ် (4C-A) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**သာသနာ့ဒါယကာကြီး**

## သီရိသုဓမ္မမဏိဇောတဓရ ကေသီပန် ဦးလှမြင့်

**(အမျိုးသားစာပေဆုရှင်)**

**အသက် (၈၄)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မာန်အောင်ရပ်ကွက်၊ (ဘောက်ထော်) အေးသာယာလမ်း၊ ခြံအမှတ် (4C-A)နေ ကေသီပန်တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးမှ ဦးကြည်စိုး-ဒေါ်ငွေးငွေးရီတို့၏ဖခင်၊ မောင်ကျော်ကျော်ထက်၊ မအိမ့်သဲသဇင်တို့၏အဘိုး သီရိသုဓမ္မမဏိဇောတဓရ အမျိုးသားစာပေဆုရှင် သာသနာ့ဒါယကာကြီး ကျေးဇူးရှင် ကေသီပန်ဦးလှမြင့်သည် ၁၁-၇-၂၀၁၆ (တနင်္လာနေ့) နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၇-၂၀၁၆(တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**

## ဦးမြသွင်(ခ)ကိုပတာနီ (၆၃)နှစ်

မန္တလေးမြို့၊ အိမ်တော်ရာဆင်တံတားလမ်း၊ မြမြင့်မိုရ်သက်န်းတိုက်နေ (မစုစုသွင်)၊ ကိုအောင်ခိုင်လင်း-မပုံ့ပုံ့၊ ကိုထွန်းအောင်ခိုင်-မနှင်းဖြူဖြူဝင်းတို့၏ မွေးသဖခင်၊ မြေးလေးယောက်တို့၏အဘိုး ဒေါ်ကြည်ကြည်အေး၏ ချစ်လှစွာသောခင်ပွန်းသည် ၂၅-၆-၂၀၁၆(စနေနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၆(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ပုပ္ပါးတောင်ကလပ်ကျေးရွာ၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ပိဋကတ်သုံးပုံ၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ တံတိုင်း၊ မုဒ်ဦး၊ ရေတွင်း၊ ရေကန်၊ ကုဋီ ဒါယိကာမကြီး**

## ဒေါ်မြရီ (၉၈)နှစ်

**ပုဂံတောင် / သန်လျင်**

မင်္ဂလာတောင်ညွန့်မြို့နယ်၊ အခန်း (၄၀၅)၊ တိုက်(၃)၊ ကျိုတော်အိမ်ရာနေ (ဒေါ်မြသန်း)၏အစ်မ၊ ဒေါ်ဘေဘီသန်း၏ကြီးကြီး ဒေါ်မြရီသည် ၁၁-၇-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ၁၂-၇-၂၀၁၆ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၇-၂၀၁၆ ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးရန်ဝင်း (၆၄)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ အုန်းချောင်းသောင်လေးရွာသစ်နေ (ဦးအောင်သိန်း-ဒေါ်ကျင်စိန်)တို့၏သားကြီး၊ (ဦးကံထွေး)-ဒေါ်ကျင်နုတို့၏ သားသမက်၊ (ဦးထွေးမောင်)-ဒေါ်သန်းမြင့်၊ (ဦးအောင်ကြည်ဝင်း-ဒေါ်သန်းလှ)တို့၏မောင်၊ (ဦးဝင်းစိုး)- ဒေါ်သန်းသန်းချစ်(ခ)ဒေါ်ချစ်ချစ်၊ ဦးရန်ညွန့်-ဒေါ်ဝင်းတင်၊ ဦးအောင်ကြည်ညွန့်-ဒေါ်သင်းသင်းကြူ တို့၏အစ်ကို၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၇) ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၃၈၉/က)၊ (လှိုင်ထိပ်ထားစတိုး မီးခွက်ဈေး)နေ ကိုငြိမ်းမင်းသူ(ခ) ကိုသူရအောင်-မချောစုလှိုင်၊ ကိုဇော်မင်း-မချောစုမာ၊ မချောစုသန္တာ၊ ကိုထက်ဝေယံ-မဆွေဆွေသက်(အောင်သိဒ္ဓိသက်န်းတိုက်)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မသဒ္ဓါယွန်းစျာန်၊ မောင်လင်္ကာမင်းစျာန်၊ မောင်လင်းမင်းခန့်၊ မဝေဖူးသက်အိမ်(ခ)ဖူးဖူး၊ မြေးလေးယောက်တို့၏ ချစ်လှစွာသောအဘိုး၊ ဒေါ်သိန်းမြင့်၏ချစ်လှစွာသောခင်ပွန်း ဦးရန်ဝင်းသည် ၁၁-၇-၂၀၁၆(တနင်္လာနေ့) နံနက် ဝ၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသောကြောင့် ၁၃-၇-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၇-၂၀၁၆(တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါ လှိုင်ထိပ်ထားစတိုး မိသားစုတို့၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမြင့်ဆွေ အသက်(၇၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောအလယ်ရပ်ကွက်၊ ဖျာပုံလမ်း၊ အမှတ်(၄၄/B)၊ မြေညီထပ်နေ (ဦးဘဇံ-ဒေါ်ညွန့်တင်)တို့၏ သား၊ (ဦးလှ-ဒေါ်စိန်ကြွေ)တို့၏ သားသမက်၊ ဒေါ်ခင်မြစိန်၊ ဒေါ်တင်တင်တို့၏ မောင်၊ (ဒေါ်ယဉ်မြ)၏ခင်ပွန်း၊ ဦးသန့်နိုင်ဆွေ၊ (ဦးကျော်ကျော်ဝင်း)-ဒေါ်နီလာဆွေ၊ ဦးစိုးနိုင်ဆွေ၊ ဒေါ်မာလာဆွေ၊ ဦးအေးနိုင်ဆွေ-ဒေါ်သော်တာဝင်း၊ ဦးဝင်းလွင်-ဒေါ်ဇင်မာဆွေတို့၏ ဖခင်၊ မထက်အိအိလှိုင်၊ မောင်ကျော်ဆုသွေး၊ မချစ်သက်စံ၊ မောင်ကောင်းဆက်လင်းတို့၏အဘိုး ဦးမြင့်ဆွေသည် ၁၀-၇-၂၀၁၆ (တနင်္ဂနွေနေ့) ည ၁၀း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ရွှေတောင်မြို့နယ်အသင်း(ရန်ကုန်)**

## ဦးဟံထွန်း(ဂျော်ဂျီ)

**အသက်(၇၀)**

**ရွှေတောင်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ (၅၃)လမ်း၊ (၉/၁၁)၊ ခုနစ်လွှာနေ ဒေါ်အေးလဲ့ဆွေ၏ခင်ပွန်း ဦးဟံထွန်း(ဂျော်ဂျီ)သည် ၁၀-၇-၂၀၁၆ ရက် ည ၇း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၆ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ မြို့နယ်အသင်းသူ၊ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

---

## ဦးတင်ဦး(ခ)ဦးမောင်ဦး

**M.P.E ဒု-ဆီ (ငြိမ်း)**

**ဗိုလ်တထောင်နိဗ္ဗာန်ဆော်**

**အသက် (၆၇)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အမှတ် (၄၁)၊ မာန်ပြေ (၁၉)လမ်း (အရှေ့)၊ (၃)ရပ်ကွက်နေ (ဦးကျော်ငြိမ်း-ဒေါ်ခင်အေး)တို့၏ သားလတ်၊ ဒေါ်အုန်းသန်း(ခ)သဲသဲ(ခ)ဒေါ်ဥမ္မာမြင့်၏ခင်ပွန်းသည် ၉-၇-၂၀၁၆ (စနေနေ့) ည ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တကောဝိဒ မဟာထေရ်

## သိက္ခာတော် (၇၁)ဝါ၊ သက်တော် (၉၁)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာ အနောက်ရပ်၊ မူလမဟာ မုနိန္ဒာရာမ စကုတိုက်၊ တိုက်အုပ်၊ ရွှေဘိုကျောင်း ပဓာနမဟာနာယက သက်တော်ရှည် ဆရာတော်ကြီးဖြစ်တော်မူသော ဘဒ္ဒန္တကောဝိဒ သိက္ခာတော် (၇၁)ဝါ၊ သက်တော် (၉၁)နှစ် မဟာထေရ်မြတ်ကြီးသည် (၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၆ရက်) ၁၀-၇-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန် တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်) ၁၇-၇-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ဧရိပ်ငြိမ်သုသာန်၌ အန္တိမအဂ္ဂိစျာပန ပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (စကုတိုက်၊ ရွှေဘိုကျောင်းမှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

တပည့်သံဃာများနှင့် တပည့်ဒါယကာ/ဒါယိကာမများ

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးတင်ဝင်း (၇၅)နှစ်

**Chairman Win Enterprise Co., Ltd**

**(စိန်ပေါလ်၊ စိန့်ဂျွန်းကျောင်းသားဟောင်း)**

ရန်ကုန်မြို့၊ အမှတ် (L.71)၊ ကန်ရိပ်သာလမ်းသွယ်(၅)၊ FMI City၊ လှိုင်သာယာမြို့နယ်နေ (ဦးကြီးစိုင်-ဒေါ်စိန်ညွန့်)တို့၏သားထွေး၊ (ဦးဝမ်ရှိန်-ဒေါ်သန်းစိန်)တို့၏သားသမက်၊ (ဦးတင်ရှိန်-ဒေါ်သန်းယုံ)၊ ပါမောက္ခ ဒေါက်တာဦးသိန်းညွန့်-(ဒေါက်တာဒေါ်စီစီ)၊ ဒေါက်တာကြည်လင်-ဒေါက်တာ ဒေါ်အေးအေးမြင့်၊ ဦးဖေကြည်-(ဒေါ်အေးသွယ်)၊ ဦးထွန်းရှိန်-ဒေါ်ကြည်မကောင်း၊ ဦးသော်ကောင်း-ဒေါ်ခင်သန်းတို့၏ညီ/မောင်၊ ဦးသိန်းထွန်း-ဒေါ်တင်စိန်တို့၏ အစ်ကို၊ (ဒေါ်ငွေးငွေး)၏ခင်ပွန်း၊ ဦးခင်မောင်ဝင်း-ဒေါ်တင်ငွေးမင်း၊ ဦးမင်းလွင်-ဒေါ်ဇင်လေးဝင်း၊ ဦးသိန်းနိုင်-ဒေါက်တာသဲသဲဝင်း၊ ဦးစိုးကြီးအောင်-ဒေါက်တာသိုက်သိုက်ဝင်းတို့၏ ချစ်လှစွာသောကျေးဇူးရှင်မွေးသဖခင်၊ မောင်ကျော်ဆက်၊ မဟေသီထက်၊ မပွင့်ဦးခင်၊ မောင်စွမ်းထက်လင်း၊ မောင်မြတ်သူ၊ မဖြူစင်နှင်းယုတို့၏ ချစ်လှစွာသောအဘိုး၊ တူ/တူမ ၁၈ယောက်တို့၏ဦးလေး ဦးတင်ဝင်းသည် ၁၀-၇-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၅း၃၄နာရီတွင် စင်ကာပူနိုင်ငံ Mount Elizabeth Novena ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် စင်ကာပူနိုင်ငံ၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၇-၂၀၁၆(စနေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ကြည်ကြည်ညွန့်(ခ)ဒေါ်ပိုက် အသက်(၇၀)

**(ကျောက်တန်း၊ မင်္ဂလွန်း)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ စက်မှုဇုန် (၃)လမ်း၊ တိုက်(၅)၊ အခန်း(၂၀၃)နေ (ဦးအောင်သန်း-ဒေါ်တင်တင်)တို့၏သမီး၊ (ဦးမောင်နှင်း-ဒေါ်သန်းရွှေ)တို့၏သမီးချွေးမ၊ ဦးအေးငွေး၏ဇနီး၊ ဦးသောင်းအေး-ဒေါ်သိန်းရွှေ၊ ဦးအောင်သန်းဦး-(ဒေါ်ခင်ကြည်)တို့၏အစ်မ၊ ဦးဇော်ဝင်းနိုင်၊ ဦးသန့်ဇင်ဝင်း (ဒုတိယညွှန်ကြားရေးမှူး-အကောက်ခွန်)-ဒေါ်သီသီအေး (ပုဇွန်တောင်စည်ပင်)၊ ဒေါ်နီနီအေး (ပုဇွန်တောင်စည်ပင်)၊ ဦးဝင်းကျော်-ဒေါ်ဖြူဖြူအေး၊ ဒေါ်နှင်းရွှေစင်အေး(ခ)ပေါက်ပေါက်(YCDC)တို့၏မိခင်၊ ဒေါ်နှင်းရည်အေး (အထက-၂သဃ်န်းကျွန်း)၊ ဒေါ်နှင်းယုအေး(အထက-၃၊ တာမွေ)တို့၏ကြီးကြီး၊ မြေး ၁၂ယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီး ဒေါ်ကြည်ကြည်ညွန့်(ခ) ဒေါ်ပိုက်သည် ၁၀-၇-၂၀၁၆ရက် ည ၉း၅၀နာရီတွင် အောင်ရတနာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၇-၂၀၁၆ (စနေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမိုးအောင်ဇံ (၄၆)နှစ်

**Township Coordinator Relife International**

**(မြောက်ဦးရုံးခွဲ)၊ စစ်တွေခရိုင်**

ရန်ကုန်မြို့၊ မရမ်းကုန်း(၁)ရပ်ကွက်၊ ရွှေထီးအိမ်ရာ (၂)၊ အခန်း(၀၀၁)၊ တိုက်(၁၀)နေ (ဦးအောင်ထွန်းဦး-ဒေါ်လှလှဇံ)တို့၏သားကြီး၊ ဦးဦးသိန်းမောင်-ဒေါ်ယဉ်စံဖြူတို့၏သားသမက်၊ ဒေါ်သန္တာဖြူ (Database Analyst, MIMU, UNDP)၏ ခင်ပွန်း၊ မောင်ကောင်းလှဇံ၊ မလှမိုးဖြူတို့၏ချစ်လှစွာသောဖခင်ကြီး၊ ဦးမိုးအောင်မွန် (Captain, Myanmar Airway International)-ဒေါ်ဒါလီစိုးတို့၏အစ်ကိုကြီး၊ မေမိုးဝေဟင်၏ဘကြီး ဦးမိုးအောင်ဇံသည် ၁၀-၇-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၅း၄၅ နာရီတွင် မြောက်ဦးမြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၆(အင်္ဂါနေ့)တွင် စစ်တွေမြို့ အာဂျိပ်တော်ကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်စိန်ယဉ်(စစ်တွေမြို့)

**အသက်(၉၃)နှစ်**

(ဦးအောင်ဖြူခိုင်-ဒေါ်မမနီ)တို့၏ သမီး၊ (ဦးမြဦး-ဒေါ်စံလှဖြူ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းအိမ်ရာ၊ တိုက်(၅)၊ အခန်း(၅)နေ (ဦးလှကျော်)၏ဇနီး၊ ဒေါ်စိန်စိန်-[ဦးစံထွန်း(ခ)ဦးလူဖြူ]တို့၏ အစ်မ၊ ဦးအောင်ကျော်မင်း-ဒေါ်အိအိအောင်၊ ဦးအောင်ကျော်ဇော၊ ဒေါ်မြင့်မြင့်၊ ဦးအောင်ကျော်ထွန်း၊ ဦးအောင်ကျော်မြတို့၏မိခင်၊ မောင်သက်ဟန်ဦး၊ မယမင်းသက်၊ မလှမြသူတို့၏အဘွား ဒေါ်စိန်ယဉ်သည် ၁၀-၇-၂၀၁၆ (တနင်္ဂနွေနေ့) ည ၈း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၆ (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၇-၂၀၁၆ (စနေနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ လယ်တီရိပ်သာကျောင်းတိုက်၊ (၂) ရပ်ကွက်၊ နီလာလမ်း၊ ကမာရွတ်မြို့နယ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဒေါက်တာ ဦးပေါ်အေး(B.Ds)

**အသက် (၆၅)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ အထောင်မြို့နယ်နေ (ဦးလှအောင်-ဒေါ်ကျင်မြ)တို့၏သားကြီး၊ ဒေါ်မြမြငွေး၊ ဦးဝင်းကြည်-ဒေါ်ချစ်လှ၊ (ဦးအောင်ကို)-ဒေါ်အေးအေးမြင့်တို့၏အစ်ကိုကြီး၊ ဦးမင်းစံ-ဒေါ်အေးအေးခိုင်၊ ဦးအောင်ကျော်သူ၊ ဦးအောင်သူရထွန်း-ဒေါ်ဆင့်ဆင့်လှိုင်တို့၏ဖခင်ကြီး၊ မဝင့်စံအိမ်သူ၊ မယွန်းစံအိမ်လင်း၊ မောင်ကောင်းပိုင်ခန့်တို့၏အဘိုး၊ ဒေါ်တင်တင်ငွေး၏ ခင်ပွန်းသည် ၁၁-၇-၂၀၁၆ရက် နံနက် ၇း၁၀ နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၆ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၇-၂၀၁၆ နံနက်တွင် ရွှေပြည်သာမြို့နယ်၊ မင်းလမ်း၊ အမှတ် (၂၉/၃၀၃) နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားမှု ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကြည့်ရှုစစ်ဆေး




ချင်းတွင်းတံတား (ကလေးဝ) တည်ဆောက်မှုလုပ်ငန်းများအား ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဇူလိုင် ၁၁**
လမ်းပန်းဆက်သွယ်ရေး၊ ရေကြီးရေလျှံမှု သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအား ကြည့်ရှုစစ်ဆေးရန် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကလေးဝမြို့ရှိ မြစ်သာမြစ်ကူးတံတား ကြံ့ခိုင်မှုအခြေအနေနှင့် မြစ်သာမြစ် မြစ်ကျဉ်းနေရာများ ရေလမ်းကြောင်းကောင်းမွန်စေရေး ပြုပြင်ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကလေးဝမြို့ အမှတ်(၁)ရပ်ကွက်အတွင်း ရေဝင်ရောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရေဝင်ရောက်ခဲ့သည့် အိမ်ခြေ ၄၈ အိမ်အတွက် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ကလေးဝ၊ မော်လိုက်၊ ဖောင်းပြင်၊ မုံရွာမြို့နယ်များသို့ ပြေးဆွဲနေသည့် အမြန်ရေယာဉ် ကူးတို့ဆိပ်ကိုလည်းကောင်း၊ မြစ်သာမြစ်နှင့် ချင်းတွင်းမြစ်ဆုံနေရာရှိ ကုန်တင်ကုန်ချကူးတို့ဆိပ်ကိုလည်းကောင်း ကြည့်ရှုပြီး ချင်းတွင်းမြစ်ရေ မြင့်တက်မှုအခြေအနေများကို မေးမြန်းကာ ရေကြီးရေလျှံမှုများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရေး၊ ရာသီဥတုဖောက်ပြန်မှုများရှိသည့်အတွက် မြစ်ရေကြီးမှုကာကွယ်ရေးလုပ်ငန်းများအား ရေရှည်အကျိုးကိုကြည့်၍ အလေးထားဆောင်ရွက်ရန် မှာကြားသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

## မန္တလေး-မြစ်ကြီးနား အထူးအမြန်ရထားလက်မှတ်ခများ လျှော့ချ

**မန္တလေး ဇူလိုင် ၁၁**
မန္တလေး-မြစ်ကြီးနားသို့ သွားလာလျက်ရှိသာ ခရီးသွားပြည်သူများ အဆင်ပြေစေရန် အမှတ် (၃၃) အဆန်နှင့် အမှတ် (၃၄)အစုန် အထူးအမြန်ရထားလက်မှတ်ခများကို ဇူလိုင် ၁၁ ရက်မှ စတင်ကာ လျှော့ချပြေးဆွဲပေးလျက်ရှိကြောင်း မြန်မာ့မီးရထားရုံးချုပ်နေပြည်တော်မှ သိရသည်။

မန္တလေး-မြစ်ကြီးနားလမ်းပိုင်းပြေးဆွဲလျက်ရှိသော မီးရထားလက်မှတ်ခများမှာ ယခင်က ရိုးရိုးတန်းလက်မှတ်အား ကျပ် ၉၅၀၀ အဖြစ်မှ ကျပ် ၆၂၀၀ သို့လည်းကောင်း၊ အထက်တန်းတွဲလက်မှတ်အား ယခင်ကျပ် ၁၈၈၀၀ မှ ကျပ်၁၃၀၀၀ သို့ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ○

## ရုပ်ရှင်ရုံ ၁၀၀ စီမံကိန်းတွင် နယ်မြို့များကို ဦးစားပေးမည်

**ရန်ကုန် ဇူလိုင် ၁၁**
ရုပ်ရှင်ရုံ ၁၀၀ စီမံကိန်းတွင် အသုံးပြုရန် ရုပ်ရှင်ရုံသုံး ဒစ်ဂျစ်တယ်ပရိုဂျက်တာများအတွက် Barco ကိုယ်စားလှယ်နှင့် Authorized Installer ဖြစ်သူ Clover Solution Myanmar နှင့် Maze ကုမ္ပဏီတို့ နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးပွဲကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက နိုဗိုတယ်ဟိုတယ်၌ ပြုလုပ်ခဲ့သည်။

အဆိုပါ Barco အမှတ်တံဆိပ် ပရိုဂျက်တာများသည် အမေရိကန်နိုင်ငံအပါအဝင် ကမ္ဘာအဝှမ်းတွင် အကောင်းဆုံးစက်ပစ္စည်းများဖြစ်သည်။ နည်းပညာမြင့်မားသောကြောင့် ရုပ်ထွက်ကြည်လင်ခြင်းနှင့်အသံပိုင်းဆိုင်ရာ ကောင်းမွန်ခြင်းစသည့်အားသာချက်များကြောင့် ရုပ်ရှင်ရုံ ၁၀၀ စီမံကိန်းအတွက် အသုံးပြုရခြင်းဖြစ်သည်ဟု သိရသည်။

"ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်တဲ့အခါမှာ တခြားစက်တွေနဲ့ နှိုင်းယှဉ်ပြီးတော့မှ နောက်ဆုံးဒီစက်တွေကိုအသုံးပြုဖို့ ဘုတ်အဖွဲ့ဝင်တွေအားလုံး ရွေးချယ်ခဲ့တာပါ" ဟု Maze ကုမ္ပဏီ၏ အမှုဆောင်ချုပ် ဦးတင်မောင်ဝင်းက ပြောသည်။

ယင်းစီမံကိန်းကို ကမ္ဘောဇကုမ္ပဏီမှ ငွေကြေးပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုနှင့်အတူ အနုပညာရှင်အချို့ကလည်း ရှယ်ယာထည့်ဝင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ ရုပ်ရှင်ရုံများ တည်ဆောက်ရခြင်းမှာ မြန်မာ့ရုပ်ရှင်ရုံ အခြေခံအဆောက်အအုံ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်စေရန်နှင့် မြန်မာ့ရုပ်ရှင်လောကတွင်း အရည်အသွေးမြင့် ဇာတ်ကားများ ထုတ်လုပ်လာကြစေရန် ရည်ရွယ်သည်။ ယင်းကြောင့် ရုပ်ရှင်ဇာတ်ကားများစွာထဲမှ အကောင်းဆုံးဟု သတ်မှတ်လိုက်သည့် ရုပ်ရှင်ဇာတ်ကားများကိုသာ ရွေးချယ်၍ ပြသသွားမည်ဟု သိရသည်။
**စာမျက်နှာ ၈ ကော်လံ ၂ သို့** ✳

